
www.burmeseclassic.com

# နိုကိုရဲ

ကျွန်တော် နှင့်
ရိုက်ကွင်းပေါ်မှ . . .
အလွဲများ

လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၇၀/၂၀၀၀ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၇၈/၂၀၀၀ (၃)
ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၀
အုပ်ရေ (၅၀၀)
တန်ဖိုး (၃၀) ကျပ်
ထုတ်ဝေသူ
ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ
၈/၉၅၊ အောင်သိဒ္ဓိလမ်း
စော်ဘွားကြီးကုန်း၊ အင်းစိန်
ပုံနှိပ်သူ
ဦးငွေးအောင်
ပြည့်ဖြိုးပိုင်အော့ဖ်ဆက်
အမှတ် ၁၅၊ လမ်း ၁၀၀
မင်္ဂလာတောင်ညွန့်။
မျက်နှာဖုံးပန်းချီ - စောမင်းဝေ
အတွင်းစာစီ - ရွှေစမ်းချောင်းကွန်ပျူတာ

www.burmeseclassic.com

www.burmeseclassic.com

# နီကိုရဲ

## ကျွန်တော်

## နှင့်

## ရိုက်ကွင်းပေါ်မှ...အလွဲများ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

မောင်မျိုး
စီစဉ်သည်

နီကိုရဲ
ကျွန်တော်နှင့်ရိုက်ကွင်းပေါ်မှ...အလွဲများ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ကလေးထဲက အဖြစ်အပျက်တွေဟာ… ကျွန်တော် ဗီဒီယို လောကကို ဇာတ်ညွှန်းရေးသူတစ်ယောက်အနေနဲ့ စတင်ဝင်ရောက်ခဲ့တဲ့ ၁၉၉၃ ခုနှစ်ကနေ အခု ၁၉၉၉ ခုနှစ်အထိ ကြုံတွေ့ရ၊ ကြားရ၊ မြင်ရ တဲ့အထဲက ပျော်စရာ၊ ရယ်စရာကောင်းတဲ့ အဖြစ်အပျက်ကလေးတွေကို သတိတရ အမြဲဖြစ်နေရာက အားလုံး အမှတ်တရဖြစ်အောင်… ရေးမိ တာပါ။

တချို့… သိပ်ရယ်စရာကောင်းတဲ့ ဖြစ်ရပ်လေးတွေ ရှိသေး ကျန်သေးသော်လည်း ကာယကံရှင်ရဲ့ ခွင့်ပြုချက်ကို မယူခဲ့နိုင်လို့ သူ သူဘောတူ မတူ မသိရတဲ့အတွက် ချန်ခဲ့ရတာလေးတွေလည်း ရှိပါတယ်။

ကျွန်တော် ဒီစာအုပ်ကို ရေးရတဲ့အကြောင်းက နှစ်ချက်ရှိပါတယ်။

ပထမတစ်ချက်က…

ကျွန်တော်ကြုံခဲ့တဲ့ ပျော်စရာကို ပရိသတ်လည်း ဖတ်ပြီး ပျော်စေ ချင်တာပါ။

ဒုတိယတစ်ချက်က…

ကျွန်တော်တို့ နေ့စဉ်လုပ်ကိုင်နေကြရတဲ့ ဗီဒီယိုလောကရဲ့ အခက် အခဲ၊ အကြပ်အတည်းနဲ့ ကျွန်တော်တို့ ပြဿနာတွေကို စာဖတ်ပြီး ဗီဒီယိုကြည့်တဲ့အခါ ဝါသနာပါတဲ့ ပရိသတ်သိအောင် တင်ပြချင်တာပါ။

ကျွန်တော်ရေးတာကို ပြုံးစရာတွေ့ရင် ပြုံးပြီး… နားလည်စရာရှိရင် နားလည်ပေးနိုင်ဖို့ ဦးတည်ရေးဖြစ်ခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား…။

ချစ်ခြင်းအားဖြင့်
နိုက်ခိုင်ရဲ



www.burmeseclassic.com

www.burmeseclassic.com


၁။ မင်းအာဇေ ဆုံးပြီ

၂။ လက်ခုပ်တီးရင် ပြေးသာပြေး

၃။ ဒါမဓားနဲ့

၄။ ကတုံးနဲ့မျက်ရည်

၅။ ခြောက်လုံးပြူး

၆။ လက်သီးဘာရိုက်

၇။ တင်းကျောင်နဲ့ နောက်ကျ

၈။ ဖက်ချင်ရင်လည်း ဖက်ပါတော့

၉။ ဝင်လယ်နဲ့ရေနွေးကြမ်း


www.burmeseclassic.com

www.burmeseclassic.com

# မင်းအဝေ ဆုံးပြီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းတော့ ကောင်းကင်ကြီးက ဆေးပြီးသား အပြာရောင် ပန်းကန်တစ်ချပ်လို ကြည်လင်တောက်ပပြီး တိမ်ငြိမ်ထုတွေနဲ့မို့ ရာသီဥတု ကောင်းတယ်လို့ ဆိုရမှာပဲ။

ရာသီက မိုးရာသီကြီးမှာ ရိုက်ရတာဆိုတော့... ကျွန်တော်တို့ ဇာတ်ကားတွေထဲက အရုပ်တစ်ရုပ်မှ မဝင်အောင် လုပ်နိုင်တာဆိုလို့ ကောင်းကင်ကြီးပဲ ရှိပါတယ်။ Producer မျက်နှာ၊ မင်းသား၊ မင်းသမီး မျက်နှာ မသာယာတာထက် ကောင်းကင်မျက်နှာ မသာယာမှာ ပိုကြောက် ကြရတဲ့ အဖြစ်မျိုးပါ။

သိကြတဲ့အတိုင်းပဲ ရန်ကုန်မိုးဆိုတာကလည်း ပြောလို့ရတာမျိုး မဟုတ်ဘူး။ ခု...သာနေပေမယ့် ဆယ်မိနစ်အတွင်း ချက်ချင်း Light-ning ပျောက်၊ မိုးစက်တွေ တဝုန်းဝုန်း ကျချင် ကျလာတတ်တာမျိုး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား…။ ဒါကြောင့်မို့ ဒါရိုက်တာ တော်တော်များများက မိုးတွင်း ရင် ရန်ကုန်ကိုရှောင်ပြီး မိုးပါးတဲ့ (သို့မဟုတ်) မိုးလုံးဝ မရွာတဲ့ မန္တလေး ဒါမှမဟုတ် ပုဂံ၊ ပုပ္ပါး၊ ကျောက်ပန်းတောင်းဘက်တွေကို တက်ကျလေ့ ရှိပါတယ်။

ကျွန်တော်တို့အဖွဲ့ကတော့ အခြေအနေနဲ့ အချိန်အခါကို မလွန်ဆန် နိုင်စွာဘဲ ရန်ကုန်မှာ ရိုက်ကြရတယ်။ ကန်တော့ပွဲတွေ ဘာတွေ ထုံးစံ အတိုင်း ပေးကြတာပါပဲ။ ဒါပေမယ့်… မိုးကတော့ ရွာချင် ရွာတာပါပဲ။ ဘာမှ မတတ်နိုင်ပါဘူး။ မိုးရွာလိုက် ရိုက်ကွင်းနားလိုက်၊ မိုးတိတ်လိုက် ဆက်ရိုက်လိုက်နဲ့ပဲ ကားပြီးဖို့ တစ်ရက်စာ… ခြောက်ခန်းလောက်ပဲ လိုပါတော့တယ်။

ကျွန်တော်တို့ကားရဲ့ မင်းသားက ကျွန်တော်ရေးနေကျ လွင်မိုးပါ။ မင်းသမီးက မေသန်းနုပါ။ ကျန်တဲ့အခန်း ခြောက်ခန်းက ရွာက အခန်း ကလေးတွေပါ။ ဇာတ်လမ်းအရ မင်းသား မြို့မရောက်ခင် ဆိုပါတော့…။ ကျွန်တော်တို့ ဗီဒီယိုမှာ ရွာတို့၊ တောတို့ အခန်းကလေးတွေဆိုရင် သွားရလည်းလွယ်ကူ၊ ရွာနဲ့လည်း အတော်တူတဲ့ သံလျင်ဘက်မှာပဲ သွားရိုက်ကြလေ့ ရှိပါတယ်။

သံလျင်မြို့…နာရီစင်နဲ့ ဆက်သွယ်ရေးစခန်း ကျော်တာနဲ့ မြင်ရတဲ့ မြင်ကွင်းကအစ အားလုံးပြောင်းလဲသွားတာပါ။ စပါးပင်တွေ ရှိတယ်၊ ရွာလမ်းကလေးတွေ ရှိတယ်။ တောတန်း၊ စမ်းချောင်း၊ နွားလှည်း၊ ကောက်ရိုးပုံတွေနဲ့ အေးမြတဲ့ညောင်ပင်ကြီးတွေ အများကြီးပါ။

ကျွန်တော်တို့ ရိုက်ကွင်းကတော့ အဲဒီထက်အများကြီးဝေးတဲ့ ပါဒကြီးဘုရားနောက်ဘက်က ရွာလေးမှာ ရိုက်ကွင်း တည်ထားကြတာပါ။ မနက်…ကျွန်တော့်ကိုလာခေါ်ကတည်းက ရှုတင်မန်နေဂျာလည်း မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်လင်လင်နဲ့။ ရာသီဥတုက ကောင်းနေတာကိုး...။ စက်အဖွဲ့တွေ၊ Side Part သရုပ်ဆောင်တွေနဲ့ ပျော်ပျော်ပါးပါး ဆူညံပြီး သံလျင်ကို ထွက်ခဲ့ကြတယ်။ သုဝဏ္ဏ သာကေတတံတားကြီးပေါ်ရောက်တော့ နေရောင်က ဝင်းပြီး အိနေတာပဲ။ မိုးဆိုတဲ့အရိပ်အရောင် ဘာမှကို မတွေ့ရပါဘူး။

ရှုတင်မန်နေဂျာကလည်း တံတားကြီးပေါ်ဖြတ်တုန်း လှမ်းတွေ့ရတဲ့ ရွှေတိဂုံဘုရားကြီးကို ကားရှေ့ခန်းက ကျွန်တော့်နံဘေးကနေ လက်အုပ်ချီ မျက်စေ့မှိတ် ဆုတောင်းပေါ့လေ...။ သူ့ဆုတောင်းကို ကျွန်တော် သိပါတယ်။ ဒီနေ့ ရာသီဥတုသာယာပါစေ...ဆိုတာကို ပါရမယ်။

ကျွန်တော်လည်း လက်အုပ်မချီပေမယ့် ရင်ထဲမှာတော့ သူ့အတိုင်း ရှိပါတယ်။ ကားရိုက်တာလည်း ကိုးရက်လောက် ရှိပြီဆိုတော့ ဒီအလုပ်ကို ပြီးချင်နေပါပြီ။ ကားတစ်ကားရိုက်တာပဲဖြစ်ဖြစ်၊ ဝတ္ထုရေးတာပဲဖြစ်ဖြစ် အလုံးစုံ ပြီးသွားပြီဆိုရင် တာဝန်က လွတ်ကင်းသွားတဲ့ ပေါ့ပါးမှုကိုရတဲ့ အရသာချင်းကတော့ အတူတူပါပဲ...။ မပြီးမချင်း ဒီတာဝန်ကို စိတ်ထဲမှာ ထိန်းထားရတာကိုး...။ ဒီကား ပြီးသွားလို့ နောက်သုံးလေးရက်နေရင် ဒီမင်းသား၊ ဒီစက်အဖွဲ့နဲ့ပဲ နောက်တစ်ကား ပြန်ရိုက်ရတာဖြစ်ပေမယ့် ဒီတာဝန်ကို ပြီးချင်တာကတော့ တကယ်ပါပဲ။

သံလျင်ရောက်တော့ မင်းသား၊ မင်းသမီး ခဏလေး စောင့်ပြီး ရိုက်ကြတာပါပဲ။ ပါဒကြီးဘုရားအနောက်ဘက် ရွာကလေးမှာပါ...။ မင်းသားက မင်းသမီးကို ရွာသဘာဝ လူပျိုလှည့်တာတို့၊ မင်းသမီးရဲ့ ညောင်ပင်အောက် ချိန်းတွေ့တဲ့အခန်းတို့၊ နွားလှည်းမောင်းတဲ့ အခန်းတို့ ပေါ့လေ...။ လိုအပ်တဲ့ရွာသားတွေကို ကျွန်တော်တို့ငှားထားတဲ့ Side Part တွေရယ်၊ စက်အဖွဲ့က မီးသမား မှန်သမားတွေရယ်၊ ရှုတင်

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာတောင်မှ မနေရပါဘူး၊ ဝင်သရုပ်ဆောင် ရတာပါပဲ…။ ဘွန်တော့်တောင် အတင်းပြောကြပေမယ့် မဖြစ်နိုင်တာကြောင့် လက်ကာပြီး ပါဒ်ကြီးဘုရားဘက် ထွက်ပြေးရတယ်။

ရာသီဥတုက တစ်မနက်လုံး OK ပါ။ မိုးတွင်း နေသာတဲ့အခါ ပတ်ဝန်းကျင်က စိမ်းစိုနေတော့ တော်တော်ရိုက်လို့ကောင်းတဲ့ Lighting ကို ရလေ့ရှိပါတယ်။ ရုပ်ရှင်စကားနဲ့ဆိုရင်တော့ Lighting က အိနေတာပဲပေါ့ဗျာ။

နေ့လည် တစ်နာရီလောက်ကျတော့ မိုးတိမ်က ရုတ်တရက် မှောင်လာတယ်။ ဒါနဲ့ ထမင်းစားဖြုတ်ပြီး ကောင်းကင်ကို ရင်တမမနဲ့ မော့မော့ကြည့်ရတာပေါ့။ ရှုတင်မန်နေဂျာလည်း ရှင်ဥပဂုတ္တပွဲကို ဖယောင်းတိုင်တွေ ဘာတွေ ပြေးထွန်းပေါ့လေ။ ရိုက်စရာအခန်းက လေးခန်းလောက်ပဲ ကျန်တော့တာ မဟုတ်လား။ မိုးဖျက်လိုက်ရင် ပြဿနာတွေက တန်းစီပြီး တက်လာနိုင်တယ်။ ကျန်တဲ့ သုံးလေးခန်းနဲ့ သံလျှင်ကို ပြန်လာရမယ်။ ရှုတင်စရိတ် ထပ်ကုန်မယ်။ စက်အဖွဲ့တွေကို ဂျူတီတိုးပေးရမယ်။ Producer မျက်နှာပျက်ရင် သူ စိတ်ညစ်ရမယ်။ ဒါထက်ဆိုးတာက မင်းသား၊ မင်းသမီးတစ်ယောက်ယောက်က နောက်နေ့နောက်တစ်ကားချိတ်ပြီးသားဆိုရင် မင်းသား မင်းသမီးပြန်ရဖို့ အနည်းဆုံး ဆယ်ရက် တစ်ပါတ် စောင့်ရတော့မယ်။ သူကလည်း ဒီကား ပြီးတာနဲ့ ထိုင်နေလို့ ရတာမဟုတ်ဘဲ။ နောက်ကားကို နောက်မင်းသား၊ နောက် ဒါရိုက်တာနဲ့ ဆက်ပြီး မန်နေဂျာရဦးမှာဆိုတော့ သူ ဟိုကား ရိုက်မပြီးသေးခင် မင်းသားက လက်ကျန်ဖြတ်ဖို့ ရက်ပေးလိုက်ရင် ဟိုဘက်ကိုလည်း ဟိုဘက်အရှိန်အရ ဖြတ်လို့မရ၊ ဒီဘက်ကိုလည်း ဒီဘက်ပြဿနာအရ မပြေးလို့ မရဆိုတော့ သူ တော်တော့်ကို ဒုက္ခရောက်တော့မှာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ (၃၁)ဘုံမှာ အလုပ်အရှုတ်ဆုံး ရှုတင်မန်နေဂျာများဟာ သောက်တာ စားတာ အပထား... ဘုရား တရားလည်း မြဲကြပါတယ်။ ပုဂ္ဂိုလ်၊ ဆရာတွေအပေါ်မှာလည်း အယုံအကြည် ထားကြရပါတယ်။ ဂါထာ တော်တော်များများလည်း အလွတ်ရကြရပါတယ်။ နယ်တွေ ဘာတွေ ထွက်တဲ့အခါ နတ်ကွန်း နတ်စင်တွေ့တာနဲ့ ကားရပ်ရပ်ပြီး ကန်တော့လွန်းလို့ ရှုတင်မန်နေဂျာပါတဲ့ ကားများ တက်စီးမိရင် ခရီးဖင့် တတ်ပါတယ်။

**အခုလည်း** မန်နေဂျာရဲ့ ဂါထာတန်ခိုးလား ဘာလားတော့ အသေအချာမသိပေမယ့် ရာသီဥတုက အုံ့နေရာက နှစ်နာရီလောက်မှာ အရင်အတိုင်း ပြန်ကြည်လင်လာတာနဲ့ ဆက်ရိုက်ကြတယ်။ အားလုံးလည်း ဝမ်းသာသွားတာပေါ့။ တစ်ခန်းပြီးသွားတိုင်း ပြီးသွားတိုင်း လူတွေရင်ထဲက ဖိစီးမှုကလည်း လျော့လျော့လာတော့ ရိုက်ကွင်းက ဆူညံပြီး တက်တက်ကြွကြွနဲ့ တော်တော်ပျော်ဖို့ ကောင်းလာပါတော့တယ်။

နောက်ဆုံးဇာတ်လမ်းအရ တစ်ခန်းပဲ ကျန်ပါတော့တယ်။ ကျန်တဲ့ အခန်းကလည်း အခန်းတိုကလေးပါ။ မင်းသားရဲ့အဖေဆုံးကြောင်း ရွာထဲက ရွာသားတစ်ယောက်က မင်းသားကို လာပြောတဲ့ အခန်းတိုကလေးပါ။ ဗီဒီယိုထဲမှာ စက္ကန့်(၂၀)လောက်ပဲ ရှိတဲ့အခန်း။ ရိုက်ရင်တော့ မီးချိန် Camara Walk ချ ဘာညာနဲ့... နာရီဝက်လောက်ပါပဲ။ ကျန်တဲ့လူတွေတောင်မှ ရှုတင်ကားပေါ်ကို အပြန်ခရီးအတွက် နေရာတွေ ဘာတွေ ဦးနေကြပါပြီ။

ဒါရိုက်တာက တော်တော်နဲ့ အဲဒီအခန်းကို မတည်ပါဘူး။ အချိန်က လည်း လေးနာရီလေးဆယ့်ရှစ်လောက် ရှိနေပါပြီ။ ရိုက်လိုက်ရင် ဘာမှ မကြာတဲ့ အခန်းဆိုတော့ Camara Man တွေတောင် စိတ်မပူပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရိုက်ကွင်းက ခုထိ မတည်သေးဘူး။

ခဏကြာမှ ဒါရိုက်တာက အနားကပ်ပြီး သူ့အခက်အခဲကို ပြောပြတယ်။

"နီကိုရဲ... မောင်မိုးကို အဖေသေကြောင်း လာခေါ်မယ့် ရွာသား တစ်ယောက်မရှိဘူး ဖြစ်နေတယ်။ အဲဒါ...လုပ်ပါဦး"

"ဟာ...စက်အဖွဲ့က တစ်ယောက်ယောက် မရဘူးလား"

"မရဘူး ကိုရဲ၊ ငါ အကုန်ထည့်ရိုက်ထားပြီးပြီ။ ဟိုဘက်ရွာက လူတွေအဖြစ် ထည့်ရိုက်ထားတာ..."

ကျွန်တော်လည်း ဘာပြောရမှန်းမသိဘူး ဖြစ်နေတယ်။ ဇာတ်အရ ဟိုဘက်ရွာက လူတွေက မောင်မိုးကို လာပြေးခေါ်လို့ မရဘူး။ သူတို့ရွာက မင်းသမီးကို မောင်မိုးက ကြိုက်တာဆိုတော့ သူတို့နဲ့က တည့်မှ မတည့်ကြတာ...။

"ကိုဟိန်းမင်းတို့ရော..."

"ပြန်သွားပြီကွ၊ သူတို့အခန်းပြီးတာနဲ့ ဟိုဘက်ကား ရှိလို့ဆို နှစ်နာရီလောက်ကတည်းက ပြန်သွားတာ။ လုပ်ပါဦးကွာ...ဘာမှ မဟုတ်တာလေးနဲ့..."

ကျွန်တော်လည်း ရုတ်တရက် ဘာလုပ်ရမှန်းမသိဘူး။ ဒါရိုက်တာ တောင် စီစဉ်လို့မရတော့ဘူးဆိုတော့ ကျွန်တော်လည်း ဘာမှ မပြောတတ်တော့ဘူး။ မင်းသားကတော့ ဘာမှမသိတဲ့ ပုံစံပဲ...။ ကောက်ရိုးပုံနားမှာ ရပ်ထားတဲ့ နွားလှည်းကို ဟိုကိုင်ကြည့် ဒီကိုင်ကြည့်နဲ့...။ ပွတ်လုံးနဲ့ လုပ်ထားတဲ့ နွားလှည်းကို စိတ်ဝင်စားနေတယ်။ ရွာထဲက ကားရိုက်တာကို လာကြည့်ကြတဲ့ လူကြီးတွေ၊ ကလေးတွေ၊ မိန်းမတွေကလည်း ခြံစည်း ရိုးမှာ လေးငါးဆယ်လောက် တိုးဝှေ့လို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"Lighting ကလည်း သိပ်မလွယ်တော့ဘူးကွ၊ မိုးသားက တက်လာနေပြီ။ လုပ်ကွာ…မင်းပဲ ဒီတစ်ခန်းကို …"

"အာ…ကျွန်တော်တော့ မဖြစ်ဘူး၊ မဖြစ်ဘူးဗျ"

"ဟာကွာ…လုပ်ပါကွာ၊ ဒီဟာလေးကို ငါတို့ အခက်အခဲလည်း မင်း…သိရဲ့သားနဲ့"

ထုံးစံအတိုင်း တစ်မနက်လုံး ထွက်ပြေးနေတဲ့ ကျွန်တော့်ဆီ မြားဦးက လှည့်လာနေပြီ။ ကျွန်တော်ကလည်း လူများတွေကိုသာ အိုက်တင် ဘာညာ သင်လိုက် ရေးလိုက်လုပ်နေတာ…ကိုယ်တိုင်ကတော့ ဓါတ်ပုံရိုက်ရင်တောင်မှ အမြဲတမ်း ရှက်ရှက်နေတတ်တဲ့ကောင်…။ လုံးဝ မဖြစ်။

"ကျွန်တော်ကတော့ မရဘူးဗျာ…၊ ဒါပေမယ့် ဒီလိုလုပ်၊ ဟိုမှာ ရပ်ကြည့်နေတဲ့အထဲက တစ်ယောက်ယောက်ကို ကျွန်တော် စည်းရုံးပေး မယ်။ စိတ်ချ…ရအောင် စီစဉ်ပေးမယ်"

ကျွန်တော့်စကားကြောင့် ဒါရိုက်တာလည်း မင်းသားကို ဝိုင်းကြည့် နေတဲ့ လူအုပ်ကို တစ်ချက်ကြည့်တယ်။

"အေး…အဲဒါဆိုရင်လည်း လုပ်ကွာ၊ ငါလည်း ခုမှ စဉ်းစားမိ တယ်။ ငါသွား…"

"ဟာ…မလုပ်နဲ့၊ အစ်ကိုကြီးဆိုရင် ကြောက်ပြီး ပြေးကုန်လိမ့်မယ်။ ကျွန်တော်စည်းရုံးပေးမယ် စိတ်ချ"

ကျွန်တော် ကတိပေးပြီး လူအုပ်နား ထွက်လာရတယ်…။ လူ တစ်ယောက်တော့ ရအောင်ရှာမှကို ဖြစ်တော့မှာ။ မဟုတ်ရင် အဲဒီ ပြဿနာက ကျွန်တော့်ဘက် ကျိန်းသေလာတော့မှာ။ မကျည်းရင်လည်း အခက်အခဲတွေ အစအဆုံး သိထားတဲ့ လောကသားလူတစ်ယောက်

www.burmeseclassic.com



အနေနဲ့ အပြစ်တင် ခံရဦးတယ်။ ကိုယ်ချင်းမစာဘူးပေါ့လေ...။ ကူညီလို့ ကလည်း မဖြစ်...ဆိုတော့ ကျွန်တော်လူတစ်ယောက်ကို ရမှကို ဖြစ်တော့မယ်။

ပထမ... ကျွန်တော် မင်းသားနဲ့ ခဏသွားရပ်ပြီး ဘာညာစကား ပြောရတယ်။ မင်းသားကလည်း ...

"ဟော့ကောင်...နီကိုရဲ၊ နှားပေါင်ကိုလိုးပြီး မင်းနဲ့ရိုက်ရင် ဘယ်ဘက် ပိုလှေးမလဲ" ဘာညာပေါ့လေ...။ ကျွန်တော့်ကို စတယ်။ သူ့နဲ့ခဏစကား ပြောပြီးမှ မယောင်မလည် လူအုပ်နား သွားရပ်ရတယ်။

တကယ်တော့... ရုပ်ရှင် ဗီဒီယို ရိုက်နေကျမဟုတ်တဲ့ လူစိမ်း တစ်ယောက်ကို ခဏအကူအညီတောင်းဖို့ဆိုတာ တော်တော်မလွယ်တဲ့ ကိစ္စမျိုးပါ။ ကျွန်တော်တို့ မြန်မာလူမျိုးဆိုတာက အရှက်အကြောက် အတော်ကို ကြီးတတ်တဲ့ လူမျိုးပါ။ လူရှေ့ ထစကားပြောဖို့တို့၊ Microphone နဲ့စကားပြောဖို့တို့ဆိုတာမျိုးကို ရှောင်တတ်ကြတယ်။ ဗီဒီယို Camara မပြောနဲ့ ရိုးရိုးကင်မရာနဲ့ ဓါတ်ပုံရိုက်ရင်တောင်မှ ရိုက်တော့မယ် ဗြူးပါ၊ မျက်တောင်မခတ်နဲ့ဆိုရင် လန့်ပြီး ရှက်ပြီး တောင့်တောင့်ကြီးဖြစ်လို ဖြစ်၊ မျက်တောင် ခတ်လိုခတ်၊ ကိုယ့်ကားယား ဖြစ်လိုဖြစ်၊ ဖြစ်တတ်ကြပါ တယ်။ ကျွန်တော့်အမျိုးထဲက လူကြီးတစ်ယောက်ဆိုရင် 'ခွီးပဲကွာ... ဓာတ်ပုံရိုက်ဖို့ မခေါ်စမ်းပါနဲ့။ အသက်အောင့်ထားရတာ မောလွန်းလို့'... လို့ တစ်ခါပြောခဲ့တာ ကြုံဖူးတယ်။

ဗီဒီယိုကင်မရာက ပိုဆိုးပါတယ်။

ဓာတ်ပုံလို အသံတိတ်ငြိမ်ပြီး ရပ်ပြီး ရိုက်ရတာမျိုး မဟုတ်ဘဲ လှုပ်ရှားပြောဆိုနေရတာရယ်၊ အဆိုးဆုံးက ကိုယ်လှုပ်ရှားနေတာကို ဝိုင်းပြီး လာကြည့်နေတဲ့ ပရိသတ် ရှိနေတယ်ဆိုတာရယ်ပါပဲ။ ဒါကြောင့်မို့



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံမရှိတဲ့ လူဆိုရင် တော်တော် ဒုက္ခရောက်တတ်ပါတယ်။

ဗီဒီယိုကင်မရာဟာ နတ်ကြီးတယ်လို့ ဆိုကြတယ်။

တကယ်တော့ ဂျပန်က စက်မှုနည်းပညာနဲ့လုပ်ထားတဲ့ ဒီစက်မှာ ဘာနတ် ရှိရမှာလဲ။ ကျွန်တော်တို့ဆီမှာ ကိုးကွယ်နေကြတဲ့ နတ်တွေ၊ နတ်ဖြစ်ကြတုန်းက ဗီဒီယို မပြောနဲ့ Camara တောင်မှ မပေါ်သေးဘူး။ ဒါဖြင့် ဗီဒီယိုမှာ ဘာကြောင့် နတ်ကြီးတယ်လို့ ပြောကြသလဲဆိုတော့… နတ်ဆိုတာ မိမိရဲ့စိတ်ပါပဲ။ ဗီဒီယိုကင်မရာ ထိုးချိန်လိုက်တာနဲ့ လူရဲ့စိတ်က လှုပ်ရှားပြီး (ရှက်ပြီး) အသိစိတ် ပျောက်သွားတတ်ပါတယ်။ တချို့ဆို ဒူးတွေတုန်၊ အသံတွေ တုန်လာတယ်။ အဲဒါကို ထိန်းနိုင်ရဲ့ လူကျတော့လည်း စကားပြောရင် လေသံအနိမ့်အမြင့် မမှန်တော့ဘဲ မူလ စကားပြောသလို မဟုတ်တော့ဘဲ လေသံက တန်းတန်းတောင့်တောင့်ကြီး ဖြစ်နေတတ်တာ။ တချို့ မြန်မာကားတွေမှာ တွေ့ဖူးကြမှာပါပဲ။

တစ်ခါတုန်းက အင်းယားကန်ဘောင်ပေါ်မှာ ဗီဒီယိုတစ်ကား ကိုမိုးမင်းနဲ့ ရိုက်နေတုန်း လာဝိုင်းကြည့်ကြတဲ့ လူတွေထဲက မိန်းမတစ်ယောက် ပြောတာကို ကြားဖူးတယ်။

''ဟယ်…လူတွေ ဒီလောက်များနေတဲ့ကြားထဲမှာ ဖက်နေလိုက်ကြ၊ ပျော်နေလိုက်ကြတာ။ ဗီဒီယိုရိုက်တယ်ဆိုတာ တော်တော်အရှက်မရှိမှ ဖြစ်မှာပဲ''တဲ့…။

ကျွန်တော်နဲ့လည်း မသိ၊ ပြောပြန်ရင်လည်း အများကြီး ပြောရမှာမို့ အဲဒီတုန်းက မပြောဖြစ်တာပါ။ ရိုက်နေတဲ့အခန်းက Love Cence ဆိုတော့ မင်းသမီးက ထုံးစံအတိုင်း လုပ်ရပါတယ်။ ဒါတွေဟာ အရှက်မရှိတာ မဟုတ်ပါဘူး…။ ပညာပါ…။ မီးတွေ၊ မှန်တွေ ထိုးထားတဲ့ကြားက ကိုယ့်ကို လူလေးငါးဆယ် ဝိုင်းကြည့်နေမှန်းသိတဲ့ကြားထဲက ကိုယ်ကျတ်

www.burmeseclassic.com



ထားတဲ့ Dialogue မှန်အောင်၊ ကိုယ့် Acting က ဇာတ်နဲ့လိုက်ဖက်အောင် ကိုယ့်သရုပ်ဆောင်မှု ပေါ်လွင်အောင် နေတတ်…ထိမ်းတတ်…ခံစားတတ်တဲ့ ပညာပါ။

ကျွန်တော် ဒါတွေကိုရေးပြတာ ကျွန်တော် အခု ရှာရမယ့်လူဟာ ဘယ်လောက်ထိ တာဝန်ကြီးတယ်ဆိုတာကို ရိုက်ကွင်းနဲ့ မနီးစပ်တဲ့လူတွေ ကိုယ်ချင်းစာတတ်အောင် ရေးပြတာပါ။

ကျွန်တော် လူအုပ်နားရောက်တော့ အုံနေတဲ့လူအုပ်က နွားလှည်းနားမှာပဲ ရပ်နေတဲ့ မင်းသားကို ဝိုင်းကြည့်နေကြတယ်။ ကျွန်တော်လည်း စီးကရက်တစ်လိပ်သောက်ပြီး အကြဲထုတ်နေလိုက်တယ်။

"မင်းသားဆိုတာ အပြင်မှာကြည့်တော့လည်း ဘာမှ မထူးပါလား"

"အမယ်…ရှင့်ရုပ်နဲ့များ တခြားစီ၊ မျက်နှာကို ကြည့် …နုဖတ်နေတာပဲ။ ရှင့်မျက်နှာနဲ့ ဘာမှမဆိုင်ဘူး"

ဝိုင်းကြည့်နေတဲ့လူတွေက ဝါးခနဲ ရယ်ကြတယ်။ ဒါ ကျွန်တော်ကြုံနေကျ ကိစ္စမျိုးပါ။ ပြောတဲ့လူနဲ့ ပြန်ပြောတဲ့လူတွေကလည်း ပါဒကြီးရွာက တစ်ရွာတည်းသားတွေ ထင်ပါရဲ့။ ဝိုင်းရယ်သံကြောင့် စပြောတဲ့လူက ရှက်သွားပုံ ရတယ်။ ကျွန်တော်လှမ်းကြည့်တော့ သူ့အသက်က ၄၀နားနီးနေပါပြီ။ အသားညိုညို ဂင်တိုတိုပါ။

"အံမာ…ငါလည်း သူတို့လို မိတ်ကပ်တွေ ဘာတွေ လိမ်းပြီး မှိုင်းလိုက်ရင် သူ့လောက်တော့ ဖြစ်ပါတယ်ဟာ…"

"သွားစမ်းပါ…လွင်မိုးက ဘာမိတ်ကပ်မှ မလိမ်းဘူး။ သေသေချာချာကြည့်…ကျုပ်တို့က နေ့ခင်းက အနီးကပ် ကြည့်ထားတာ"

ဒီတစ်ခါလည်း ကျွန်တော့်ဆရာ ခံရတာပါပဲ။ ကျွန်တော် ချက်ချင်း သူ့ကို ရွေးပစ်လိုက်တယ်။ ဒီလို မခံချင်စိတ်ကလေး ရှိထားမှ ရိုက်ရကိုင်ရ


www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူမှာ မဟုတ်လား။ ကျွန်တော့်ဆရာလည်း ဘာပြန်ပြောရမှန်းကို သိတော့ပုံ မပေါ်ဘူး…။

"အစ်မတို့ပြောတာလည်း ဟုတ်ပါတယ်။ လွင်မိုးက ဘာမှမလိမ်းဘူး။ ဒါပေမယ့် ကျွန်တော့်ဆရာလည်း ဇီဒီယိုတော့ လုပ်ရဲရင် ရိုက်လို့ရပါသေးတယ်"

ဝါးခနဲ…ရယ်သံတွေ ထွက်လာတယ်။ သူတို့ကတော့ တစ်ရွာတည်း အကြောင်းသိဆိုတော့ ကျွန်တော့်စကားကို ရယ်ချင်မှာပေါ့လေ။

"အေးကွာ…ပြောလိုက်စမ်း ညီလေး။ တွေ့တယ် မဟုတ်လား ဟား…ဟား…ဖြစ်ပါတယ်ဟ"

ကျွန်တော့်ကို ရိုက်ကွင်းကလူမှန်း သိတော့ ဘယ်သူမှ ဘာမှ ဆက်မပြောကြပါဘူး။ ဒါပေမယ့် အသံတိတ် မျက်နှာတွေတော့ မဲ့ကြတယ်။

"မျက်နှာမမဲ့နဲ့ဗျ၊ မယုံမရှိနဲ့…။ အစ်ကိုကြီး လုပ်မယ်ဆိုရင် ကျွန်တော်တို့က အခုကို ထည့်ရိုက်မှာ…"

ဒီတစ်ခါတော့ ကျွန်တော်ထင်ထားသလို ဝါးခနဲ ရယ်ကြပြန်တယ်။ ကိုယ့်ဆရာလည်း နည်းနည်းတော့ ရှက်ပြီး နောက်က သူ့လူတွေကို လှည့်ကြည့်တာပေါ့လေ။

"တကယ်ပြောတာပါ။ ဒီလို အစ်ကိုကြီးရာ…"

ကျွန်တော်ရှင်းပြတဲ့စကား ဆုံးတော့ ဒီလူ့မျက်နှာက စိုးရိမ်သွားတယ်။ မျက်လုံးကလည်း ကြောင်တောင်တောင်ဖြစ်ပြီး နောက်ကို တစ်လှမ်းဆုတ်တယ်။

"ဟာ…မဖြစ်ဘူးကွ၊ မဖြစ်ဘူး…ငါက နောက်နေတာ အလကား ပါကွာ…ငါနဲ့ မဖြစ်ပါဘူး၊ အလကား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဘာလို့ မဖြစ်ရမှာလဲ၊ အစ်ကိုကြီးလိုပုံစံမျိုးနဲ့ ဖြစ်မှာ၊ ကျွန်တော်တို့ အခက်အခဲကို ကူညီပါ အစ်ကိုကြီးရာ…။ မင်းသားက တောင် အစ်ကိုကြီးကို ပြတော့ OK လို့ ပြောတာ"

"အမလေး…သူရုပ်ကြီးနဲ့များ၊ ကြည့်တဲ့လူတွေတော့ စားမဝင် အိပ်မပျော် ဖြစ်တော့မှာပဲ…"

"အဲဒီလူက အရူးနော်…ရှင်တို့ကား ပျက်သွားမယ်။ ပြီးမှ ဘုရား မတာနဲ့"

ထပ်ပြီး ဝါးခနဲ ရယ်ကြပြန်တယ်။ ကျွန်တော့်ဆရာမျက်နှာက တော်တော်ရှက်ပြီး ခံပြင်းသွားပုံ ရပါတယ်။ ဝုန်းခနဲ ကျွန်တော့်ရှေ့ကို တိုးလာတယ်။

"လုပ်မယ်ကွာ…လုပ်မယ်၊ ဘာလုပ်ရမှာလဲ ပြော…"

"မများပါဘူး အစ်ကိုကြီးရာ…၊ အစ်ကိုကြီး လုပ်လို့ ရမှာပါ။ ဟောဒီ ခြံစည်းရိုးနားကနေ ပြေးလာပြီး ဟို ကောက်ရိုးပုံမှာ ကောက်ရိုး ခုတ်နေတဲ့ မင်းသားကို အရေးတကြီးနဲ့ 'မောင်မိုး မင်းအဖေ ဆုံးပြီကွ …ဆုံးပြီ'…လို့ အော်ပေးရုံပဲ"

ကျွန်တော် ပြောပြနေတဲ့အချိန်မှာကို သူ တော်တော် စိတ်လှုပ်ရှား နေပါပြီ။ မျက်လုံးက ဂဏှာမငြိမ်တော့ဘဲ ပုဆိုးကို ချွတ်လိုက် ပြန်ဝတ် လိုက် လုပ်နေတယ်။ မင်းသားကို လှမ်းကြည့်လိုက်၊ မျက်နှာကို သုတ် လိုက်လည်း ဖြစ်နေတယ်။

"ဒါ…ဒါပဲလား"

"ဟုတ်တယ် အစ်ကိုကြီး၊ အဲဒါလေးပဲ…ဘာမှ မကြောက်နဲ့ အမှတ်တရပေါ့ဗျာ။ အဲဒီကား ရိုက်ပြီးလို့ ဒီမှာကြည့်ရတော့လည်း အမှတ်တရ ဖြစ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်...ဒါပဲဆို ချကွာ...ချ"

သူက ပုဆိုးကိုချွတ်...ပြန်ဝတ်ပြီး ကျွန်တော့်ရှေ့ကို တိုးထွက်လိုက်တယ်။ နောက်က ရယ်တဲ့အုပ်လည်း နည်းနည်း ရပ်သွားတယ်...။ ကျွန်တော် ဒါရိုက်တာကို လှမ်းလက်ပြတော့ ကျွန်တော့်ကို အဆင်သင့် စောင့်နေတဲ့ ဒါရိုက်တာကလည်း သဘောပေါက်လိုက်ပါတယ်။ သူ စိတ်ပြောင်းမသွားခင် ရိုက်ချက်ကလေး ရဖို့ ကင်မရာမင်းတွေကို ချက်ချင်း စီစဉ်ခိုင်းတယ်။

ကြည့်နေတဲ့လူအုပ်ကြီးက အသံ လုံးဝတိတ်သွားပြီး ပိုစိတ်ဝင်စားလာတယ်။ သူတို့အားလုံးက ကျွန်တော့်ဆရာကိုပဲ မျက်လုံးပြူးတွေနဲ့ တအံ့တသြ ကြည့်နေကြတာပါ။ ကျွန်တော့်ဆရာကလည်း တော်တော် စိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော့်ကို အားကိုးတကြီးကြည့်လိုက်၊ သူ့ပရိသတ်ကို ရှက်ရှက်နဲ့ ကြည့်လိုက်၊ ဒါရိုက်တာကို ဇဝေဇဝါ လှမ်းကြည့်လိုက်၊ စက်အဖွဲ့ကကင်မရာတွေကို ကြောက်ကြောက်နဲ့ ကြည့်လိုက်နဲ့ သူ့မျက်လုံးတွေက မငြိမ်တော့ပါဘူး။ အတွေ့အကြုံရှိပြီးသား ကျွန်တော်က သူ့ဆီပြန်ပြေးသွားပြီး Camara နဲ့ လွတ်တဲ့နားမှာရပ်ပြီး သူ့ကို စိတ်မလှုပ်ရှားစေဖို့ အားပေးရတယ်။ တော်ကြာမှ မရိုက်တော့ဘူးကွာဆိုပြီး ထွက်သွားရင် ဒီလူအုပ်ထဲက နောက်တစ်ယောက်ထပ်ရဖို့ လုံးဝ မလွယ်တော့ဘူး။ သူ့ကိုကြည့် လန့်ပြီး ဘယ်သူမှ ထပ်ထွက်လာတော့မှာ မဟုတ်ဘူးဆိုတာ သေချာတယ်။

"အစ်ကို ဘာမှမကြောက်နဲ့၊ ဒီနားမှာရပ်ပြီး ဒါရိုက် တာလက်ပြ တာနဲ့ ခြံစည်းရိုးကနေ အပေါက်ထဲပြေးဝင်ပြီး 'မောင်မိုး...မောင်မိုး... မင်းအဖေ ဆုံးပြီကွ...ဆုံးပြီ' ဒါပဲ အော်ရမှာ..."

ကျွန်တော့်စကား ဆုံးတာနဲ့ သူက ပြေးဖို့ ဟန်အသင့်၊ ခါးကို



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပြီး လက်သီးဆုပ်ထားပြီးသားပါ။ မီးတွေ မှန်တွေချိန်၊ Camara တွေ White Set (အလင်းပုံမှန်ပြန်ဖြစ်အောင်၊ ညီညွတ်အောင်) ချိန်နေရလို့ ခဏစောင့်ရတယ်။ ခဏပါပဲ…။ ဒါရိုက်တာက OK လား အော်မေးလို့ Camara Men တွေက (Go…) ရပြီလို့ အော်လိုက်ပြီ။

"အသင့်နော် အစ်ကို၊ ကျွန်တော် ပြေးဆိုတာနဲ့ ပြေး…"

သူကလည်း ခါးကို ဗိုက်ကိုင်းထားပါတယ်။ ပရိသတ်ကိုတော့ သူ လုံးဝ လှည့်မကြည့်တော့ပါဘူး။ ကျွန်တော် သူ့ကျောကို အသာကိုင်ထားတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ Lighting တွေ ရုတ်ခနဲ ကျသွားတယ်။ အော်သံတွေ ညည်းသံတွေနဲ့အတူ ကင်မရာတွေ ဖယ်လိုက်ကြတယ်။

"ဘာ…ဘာဖြစ်လို့လဲ ဟင်၊ ဘာဖြစ်လို့လဲ…"

"ဟာ…ဘာမှမဖြစ်ဘူး။ နေကွယ်သွားလို့ ခဏလေး အစ်ကို"

သူ ခါးကို ဆန့်ပြီး အထိတ်တလန့် မေးတယ်။ ကျွန်တော်လည်း နေမင်းကို တော်တော်ဒေါသဖြစ်သွားတယ်။ အရေးကြီးမှ ဖြစ်ရသလားပေါ့။ ဝိုင်းကြည့်နေတဲ့ လူတွေလည်း ဟန်ပြင်ပြီးမှ ဘာမှ မလုပ်လိုက်ရတဲ့ သူ့ကိုကြည့်ပြီး ခွိုးခွိုး …ခွိုးခွိုး လုပ်ကြတယ်။ ဒါပေမယ့် ဘာအသံမှတော့ ထွက်မလာပါဘူး။ သူလည်း ရှက်လို့လား၊ အသက်အောင့်ထားလို့လား မသိဘူး၊ မျက်နှာက နီရဲနေတယ်။ ဒါပေမယ့် နေက ခဏပါပဲ။ ချက်ချင်း ပြန်ထွက်လာတယ်။

"OK…Ready"

"Go…လို့ ရပြီ"

"အစ်ကို ရပြီ၊ ကျွန်တော်ပြေးဆိုတာနဲ့နော်"

သူ ခါးကို ပြန်ကုန်းတယ်။ ဒါရိုက်တာက…

"1 . 2 . 3 . 4, Action"လို့ ကြေးအော်တယ်။ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



ကျောကို လက်နဲ့ ပုတ်လိုက်တာနဲ့ သူလည်း ဝုန်းခနဲပြေးပြီး ခြံစည်းရိုးဝမှ ရပ်ပြီး ကြုံးအော်တာပါပဲ။

"မောင်မိုး…မင်းအဖေ ဆုံးပြီကွ…ဆုံးပြီ…ကွ။ ဆုံးပြီ…"

သူ့စကား ဆုံးတာနဲ့ ဝိုင်းကြည့်နေတဲ့ လူတွေအားလုံးရော၊ စက်အဖွဲ့ရော၊ ဒါရိုက်တာရော၊ ကျွန်တော်ရော ရုတ်တရက် ကြောင်ပြီး အားရပါးရကို ရယ်မိပါတယ်။

ရယ်ကြမှာပေါ့…။ သူက ကျွန်တော်သင်ထားတဲ့ စကားအတိုင်း မှန်ပေမယ့် ကြောက်တာရော၊ ရှက်တာရော ပေါင်းပြီး ခြံစည်းရိုးအဝကနေ လက်သီးနှစ်ဖက်ကိုဆုပ် ခုန်ပြီး…အားရဝမ်းသာအသံကြီးနဲ့ ပြောတာကိုး။ သူပြောပုံက မောင်မိုးရေ…မင်း ထီပေါက်ပြီကွ၊ ထီပေါက်ပြီဆိုတဲ့ အိုက်တင်မျိုးကြီး ဖြစ်နေတာဆိုတော့ လူတွေလည်း မနေနိုင်တော့ပဲ ရယ်ကြတာပေါ့။

သူ လက်သီးကြီးဆုပ်ပြီး သူ့ကို ဝိုင်းကြည့်နေတဲ့၊ ရယ်နေတဲ့လူတွေကို ကြောင်ငေး ငေးနေတယ်။ ကျွန်တော်လည်း ကမန်းကတမ်းပြေးပြီး သူ့ကို ရှင်းပြရတယ်။

"အစ်ကိုကြီး…အဖေဆုံးတာလေ၊ အဲဒီလို ဝမ်းသာအားရကြီး ဘယ်ရမလဲ အစ်ကိုရ၊ အရေးတကြီးပုံစံမျိုးလေ။ ဝမ်းနည်းတဲ့ ပုံစံမျိုးလေ"

သူ ရှက်ပြီး မလုပ်တော့ဘူးပြောလို့ တော်တော်ချော့ပြီး ပြန်လုပ်ရပါတယ်။ နောက် Cut ကျတော့ အဆင်တော်တော်ပြေသွားတယ်။ ကျွန်တော်လည်း အဲဒီတော့မှ သင်ပြင်းချရတာ။ ကျွန်တော့်အမှားက သူ့ကို စကားလုံးပဲ သင်ပေးထားတော့ စကားလုံးရဲ့အဓိပ္ပါယ်အရ သူဟာ ပေါက်တယ်ထင်ပြီး အိုက်တင်ပြောမပြထားတာပါပဲ။

အဲဒီနောက်ဆုံးနေ့က မိုးလည်းမရွာ၊ ကျွန်တော့် ကြုံးစားမှုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အနည်းအကျဉ်း လွဲတာက လွဲလို့ အစဉ်ပြေခဲ့တဲ့အတွက် ဝမ်းသာရပါတယ်။

ကျွန်တော်ကြုံခဲ့တဲ့ ရိုက်ကွင်းပေါ်က အလွဲကလေးတစ်ခုကို သတိ တရနဲ့ မှတ်တမ်းတင် ရေးဖြစ်ပါတယ်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# လက်ခုပ်တီးရင်
# ပြေးသာပြေး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီကိစ္စကတော့ ရုပ်ရှင်အသိုင်းအဝိုင်းထဲက မဟုတ်ဘဲ ပြင်ပက ဝါသနာရှင်သရုပ်ဆောင်ချင်လွန်းသူ လူတစ်ယောက်ကြောင့် ဖြစ်ခဲ့ရတဲ့ ကိစ္စကလေးပါ။ ဒီကိစ္စကို ကြုံခဲ့တဲ့ လူက မောင်မျိုးမင်း (ရင်တွင်းဖြစ်)ပါ။

ကိုမျိုးဟာ ကျွန်တော်နဲ့စပြီးလက်တွဲခဲ့တဲ့ ကျွန်တော့်ရဲ့ ပထမဦးဆုံး ဒါရိုက်တာပါ။ ကိုမျိုးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပြီး ကျွန်တော့်ကို ဗီဒီယိုလောကထဲ စပြီး သွင်းဖို့ ကြိုးစားပေးတဲ့လူက နာမည်ကြီးကာတွန်း ဆရာ ဆရာအောင်ပီကျယ်ပါပဲ။

ကိုမျိုးနဲ့ ကျွန်တော့်ကို ကိုအောင်ပီကျယ် မိတ်ဆက်ပေးတုန်းက ကျွန်တော် သဃ်န်းကျွန်းမြို့နယ် (မဝတ)ရုံးမှာ ရပ်ကွက်စာရေးပဲ ရှိပါ သေးတယ်။ ဟန်သစ်မဂ္ဂဇင်းမှာ မကြည်ပြာဝတ္ထုတိုကလေးတွေ အမှတ်(၃) အထိ ရေးပြီးဆဲကာလ (၁၉၉၂)ခုနှစ်ကပါ။ လုံးချင်းဝတ္ထုဆိုတာ ဘယ်မှာ

www.burmeseclassic.com



မှုန်း မသိသေးပါဘူး။ စာရေးချင်လို့ ရေးနေတာမျိုးပဲ ရှိပြီး စာပေနဲ့ ဘဝကို ရပ်တည်ဖို့ဆိုတာ စိတ်ရဲရဲမကူးရဲသေးတဲ့ အချိန်မျိုးပေါ့။

အဲဒီအချိန်မှာ ကိုမျိုးက ကျွန်တော့်ကို ခပ်ရဲရဲ (ဘာမှ သံသယ မရှိဘဲ) ဇာတ်ညွှန်း တန်းအပ်ရဲခဲ့လို့ ကျွန်တော် ဗီဒီယိုလောကထဲ ရောက်ခဲ့ရတာပါလို့ ကိုအော်ပီကျယ်နဲ့ ကိုမျိုးမင်းကို အမှတ်တရ ရှိရပါ တယ်။

ဒီအကြောင်းက စမရေးခင် ရိုက်ကွင်းအကြောင်း ထက် ဒါရိုက်တာ တွေရဲ့ ဓလေ့စရိုက် မတူပုံကို နည်းနည်းပြောပြထားတာ ပိုကောင်းမယ် ထင်ပါတယ်။ ဘယ်နေရာမှာ ကွဲပြားတာလည်းဆိုတော့ အခန်းတစ်ခန်းနဲ့ ရိုက်ချက်တစ်ချက် (Cut တစ် Cut) အပေါ်မှာ ကွဲပြားကြပုံ မတူကြပုံပါ။

ဒါရိုက်တာက Dialogue ရပြီးသွားတဲ့ မင်းသား၊ မင်းသမီးကို Reharsel လုပ်ပြီးသွားပြီဆိုရင် ကင်မရာက အရုပ်ကြိုထုပ်ပေးထားတဲ့ မော်နီတာ (TV အသေးစား)ကလေးနဲ့ ကြည့်ပြီး Lighting နဲ့ Action ကို ကြည့်ရပါတယ်။ မင်းသား မင်းသမီးနဲ့ ပါဝင်သူတွေရဲ့ လှုပ်ရှားမှုကို အဲဒီ ငါးလက်မပတ်လည် မော်နီတာလေးထဲက ကြည့်ရတာပါ။ ကြည့်လို့ သဘောကျတဲ့အခါ၊ သဘောမကျတဲ့အခါ ဒါရိုက်တာက Cut လို့ အော်ရတယ်။ ဒါရိုက်တာ Cut မအော်မချင်း Camara Men ကလည်းဆက်ရိုက်၊ သရုပ်ဆောင်ကလည်း ဆက်သရုပ်ဆောင်ရတယ်။

အဲဒီ 'Cut'လို့ အော်ပုံ ဒါရိုက်တာ တစ်ဦးနဲ့တစ်ဦး မတူကြပါဘူး။

အောင်မြင်နာမည်ကြီးတဲ့၊ ပရိသတ်များစွာ အကြိုက်တွေ့ခဲ့တဲ့ ကျွန်တော့်အစ်ကိုကြီး အကယ်ဒမီ ကိုဝဏ္ဏဆိုရင် အဲဒီမော်နီတာမှာ မင်းသား မင်းသမီး သရုပ်ဆောင်နေတဲ့အချိန်မှာ ကလေးတစ်ယောက် တအံ့တဩ ငေးကြည့်သလို ငေးကြည့်နေတတ်ပါတယ်။ သူ့မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း မော်နီတာကလွဲလို့ ဘယ်ကိုမှ မသွားတော့ပါဘူး။ ပတ်ဝန်းကျင်မှာ ဘာတွေရှိနေမှန်းလည်း သူ သိတော့ဟန် မတူပါဘူး။ Dialogue နဲ့ Acting ဆုံးသွား ကုန်သွားတဲ့အခါမှာ သူ့ရှေ့ လေးငါးပေလောက်မှာရှိနေတဲ့ မော်နီတာသေးသေးကလေးထဲက မင်းသား မင်းသမီးတွေနား (မော်နီတာမှန်နားကို ကပ်ပြီး) 'Cut' လို့ တိုးတိုး…လေး ရွတ်တတ်ပါတယ်။ လက်ဖျောက်လည်း တီးတယ်။ ဒါပေမယ့် ထကာမှ တိုးတိုးကလေး တီးတာပါ။

အစ်ကိုကြီးပုံက သူ့ရှေ့ မော်နီတာထဲက မင်းသား မင်းသမီးကြားရုံ နှစ်ကိုယ်ကြားပြောတဲ့ 'Cut'ပါ။ အဝေးမှာရှိနေတဲ့ မင်းသား မင်းသမီးက မကြားတော့ တစ်ခါတလေ တော်တော် ဒုက္ခရောက်တတ်ပါတယ်။

ဒါရိုက်တာ နောင်ထွန်းလွင်ကတော့… ကွမ်းကလေးစားရင်း မော်နီတာထဲက မင်းသား မင်းသမီး သရုပ်ဆောင်တာကို ကျေကျေနပ်နပ်ကြည့်ပြုံးရင်း ခေါင်းကလေး တငြိမ့်ငြိမ့်နဲ့ ကြည့်တတ်ပါတယ်။ ချထားတဲ့ စကားပြောနဲ့ Acting ဆုံးရင် ခေါင်းကို ခပ်သွက်သွက် လေးငါးခါငြိမ့် အပြုံးကလေး အဆုံးအထိပြုရင်း ရတယ်…Cut…လို့ ပုံမှန်လေသံနဲ့ ပြောတတ်ပါတယ်။

ဒါရိုက်တာ ကိုမီးပွားကျတော့ သရုပ်ဆောင်နေတဲ့ မင်းသား မင်းသမီးက Acting Tampo ကို ရောက်သွားပြီ၊ မျက်ရည်တွေ ဝဲနေပြီ…သူ အရမ်းသဘောကျနေပြီဆိုရင် ကောင်းလိုက်တာ…၊ အဲဒါပဲ လိုချင်တာ…၊ အဲဒါပဲ…ဟုတ်တယ်၊ ဟုတ်တာပေါ့…၊ အဲဒါပဲ… အဲဒါ စသည်ဖြင့် တိုးတိုးရွတ်ပြီးမှ Cut တတ်ပါတယ်။

ဒါရိုက်တာ ကိုပြည့်ဝကျတော့ မော်နီတာကို ကြည့်ရင်း မင်းသား မင်းသမီးတွေရဲ့ Acting ကို သဘောကျရင် ချောကလက်…တွေ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးတစ်ယောက်လို ပြုံးနေတတ်တယ်။ မျက်လုံးက မော်နီတာကို ကြည့် နှုတ်ခမ်းက ပြုံး၊ ကျေနပ်သွားရင် ပျာယီးပျာယာနဲ့ Cut.. Cut...Cut လို့ ပြောတတ်ပြီး အမြဲတမ်း ကြုံးကြုံး ထတတ်တယ်။

ဒါ့ဘဦးသုခကျတော့ မျက်လုံးသိပ်မကောင်းတော့လို့ မော်နီတာကို ကြည့်ပါတယ်။ သရုပ်ဆောင်တဲ့အခါ ပြောကြတဲ့ Dialogue အသံကိုသာ နားထောင်ပြီး ကျေနပ်ရင် Cut တတ်တယ်လို့ ပြောပြတာ ကြားဖူးတယ်။ ဆရာကြီးရဲ့ အဲဒီအပေါ်မှာပြောတဲ့ စကားက တော်တော် မှတ်သားဖို့ ကောင်းပါတယ်။

"ကျွန်တော်က မျက်စေ့မှုန်တော့ မော်နီတာကို အားကိုးလို့ မရဘူး၊ သူတို့အသံပဲ နားထောင်ရတယ်။ အသံမှန်ရင် အိုက်တင်မှန်တယ်၊ ညာလို့ မရဘူး"တဲ့။

ဒါရိုက်တာ ကိုမျိုးမင်းကျတော့ အဲဒီလိုမဟုတ်ပါဘူး။

သူက မော်နီတာကို လန်ဒန်စီးကရက်ဖွာရင်း မျက်မှောင်ကျုံ့ ကြည့်တယ်။ အထဲက မင်းသား မင်းသမီးတွေ Tampo မြင့်လာပြီဆိုရင် သူ့နှုတ်ခမ်းက တွန့်ကွေးပြီး မျက်လုံးအရောင်က တက်လာတတ်တယ်။ ပြောစရာစကား ကုန်ခါနီးမှာ သူ့လက်ဝါးနှစ်ဖက်က မြှောက်တက်လာပြီး သူ ကျေနပ်တာနဲ့ လက်ဝါးနှစ်ဖက်ကို ဖြောင်းခနဲ ရိုက်တတ်လေ့ ရှိပါတယ်။ ကိုမျိုးရဲ့လက်ဝါးရိုက်သံ 'ဖြောင်း'ခနဲဟာ Cut ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

အဲဒါ...ဒါရိုက်တာတွေရဲ့ ကျွန်တော်ကြုံခဲ့ဖူးသမျှ မတူညီကြတဲ့ မော်နီတာကို ကြည့်ပုံနဲ့ Cut ပုံချင်းပါပဲ။

အခု ကိုမျိုးက 'ခေါ်သံ'ဆိုတဲ့ ကားကို ရိုက်နေတာပါ။ မြန်မာ့ အသံက ပြသွားပြီးတဲ့ကားမို့ လူအတော်များများလည်း ကြည့်ရှုလိုက်ကြမှာပါ။ ကျော်ရဲအောင်၊ မေသန်းနုနဲ့ ဆုပိုပိုအောင်တို့ ပါဝင်တဲ့ကားတစ်ကား

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဆုပိုပိုအောင်ရဲ့ ပထမဦးဆုံးကားဖြစ်ပြီး သူ့ကို ဗီဒီယိုလောကထဲ ရောက်အောင် ကျိန်းသေပို့ပေးလိုက်တဲ့ ကားတစ်ကား လည်းဖြစ်တယ်။

အဲဒီကားက AIDS ပညာပေးကားပါ။ အစိုးရတာဝန်နဲ့ ရိုက်တဲ့ ကား မဟုတ်ဘဲ ကိုယ့်ဘာသာ Producer နဲ့ ရိုက်တဲ့ကားလည်းဖြစ်ပါ တယ်။ အဲဒီကားမှာ... ကျော်ရဲအောင်က ရိုးသားသော ဆင်းရဲသား ကားမောင်းဆရာ၊ မေသန်းနုက အိမ်က သိပ်သဘောမတူတဲ့ ကျော် ရဲအောင်ကို ယူထားပြီး မိသားစုအပေါ် သိပ်တာဝန်ကျေတဲ့ မိန်းကလေး နေရာနဲ့ ဆုပိုပိုအောင်က AIDS ရှိနေတဲ့ ပြည့်တန်ဆာမကလေးအခန်းက ပါဝင်ကြရပါတယ်။

ကျော်ရဲအောင်ဟာ မိန်းမဖြစ်သူကို သိပ်ချစ်၊ မိသားစုအပေါ် သိပ်သစ္စာရှိပြီး ကွမ်း၊ ဆေးလိပ်၊ အရက် လုံးဝမသောက်တဲ့ လူရိုး တစ်ယောက်။ ကလေးရပြီးစ ရည်မှန်းချက်၊ မျှော်လင့်ချက်တွေနဲ့ ကြိုးစား နေတဲ့လူ။ တစ်နေ့...မိန်းမနဲ့ ကလေးကို အိမ်က (သူ့ယောက္ခမတွေက) လာခေါ်သွားပြီး ပြန်ရမယ့်ရက် ပြန်မလာတာကို သူ ငွေကြေးမပြည့်စုံမှုနဲ့ စိတ်မကောင်းဖြစ်။ ကြေကွဲ၊ ဒေါသဖြစ် ပေါက်ကွဲရာက စိတ်ညစ်တော့ အရက်သောက်၊ အရက်မူးသွားတော့ အဆွယ်ကောင်းတာနဲ့ မူလစိတ် ပျောက်ပြီး ခေါ်လာတဲ့ မိန်းကလေး (ဆုပိုပိုအောင်)နဲ့ တစ်ညအိပ်မိရာက ရောဂါ ကူးသွားခဲ့တယ်။ ဒါကို မသိသေးပါဘူး။ အိမ်ပြန်လာ...မိန်းမနဲ့ အဆင်ပြေ၊ အားလုံး ပျော်ရွှင်နေကြတော့မှ ကလေးကို မိခင်မရှိခင် နို့ဖျော်တိုက်ဖို့ နို့ဗူးဖွင့်ရာက လက် ဓားရှမိပြီး အဲဒီသွေးက တစ်ခါ မပြည့်သေးတဲ့ ကလေးပါးစပ်ထဲဝင်သွားရာက ကလေးကို AIDS ရောဂါ ကူးစက်သွားတယ်။ သွေးစစ်ကြည့်တော့ သူ့မှာ ရောဂါပိုး ရှိနေတဲ့အတွက် ကြေကွဲဖွယ်ကောင်းတဲ့ ဇာတ်ကလေးပါ...။

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်းအနေနဲ့ ဒါရိုက်တာလုပ်ရတာ အစပိုင်းလောက် ရှိသေးတဲ့အချိန်မှာ ကိုကျော်ရဲအောင်၊ မဆင့်(မေသန်းနု)တို့နဲ့ ပထမဆုံး တွဲရတဲ့အပြင် သရုပ်ဆောင်အသစ် ဆုပိုပိုအောင်ကိုပါ ထည့်ရတော့ တော်တော်တာဝန်ကြီးကြီးနဲ့ အားလုံးကို သတိထား ကိုင်တွယ်ရတဲ့ အခြေအနေမျိုးပါ။

အဲဒီနေ့က ရိုက်ကွင်းက Out Door ပါ။ ဆေးရုံရှေ့မှာ ရိုက်ကွင်းကို တည်ပါတယ်။

ဆုပိုပိုအောင်က ဆေးရုံကိုရောက်တော့ AIDS ရှိနေတာ သိရတော့ ပြင်ပလူနာတွေထားတဲ့ ဆေးရုံမှာ မထားတော့ဘဲ ကားနဲ့ ခေါ်သွားဖို့ လုပ်ရာမှာ ဆုပိုပိုအောင်က ထွက်ပြေး...၊ ဆေးရုံရှေ့က ကားတစ်စင်းနဲ့ တိုက်မိပြီး သေတဲ့အခန်းကို ရိုက်ကြမှာပါ။ ကျွန်တော် မှတ်မိသ၍ဆိုရင်တော့ ဆိုပိုပိုအောင်ဟာ ဒီကားမှာ Dialogue နှစ်ခွန်းပဲ ပြောရတယ် ထင်ပါတယ်။ ပါတဲ့အခန်းကလည်း လေးငါးခန်းပါပဲ...။ အဲဒီလောက်နည်းပါးတဲ့ သရုပ်ဆောင်ကွက်ကလေးနဲ့ မင်းသမီးတစ်လက်အဖြစ် ခိုင်မာသွားတာ သူ့ကြိုးစားမှုနဲ့ ဒါရိုက်တာရဲ့ အစွမ်းပါပဲ။

အဲဒီနေ့က ကိုမျိုးကိုယ်တိုင်က AIDS ဖြစ်နေတဲ့ ဆုပိုပိုအောင်ကို မိတ်ကပ် လိမ်းပေးပါတယ်။ AIDS ဖြစ်နေတဲ့လူရဲ့ လက္ခဏာတွေ ရအောင်ပါ။ စိတ်ကြိုက်ရတော့မှ ဆုပိုပိုအောင်ကို ဆေးရုံက ဆရာမတွေ တွဲထုတ်လာတဲ့အခန်း၊ ဆရာမတွေကို ကုတ်ဖဲ့တွန်းထိုးပြီး ရုန်းကန်ပြေးတဲ့အခန်းတွေကို စိတ်ကြိုက် ရိုက်ပါတယ်။ အဲဒီအခန်းတွေပြီးတော့မှ ထမင်းစား ခဏနားပြီး ရွှေတင်မန်နေဂျာကို ကားတိုက်ခံရတဲ့အခန်း ရိုက်ဖို့အတွက် ကားတစ်စင်း ရှာခိုင်းထားပါတယ်။ ကားလည်း ရောက်၊ ထမင်းလည်း စားအပြီး ထပ်ရိုက်ကြမယ်ပေါ့လေ...။

ကားငှားတဲ့အခါကျတော့မှ ရွှေတင်မန်နေဂျာက သူ့ ရွေးငှားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားဆရာနဲ့ သူနဲ့ ဈေးမဆိုင်ညှိ ဖြစ်နေကြတယ်။ ဘယ်လောက်ကြာမလဲ ဆိုတာကို ကျိန်းသေမပြောနိုင်တော့ ကားဆရာကလည်း သူတောင်းတဲ့ ဈေးကို မလျှော့နိုင်ဘူး ဖြစ်နေတယ်။ တစ်ကတ်ရိုက်ရင် နာရီဝက်လောက် ပဲ ကြာတာဆိုတာကို အတွေ့အကြုံအရ သိထားပေမယ့် ဝိုင်းအုံကြည့်တဲ့ လူတွေ၊ ဒါရိုက်တာ မကြိုက်မချင်း ရိုက်မယ့်အချိန်တွေက ဘာမှန်းမသိ တော့ မန်နေဂျာလည်း အချိန်ကို အတိအကျ မဆုံးဖြတ်နိုင်ဘူး ဖြစ်နေခဲ့ တာပါ။ တခြားကား သမားတွေကျတော့လည်း ကားတိုက်ရမယ့်အခန်း ဆိုတော့ နိမိတ်အရ ဘာအရ…ဆိုပြီး လုံးဝငှားလို့မရဘူး ဖြစ်နေတာ ကိုး။ ညင်သာစွာပေါက်ကွဲခြင်း

“ခက်တာပဲဗျာ…ဗီဒီယိုရိုက်ကွင်းဆိုတာက တစ်ခါတလေ မထင် မှတ်ဘဲ ကြာတတ်တာဆိုတော့…နေပေ့စေတော့ဗျာ…နောက်ကားပဲ”

“ဟာ…နေပါဦးဆရာ၊ အခုဟာက ဗီဒီယိုရိုက်ဖို့ လာငှားတာလား”

ခုနက မျက်နှာထားတင်းတင်းနဲ့ လည်ပင်းကုတ်လိုက် စီးကရက် ထုတ်သောက်လိုက်နဲ့ သူ့ကို လုံးဝမကြည့်ဘဲ ပြောနေတဲ့ ကိုရွှေဒရိုင်ဘာ မျက်နှာနဲ့ လေသံက ချက်ချင်းပြောင်းသွားတယ်။

“ဟုတ်တယ်လေ…ခင်ဗျားကားကို ကားတိုက်တဲ့ အခန်းကလေး ထည့်သုံးဖို့ လာငှားတာ”

“ဟာ…စောစောကပြောရောပေါ့ ဆရာရယ်၊ ကဲ…အဲဒါဆို OK၊ ဆရာတို့ အဆင်ပြေသလောက်သာရိုက်…၊ ကူညီရမှာပေါ့…။ ကြည့်ပေးပေါ့ ဆရာရယ်…ရပါတယ်…တက်”

လုံးဝပုံစံပြောင်းသွားတဲ့ ကိုရွှေ(ကက)ဒရိုင်ဘာကို ရှုတင်မန်နေဂျာ လည်း နားမလည်နိုင် ဖြစ်နေခဲ့တယ်။ ရှုတင်ကားနောက်ကနေ လိုက်ခဲ့ပါ ဆိုတာတောင်မှ ပုဂ္ဂိုလ်က မရတော့ဘူး၊ သူ့ကားနဲ့ပဲ တင်ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လန်ဒန်တွေ ဘာတွေ ထုတ်တိုက်လိုမ့်မယ်။ ကားမောင်းလာရင်းနဲ့ ဘာကြောင့် ဒီလိုဖြစ်သွားတယ်ဆိုတာ သိရတယ်။

"ကျွန်တော်က ဗီဒီယိုတို့ ရုပ်ရှင်တို့ သိပ်ဝါသနာပါတာ ဆရာ။ ကြည့်လည်း ကြည့်တယ်၊ ကိုယ်တိုင်လည်း သိပ်သရုပ်ဆောင်ချင်ခဲ့တာ။ ငယ်ငယ်တုန်းကဆို အရူးအမူးပဲ...။ အဆက်အသွယ်လည်း မရှိ၊ အသိကလည်း မရှိ၊ အဲ...ငွေကလည်း ဖိုးရိုးဆိုတော့ လွဲခဲ့ရတာပေါ့ဗျာ။ ဟား...ဟား...ဟား...ဆရာက အစကတည်းကပြောရင် OKဗျာ၊ ခု ကျွန်တော့်ကြောင့်များ နောက်ကျသွားပြီလား မသိဘူး"

"ရပါတယ်...ခင်ဗျားကားလာမှ ရိုက်ကြမှာပါ"

"ကျွန်တော့်ကားကို သုံးမှာဆိုတော့ ကျွန်တော်ရော ဆရာ...။ ပါရမှာ မဟုတ်လား"

ရှုတင်မန်နေဂျာလည်း ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ တက်ကြွနေတဲ့ သူ့ပုံစံကိုလည်း နည်းနည်း အားနာနေရ၊ လန်ဒန်ကလည်း သောက်ထား၊ ကားခ ဈေးစကားလည်း သင့်တော်သလောက်နဲ့ ရနေပြီ ဆိုတော့...။ ပြီးတော့ သူ့ကားကို သုံးမှာဆိုတော့ သူပါမယ်ဆိုတာက တော့ ကျိန်းသေနေတဲ့ ကိစ္စတစ်ခု မဟုတ်လား။

"ခင်ဗျားကားကို သုံးမှတော့ ခင်ဗျား ပါကို ပါတော့မှာပေါ့။ သေချာပါတယ်"

"ဟာ...ကျေးဇူးပါပဲ ဆရာ...ရာ...။ ကားခကို မပေးရင်လည်း နေတော့...၊ ကျွန်တော့်ကို နေရာကောင်းကောင်းသာ ပေးပါဆရာ။ ကျွန်တော် ရအောင် သရုပ်ဆောင်ပါ့မယ်။နောက်ဆိုရင်လည်း ခေါ်ပါဆရာ၊ ကျွန်တော် အဲဒီကိတ်မှာ အမြဲရှိတယ်။ ဆရာတို့ အေးအေးဆေးဆေး သာ သုံးနော်...၊ ဘာမှ အားမနာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရှုတင်တည်ထားတဲ့ ဆေးရုံရှေ့ရောက်တော့ လူတွေက ထုံးစံအတိုင်း အုံခဲကာနေသည်။

လူအုပ်ကြီးကိုတွေ့လေ...ကားဆရာက တက်ကြွကာ ဖျတ်လတ်လာလေဖြစ်၏။ ရှုတင်ရောက်တာနဲ့ မန်နေဂျာလည်း မအားတော့။ လူအုပ်ရှင်းရ၊ ဟိုဘက်က ကားတွေ အော်ရ၊ ပထဦးဆုံး တိုက်မယ့်ရှုတင် ကားကို နေရာချရဖြင့် ရှုတ်ကုန်ပါတယ်။

ကိုမျိုးကလည်း ရိုက်ချက်လိုချင်တာတွေရအောင် ယူဖို့ Camara ဖရိန်ကို ချနေပုံရသည်။ ဆုပိုပိုအောင် ဆေးရုံထဲက ပြေးထွက်လာ၊ ရှုတင်သုံးသည့် ဒိုင်နာကားနှင့် ပွတ်တိုက်...ကားလမ်းပေါ် လဲကျ... သွေးရှူးသွေးတန်း ထပြေး...တစ်ဘက်မှလာသော (ကက)နှင့် တည့်တည့် တိုက် သွေးအိုင်ထဲ လဲကျ...။

ကားနှင့်ရိုက်မှာ ဖြစ်သည့်အတွက် နေရာနှင့်အရှိန်၊ အချိန်တို့ Timing ကိုက်မှကို ဖြစ်မည့်အတွက် အရာရာ သတိထားရသဖြင့် ဘာကိုမှ လှည့်မကြည့်နိုင်တော့။ ပြီးတော့...ကြောက်လန့်တကြား သွေးရှူး သွေးတန်းနှင့် ရှိနေရမည့် ဆုပိုပိုအောင်၏ Acting ကို ရအောင် ပြရ၊ သင်ရ၊ ပြောရသေးသည်။

အားလုံး ကိုယ့်အလုပ်နှင့်ကိုယ် ရှုတ်ကုန်သဖြင့် ကားဆရာကို ဘယ်သူမှ လှည့်မကြည့်နိုင်ကြတော့။ အရေးထဲ ညကတည်းက ဖျော်ထား စပ်ထားသော သွေးအတုပုလင်းက ပျောက်နေသဖြင့် ရှုတင်မန်နေဂျာ သူ့လူတွေကို အော်ရ ဆူရသေးသည်။ ကားငှားပြီးကာစက သူ့ကိုကင် တွေပေးထားသော မန်နေဂျာ သူ့အနားမှာ မရှိတော့သဖြင့် ကားဆရာ စိတ်တိုနေပုံရသည်။ အားလုံးကို သင်ကြားနေသော ဒါရိုက်တာကိုကျတော့ လည်း သူ သွားမမေးရဲ၊ မန်နေဂျာကိုသာ မျက်ခြေမပြတ် စောင့်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



အနားကပ်ထားရ၏။ သူ့ဝါသနာ၊ သူ့အရည်အချင်းကိုတော့ ဒီနေ့... မြှုပ်နှံ မြှုပ်မိ၊ ပြကွက် ပြရမည်။ နာမည်ရ ဒါရိုက်တာတစ်ယောက်က သူ့ကို သဘောကျသွားလျှင် ပြီးပြီ...။ ကာကကို ပြန်ထိုးအပ်ကာ မိန်းမနှင့်ကလေးနှစ်ယောက် မည်မျှပဲပြောစေ...သူ သရုပ်ဆောင်လောက ထဲသို့ တိုးဝင်ပစ်လိုက်တော့မည်။ သို့သော်... အခုထိ မန်နေဂျာက သူ့ကို လှည့်မကြည့်သေး။

နောက်ဆုံးမှာ...ဒါရိုက်တာက သူ့ကားကို နေရာရွှေ့ကာ အဆင်သင့် ရပ်နိုင်းထား၏။ လက်ပြလျှင် အုပ်ခဲ ချထားသောနေရာသို့ သူ မောင်းဝင်လာရမည်။ ဒါပေမယ့် သူ့အခန်းက မပါသေး။

"ကိုယ့်ဆရာ...ဘယ်လိုတုန်းဗျ။ ကျွန်တော့်အခန်းက ဘာလုပ်ရမှာလဲ...ဘာပြောရမှာလဲ...၊ လုပ်ဦးလေ...။ လဲကျသွားတဲ့ မင်းသမီးကို ဝင်ပွေ့ရမှာလား"

ကားဆရာအမေးကြောင့် မန်နေဂျာ ကြောင်ကာ သွားသည်။ ပြေလည်ရာပြေလည်ကြောင်း ငြိမ်နေမိကာမှ တိတ်တိတ်နေ ဝန်ခံခြင်းသည် သူ့အပေါ် ပိကျလာနေပြီ။ ဘယ်လိုလုပ်ရပါ့မလဲ...။ အခုနေ 'ခင်ဗျားအခန်း မပါဘူးဗျ' ဆိုလျှင် ကိုယ့်ဆရာက ကားကို ပြန်လှည့်ကာ မောင်းသွားတော့မည့်ပုံ။

အခုအချိန်မှ ဒါရိုက်တာကို သွားရှင်းပြနေလည်း ဒီလောက်အလုပ်ရှုတ်၊ စိတ်ပူနေရသည့်အချိန်မျိုးမှာ အအော်ခံရတာက လွဲလို့ ထူးမည်မဟုတ်။ သင့်တော်ရာတစ်ခုခု နားအေးအောင် ပေးမိပြန်လျှင်လည်း ကိုယ့်ဆရာက အတည်ပေါက်ဝင်လုပ်လျှင် မည်သူမျှ မသိသည့်အတွက် အားလုံးကြောင်ကာ ရှုတ်ကုန်တော့မည်။ နောက်တစ်ခုက ဒါရိုက်တာ မသိဘဲ ရိုက်ကွင်းကို သူတို့ ဝင်စွက်ဖက်ခွင့် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေဗျာ…ကျွန်တော်က ဘာလုပ်ရမှာလဲ။ ကျွန်တော့် ကာရိုက်တာ (ဇာတ်ရုပ်)က ဘာလဲဗျ"

ဒီပြဿနာကို အရင်ဆုံးနှင့် အရှင်းဆုံးဖြေရှင်းမှုကို ဖြစ်တော့မည်။

"ဒီလိုဗျ…ခင်ဗျားက ကားတိုက်ပြီးတာနဲ့ ထွက်ပြေးရမယ်"

"ထွက်ပြေးရမယ်…ဘာဖြစ်လို့လဲ"

"ဟာ…ကားတိုက်ပြီးရင် အပြင်မှာတွေ့တယ် မဟုတ်လား၊ ထွက် မပြေးရင် ခင်ဗျားကို ဝိုင်းရိုက်ကြမှာပေါ့"

ကားဆရာ ခဏစဉ်းစားသည်။ ထွက်ပြေးရမှာဆိုတော့ သူ့ရုပ်က သိပ်ပါတော့မည် မထင်။ ဘာညာ…ချေး (ကျီး)လည်း များမနေနိုင်။ ရသည့်အခွင့်အရေးကို ရဲရဲရင့်ရင့် အသုံးချဖို့သာ လိုသည်မဟုတ်လား။

"ပြီးရောဗျာ…ဘယ်တော့ ပြေးရမှာလဲ"

မန်နေဂျာ သူ့သရုပ်ဆောင်အသစ်ကို ကြည့်ကာ တော်တော် စိတ်ညစ်သွား၏။ ကိုယ့်ဆရာက တော်တော်လုပ်ချင်နေပြီး မလွတ်တမ်း ဆော်တော့မည့်ပုံဆိုတာ သေချာနေပြီ။ ကင်မရာဖရိန်ကို ကြည့်လိုက်တော့ ကားဆရာတံခါးက ဘယ်ဘက်၊ ကားတိုက်မည့်ဘက်ကို ယူထားတာက ညာဘက်။ ဒီလောက်နှင့် စိတ်မချရသေး။ ကိုယ့်ဆရာက ပြဿနာရှာလျှင် ထိုပြဿနာအားလုံး သူ့ခေါင်းပေါ် ရောက်တော့မည်။

"ဒီလိုဗျာ…ဟိုလူ တွေ့လား၊ မျက်မှန်နဲ့ လည်ပင်းမှာ ဘော်ပင် ကလေး ဆွဲထားတဲ့လူ"

"အဲဒါ…ဒါရိုက်တာ မဟုတ်လား"

"ဟုတ်တာပေါ့၊ သူ ဖျောင်းခနဲ လက်ခုတ်တီးတာနဲ့ ခင်ဗျား ပြေးတော့။ အဲဒါ ခင်ဗျားကို အချက်ပေးတာ"

"OK..ဘယ်ဘက်ကို ပြေးရမှာလဲ၊ ဘယ်အထိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်ကိုကွာ…ဟောဒီဘက်၊ ဘယ်အထိလဲ ဆိုတော့ မျက်စေ့တစ်ဆုံးသာ ပြေးတော့"

Camara နှင့် ဆန့်ကျင်ဘက်ကို လက်ညှိုးထိုးပြကာ မန်နေဂျာ အသက်ရှူကြပ်ပြီး ထွက်သွားရ၏။ ကိုမျိုးမင်း လက်ခုပ်တီးမှ Cut မှ ပြေးချင်လျှင် ပြေးပေတော့။ ရိုက်ကူးရေးကို ဘာမှ ပြဿနာ မတက်နိုင်တော့ပြီ။

အားလုံး အဆင်သင့်ဖြစ်ပြီ။

'Action' ဆိုသည်နှင့် ဆေးရုံထဲမှ ဆုပိုပိုအောင် ပြေးထွက်ကာ လာ၏။ Action

ရှုတင်ကားနှင့် တိုက်မိမလိုဖြစ်ကာ လဲကျသည်။ ကြောက်ရွံ့တုန်လှုပ်စွာ ထပြေးသည်။ ကား Timing ကိုက် နေရာအတိအကျ မောင်းဝင်ကာ လာ၏။ ထိုးလဲကျကာ သွေးအိုင်ထဲ ရောက်သွားသည်။ ဆုပိုပိုအောင် ကုန်းရုန်းကာ ထသည်။ နာကျင်ခြင်း၊ ကြောက်ရွံ့ခြင်း၊ သွေးရူးသွေးတန်းမျက်ဝန်းများ။ ပြီးတော့…နာကျင်ဝမ်းနည်းစွာ တစ်ချက်အော်သည်။ ပြည့်တန်ဆာမကလေး AIDS ဖြင့် ဘဝဆုံးနေသော်လည်း သူမ မသေချင်သေး။ အားလုံး…ထို Actoin မှာ ငေးကြောင်မိန်းမောနေကြသည်။ ထို့နောက် နာကျင်စွာ အော်ဟစ်ကာ၊ သွေးအိုင်ထဲ ပစ်ကာ လဲကျသွားသည်။ ကိုမျိုးမင်းလက် မြှောက်တက်ကာ လာ၏။ ဆုပိုပိုအောင်၏ ခန္ဓာကိုယ်တစ်ချက် နှစ်ချက် တွန့်ကာနေသည်။ ကိုမျိုးမင်း နှုတ်ခမ်းတွေကိုစု လက်ဝါးနှစ်ဖက် မြှောက်ထားရာမှ နှုတ်ခမ်းတွေ မာခဲကာ အားပြည့်လာသည်။ ဆုပိုပိုအောင် ခန္ဓာကိုယ်က သွေးအိုင်ထဲ လဲကျငြိမ်သက်သွားသည်။ စီးကျနေသောသွေးများ…။

ဖျောင်းခနဲ လက်ဝါးရိုက်သံတစ်ချက်…



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဖွင့်သံ ဝုန်းခနဲနှင့် ငြိမ်သက်ကာ ငေးကြည့်နေကြသော လူအုပ်ရှေ့မှဖြစ်ကာ ဖိနပ်များကို ကိုင်ကာ လူတစ်ယောက် ဒရောသောပါး ထွက်ပြေးကာ သွား၏။

ကိုမျိုးမင်း ကြောင်ကာ လှမ်းကြည့်သည်။ ရိုက်ကွင်းထဲမှာ အခုံ လုံးဝရောက်နေသော လူတွေလည်း လန့်ဖြန့်ကာ လှမ်းကြည့်ကြ၏။ ဘာဖြစ်တာလဲ...ဘယ်သူလဲ၊ ဆူညံကာ သွား၏။

ကားဆရာက ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေး သည်။ ပြေးသည်မှ ရိုက်နေသည့် ကားလမ်းတစ်ဆုံး။ ပြေးနေသည်မှာ ရိုက်ကွင်းမှလှမ်းကြည့်လျှင် ပုလင်းခွံလောက်သာ သူ့ကို မြင်ရတော့သည် အထိကို ပြေးသည်။ မောသော်လည်း သူ မရပ်။ သူ့နောက်ကျောကို ကင်မရာဖြင့် ရိုက်နေကြပြီ။ မော၍ ရပ်လိုက်လျှင် သူ့ Acting တန်းလန်းကြီးဖြစ်သွားလိမ့်မည်။ သူ သေလုမြော၍ပါး အသက်လု ပြေးရ သည်။ Acting ကို မရ၍ မဖြစ်။ ပီပြင်စေရမည်။ ပြေးထား...ပြေး ...ပြေး...ပြေးရင်းကျွတ်သွားသည့် ပုဆိုးကလေးကိုပင် လက်ကလေး နှင့် မကာ မနိုင့်တနိုင်ပံ့ ပြေးလိုက်သေးသည်။

မန်နေဂျာ ရှင်းပြသဖြင့် ရိုက်ကွင်းကလူတွေ ဝါးခနဲ ရယ်လိုက်ကြ သည်။ သွေးအိုင်ထဲ လဲနေသော မင်းသမီးပင် ငုတ်တုတ်ထိုင်ကာ ရယ်ရ၏။

ကားဆရာ ပြန်ရောက်လာတော့ ကြည့်နေသည့် လူတွေရော ဗီဒီယိုအဖွဲ့ကပါ သူ့ကို ကြည့်ကာ ပြုံးကြ ရယ်ကြသည်။ သို့သော် သူ ဘာမှမသိ။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲကာ နေ၏။ အမောက မပြေသေး...။

"ဆရာ...ရရဲ့လား၊ ပီပြင်ရဲ့လား ဆရာ..."

www.burmeseclassic.com

www.burmeseclassic.com



အမောမပျောက်သေးသည့် မေးသံကြီးကြောင့် ကိုမျိုးမင်းလည်း ရင်တွင်းဖြစ်အသံကို နားလည်းအားနာကာ ကားဆရာကို တဟားဟား ရယ်ကာ ပခုံးဖက်ပြီး အားပေးရသည်။

"ကောင်းတယ်ဗျာ...ကောင်းပါတယ်၊ တကယ် ပီပြင်ပါတယ်ဗျာ။ ထင်တောင် မထင်ဘူး"

လူတွေ ဝိုင်းရယ်ကြပြန်၏။

"ကျွန်တော့်ကို လူတွေ ဝိုင်းရိုက်တာတွေ ဘာတွေ မထည့်တော့ ဘူးလား...ဆရာ"

"ဟာ...မထည့်တော့ဘူး၊ ထည့်လို့ မရဘူးလေ။ အခုဟာနဲ့ပဲ ရပါပြီ၊ ကျေးဇူးပဲ..."

"နောက်လဲ လိုရင် ခေါ်ပါ ဆရာ...၊ ကျွန်တော်ရှိတဲ့နေရာ ဟိုဆရာ သိပါတယ်"

"ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့...ဟုတ်ကဲ့"

သုံးနာရီကျော်ကြာသော ရိုက်ကွင်းကို ငွေ ၂၀၀/-ပဲယူကာ ကားဆရာ ပျော်ရွှင်စွာ ပြန်သွား၏။ သူ ပြန်သွားတော့ ပြောပြော ရယ်ကြရင်း ရယ်ကြရင်း ဘာမှ သိမသွားသော သူ့ကို သနားလာကြ သည်။

ဩော်...အနုပညာကို အချို့ ဒီလိုပဲ ရှုသွပ်နေကြလေသည်။

ကျွန်တော်တို့လည်း သူ့လိုပဲ ကိုယ်မပါတဲ့အခန်းကို ဘယ်လောက် ပြေးခဲ့ပြီးပြီလဲ...။

တွေးနေမိပါသည်...။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com

# ဒါမစားနဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်ပညာဆိုတာ ရိုးရိုးကလေးပြောရရင်တော့ ဟန်လုပ်ရတာပါပဲ။

ဒါပေမယ့်...ဘယ်လိုဟန်လုပ်ရတာလဲ ဆိုတော့ ဇာတ်လမ်း ဇာတ်ကွက်မှာပါတဲ့ ဇာတ်ကောင်ရဲ့စရိုက်အတိုင်း ကိုယ်က အနီးစပ်ဆုံး တူနိုင်အောင် ဟန်လုပ်ရတာပါ။ သာမန်အချိန်တွေမှာ တကယ်စစ်မှန်တဲ့အကြောင်းတရားတွေနဲ့ လူတစ်ယောက်ဟာ ပျော်နေ၊ ဒေါသထွက်နေ၊ ဝမ်းနည်းတုန်လှုပ်နေ၊ စိတ်ညစ်ခြောက်ခြားနေတဲ့ပုံစံမျိုးကို မီးတွေ အများကြီးထိုး၊ လူတွေအများကြီးရှေ့မှာ ကိုယ်က လုပ်ရတာပါ။

တကယ်...ကိုယ့်ပြဿနာနဲ့ကိုယ်ဝမ်းနည်းပြီး မျက်ရည်ကျတဲ့အခါ မျက်ရည်ကျတယ်ဆိုတာကိုတောင်မှ သတိမထားမိတော့ပါဘူး။ ဒါပေမယ့် အဲဒီလိုကြေကွဲဝမ်းနည်းပြီး မျက်ရည်ကျရတာမျိုးကို ကြည့်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူ မြင်ရတဲ့လူ ခံစားသွားရအောင် သရုပ်ဆောင်ဖို့ကျတော့ တော်တော်ခက်ပါတယ်။ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝအတိုင်း အနီးစပ်ဆုံး တူအောင်ပေါ့လေ…။ ငိုတယ်ဆိုတာ သရုပ်ဆောင်တစ်ယောက်အတွက် မခက်ပေမယ့် ဓာတ်ကွက်နဲ့လိုက်ဖက်ပြီး သဘာဝကျကျ Over မဖြစ်အောင် ငိုဖို့ကျတော့ မလွယ်တာ အမှန်ပါပဲ။

ကျွန်တော်တို့ဆီမှာလည်း ရုပ်ရှင်သင်တန်းကျောင်း၊ ရုပ်ရှင်တက္ကသိုလ်တွေ ဘာတွေ အခုမရှိသေးတော့ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ဖို့ဆိုတာ လေ့လာစရာ တော်တော်ရှားပါတယ်။ ဆရာမြတ်လေးရေးနေတဲ့ ရုပ်ရှင်အကြောင်းဆောင်းပါးမျိုးတွေ အများကြီးလိုတယ်။ တကယ် ရုပ်ဆောင်ခဲ့၊ ဖြတ်သန်းခဲ့၊ အကယ်ဒမီတွေဘာတွေ ရခဲ့တဲ့ ဝါရင့်နာမည်ကြီးသရုပ်ဆောင်တွေကလည်း ကိုယ်ဖြတ်သန်းမှုနဲ့ သရုပ်ဆောင်ပညာကို စာအုပ်တွေ ဘာတွေ ရေးရင်သိပ်ကောင်းမှာပါပဲ။ ရှိသင့် ထွက်သင့်တဲ့ အကျိုးပြု စာအုပ်မျိုးတွေပါ။

ရုပ်ရှင်၊ ဗီဒီယိုကို တော်တော်စိတ်ဝင်စားတဲ့ ချာတိတ်တွေက ကျွန်တော့်ကို ဘာစာအုပ်ဖတ်ရမလဲလို့ မေးခဲ့ဖူးတယ်။ ကျွန်တော်လည်း ဘာညွှန်ရမှန်း မသိဘူး။ ရှိတဲ့စာအုပ် သုံးလေးအုပ်ကျတော့လည်း ရုပ်ရှင်စပေါ်တာတို့၊ နိုင်ငံခြားမှာ ဘယ်ကားတွေ ဂန္တဝင်မြောက်အောင် ဘယ်လိုရိုက်ခဲ့တယ်တို့၊ Camara Work တွေနဲ့ ဒါရိုက်တာအတွက်ပဲ ရှိတာ။ ဒါတောင် သုံးလေးအုပ်ပါ။ ဟိုးတုန်းက အဖြူအမဲ နိုင်ငံတကာ ကားကြီးတွေအကြောင်း ရေးထားတာပဲ ရှိပါတယ်။

Acting ကို နားလည်အောင် ဘယ်လိုသရုပ်ဆောင်ရမယ် ဆိုတာကို နားလည်အောင်ရေးထားတဲ့ စာအုပ်မျိုး ကျွန်တော် မညွှန်နိုင်ပါဘူး။ ဒီတော့ အဲဒီလိုမေးလာတဲ့ လူတွေကို တိုက်ရိုက်ရဖို့ မညွှန်နိုင်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တကယ့် အနုပညာပါတဲ့ စာကောင်းပေမွန်တွေ ဖတ်ဖို့ စာအုပ်နာမည်တွေ ကျွန်တော် စုထားရတယ်။ ဘာသာပြန်တွေရော၊ ပင်ကိုယ်ရေးတွေရောပေါ့လေ...။

အဲဒီစာအုပ်တွေဖတ်...။ စာဖတ်တယ်ဆိုတာ စကားလုံးကို အရုပ်နဲ့ ပုံဖော်ခံစားကြည့်တာပဲ။ အဲဒီလိုခံစားရင်း အနုပညာရဲ့ အခြေခံတွေကို သိလာပြီး အနုပညာကိုခံစားတတ်လာတဲ့အခါ အနုပညာဓာတ်ခံနဲ့ ကိုယ်နဲ့ ရင်းနှီးလာတဲ့အခါကျတော့မှ ကိုယ်လုပ်ချင်တဲ့အနုပညာအကြောင်းကို ဆင့်ပွားတွေးယူပေါ့။ တကယ်တော့ သူတို့လို အခုမှ သရုပ်ဆောင်ဖို့ စိတ်ဝင်စားတဲ့လူတွေတင် မကဘူး၊ လောလောဆယ် သရုပ်ဆောင်နေတဲ့ မင်းသား၊ မင်းသမီးတွေပါ အချိန်ကလေးပေးပြီး စာဖတ်ကြရင် ပိုပြီးကောင်းပါတယ်။

လူများကို အနုပညာထုတ်ပေးမယ့်လူဟာ ကိုယ်ကိုယ်တိုင်လည်း အနုပညာပြန်ထည့်ဖို့ လိုကို လိုအပ်ပါတယ်။ သရုပ်ဆောင်မှ မဟုတ်ဘူး၊ အနုပညာကို ဖန်တီးတဲ့လူတိုင်း စာဖတ်သင့်တယ်။ ဖတ်လည်း ဖတ်ကြပါတယ်။

တစ်ခါတော့ မင်းသမီးတစ်ယောက်က စာဖတ်တော့ ဘာအိုက်တင်တွေ တတ်လာမလဲတဲ့။ တော်တော်ဖြေရှင်းရခက်တဲ့ မေးခွန်းပါ။ စာဟာ တိုက်ရိုက်ပေးနိုင်တဲ့ ပစ္စည်းမျိုး မဟုတ်ပါဘူး။ အကြောဆေး သွင်းသလို စာဖတ်ရုံနဲ့ ချက်ချင်း ဘာမှမရနိုင်ဘူး။ ဒါပေမယ့် စာဟာ ဖတ်ပါများလာတဲ့အခါ လူ့စိတ်ရဲ့ အခြေခံတွေကို ညှိပေးပါတယ်။ ခံစားတတ်လာတယ်။ ကိုယ်ချင်းစာတတ်လာတယ်။ နားလည်သဘောပေါက် လွယ်လာတယ်။ ကိုယ်ကြုံရတာထက် ပိုသိလာ၊ ပိုမြင်လာနိုင်တယ်။ ဆင့်ပွားဖန်တီးတတ်လာတယ်...စတဲ့ အချက်တွေကို ပေးနိုင်လိမ့်မယ်ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

သိပ်ကောင်းပါတယ်လို့ ပြောတဲ့ စာအုပ်တစ်အုပ်လောက်ကို ဖတ်ဖူးခဲ့ရုံနဲ့တော့ အဲဒီလိုဖြစ်မှာ မဟုတ်ပါဘူး။ သရုပ်ဆောင်တစ်ယောက်အတွက် စာဖတ်နာတဲ့အခါ ကိုယ့်သရုပ်ဆောင်မှုကို ကိုယ် ထိန်းတတ်လာတယ်။ လိုသလို ကိုယ့်ကိုကိုယ် ခိုင်းလို့ ရလာနိုင်တယ်။ ဇာတ်လမ်းရဲ့သဘောကို တခြားလူ မြင်တာတွေထက် ပိုမြင်လာနိုင်ပါတယ်။ စာဖတ်ခြင်းဟာ ဘယ်အလုပ်ကိုမှ အကျိုးမမဲ့စေပါဘူး။

ရုပ်ရှင် ဗီဒီယိုကို စိတ်ဝင်စားပြီး လုပ်ချင်တယ်ဆိုတဲ့ လူငယ်တွေ တော်တော်များများနဲ့ ဆုံရတဲ့အခါ စာဖတ်တဲ့လူ သိပ်မရှိပါဘူး။ နောက်ပိုင်း လူငယ်ယောက်ျားလေးတွေကတော့ ဖတ်လာတာကို တွေ့ရတယ်။ တချို့က ရုပ်ရည်သင့်တင့်ရင် ငွေကြေးအနည်းငယ် တောင့်တင်းရင် လူများလုပ်သလို လုပ်ပြီး သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ထင်နေကြတာ များပါတယ်။ အဲဒီအချက်တွေဟာ အခြေခံတောင်မှ မလုံလောက်သေးပါဘူး။

သရုပ်မဆောင်ရရင် မနေနိုင်တော့လို့ဆိုပြီး သရုပ်ဆောင်ခြင်း အတတ်ပညာနဲ့ အနုပညာကို သေသေချာချာ လေ့လာ...၊ ရသမှု ဗဟုသုတတွေ၊ အကောင်းဆုံး ရုပ်ရှင်ကားတွေ၊ စာတွေအားလုံး ဖတ်မှတ်လေ့လာပြီး ရုပ်ရှင်လောကကို ကိုယ်ခံအားအပြည့်နဲ့ရောက်လာတဲ့ ဝါသနာရှင် သရုပ်ဆောင်မျိုး တစ်ခါမှ မတွေ့ဖူးဘူး။

ပြီးတော့...လာသမျှ လူအတော်များများဟာ သရုပ်ဆောင်ချင်တာထက် မင်းသမီး၊ မင်းသား လုပ်ချင်တဲ့လူက များပါတယ်။ ကျွန်တော်တော့ သရုပ်ဆောင်မယ်ဗျာ...ဆိုတဲ့လူမျိုး တော်တော်ရှားတယ်။ ကိုယ့်ရုပ်ရည်၊ ကိုယ်လုံးကိုယ်ပေါက် အခြေအနေနဲ့ ဆွဲဆောင်မှုကသာ အဓိက၊ ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုနဲ့ ပတ်သက်လို့ အခြေခံက ဘာမှ နားမလည်၊ ငွေတစ်ခုတည်းနဲ့ မင်းသားလုပ်ရင် သုံးလေးကား ငွေမကုန်သမျှ ရိုက်ပြီးတော့ ပြီးသွားမှာပါပဲ။

မြန်မာနိုင်ငံမှာရှိတဲ့ လူ သန်းလေးဆယ်ကျော်က နှစ်သက်အောင် ကြိုးစားဖို့ဆိုတဲ့ကိစ္စဟာ လွယ်လွယ်ကူကူ မဟုတ်ဘူးဆိုတာကို လွယ်လွယ်ကလေး သိနိုင်ရက်နဲ့ မသိကြတာ တော်တော်အံ့ဩဖို့ ကောင်းတဲ့အချက်ပါပဲ။ လာသမျှ တွေ့သမျှ မင်းသမီး၊ မင်းသားပဲ ဆိုတော့ ကျွန်တော်တို့ဆီမှာ ဦးလေး၊ အဒေါ်၊ အမေ၊ အဖေ၊ ညီမ၊ သူငယ်ချင်း၊ မြို့ဘက်လုပ်မယ့် သရုပ်ဆောင် အတော်ရှားပါတယ်။ အဲဒီလိုအခန်းမျိုးက များများပါပြီးသွားရင် မင်းသား၊ မင်းသမီး မဖြစ်နိုင်ကြတော့လို့ပါ။

ကျွန်တော်ဆက်ဆံရတဲ့ တခြားအသိုင်းအဝိုင်းက အမြဲတမ်း ကျွန်တော့်ကို အပြစ်ပြောကြတာတစ်ခုရှိတယ်။ ကျွန်တော်က တက္ကသိုလ်ကားတွေ အရေးများတော့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ လုပ်ကြတဲ့ သရုပ်ဆောင်တွေက အသက်ကြီးနေကြလို့ပါ။ "မင်းတို့ကွာ... လူမရှိကြတော့ဘူးလား"တဲ့။ ကျွန်တော် ပြန်ဖြေရပါတယ်။ "ဟုတ်ကဲ့...မရှိပါဘူးခင်ဗျာ"လို့။

"ဦးလေးသား ရုပ်ရှင်ရိုက်မယ်ဆိုရင်ရော မင်းသားရဲ့သူငယ်ချင်းနေရာက ဦးလေး ထည့်မလား..."ဆိုတော့ သူလည်း ထပ်မပြောတော့ပါဘူး။ အခုတော့ ရုပ်ရှင်သင်တန်းက ဆင်းတဲ့ သရုပ်ဆောင်လူငယ်တွေရှိလာလို့ နည်းနည်းအဆင်ပြေစ ပြုလာပါတယ်။

Hollywood မှာ ရုပ်ရှင်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူ မှတ်ပုံတင်ထားတာ ဦးရေ လေးသိန်းကျော်ရှိတယ်လို့ ပြောခဲ့ရဖူးပါတယ်။ ကျွန်တော်တို့ဆီမှာ အများဆုံးမှ လူ ၂၀၀၀ ပါပဲ။ လောကတစ်ခု

www.burmeseclassic.com



ကဏ္ဍတစ်ခု တိုးတက်ဖို့မှာ အရည်အချင်းပြည့်မီတဲ့ လူတွေ အများကြီး လိုအပ်ပါတယ်။

ကျွန်တော်တို့ဆီမှာ ဈေးကွက်ဝင်တဲ့ မင်းသား လေးငါးလက်၊ မင်းသမီး ဆယ်လက်လောက်နဲ့ မနေမနား တဂျိမ်းဂျိမ်း ရိုက်နေရတာပါ။ မင်းသား၊ မင်းသမီးအပြင် ကျန်တဲ့ သူငယ်ချင်းတွေ၊ အဖေ အမေတွေ ဆိုလည်း ဒီလူတွေပါပဲ။တစ်ခါတလေ သည်းခံတတ်တဲ့နေရာမှာ အင်မတန် ခံနိုင်ရည်အားကောင်းတဲ့ မြန်မာပရိသတ်ကို ကျေးဇူးတင်ရပါတယ်။

အခု ကျွန်တော်ရေးမယ့်အကြောင်းက ကားကြီးတစ်ကားရိုက်ရင်း သရုပ်ဆောင်တစ်ယောက် လွဲခဲ့ရတဲ့ အကြောင်းကလေးပါ...။ အဲဒီမှာ သရုပ်ဆောင်ရတဲ့ Side Part က သူဌေးနေရာက သရုပ်ဆောင်ရတာပါ။ သူဌေးမှ တော်တော်ချမ်းသာတဲ့ သူဌေးပေါ့လေ...။

အဲဒီသူဌေးက အိမ်မှာ သူငယ်ချင်းသူဌေးကို ဖိတ်ပြီး ဇိမ်နဲ့ အရက်သောက်ကြတဲ့အခန်းကို ရိုက်မှာပါ။ ဇာတ်အရဆိုရင်တော့ သူက မင်းသမီးနဲ့ မင်းသားဇာတ်ကောင်တွေကို ဒုက္ခပေးရမယ့် သူဌေးဆိုပါတော့။

ကျွန်တော်တို့ ရုပ်ရှင်မှာ အရက်သောက်ရင် ပုလင်းထဲ ရေထည့် သောက်ပြီး မူးရတာ များပါတယ်။ တစ်ခါတလေ Restaurant တွေ ဘာတွေမှာ ရိုက်ရင်တော့ ဘီယာတွေဘာတွေ တကယ်ချကြတာပေါ့ များ။ ရေသောက်ပြီး မူးကြရတော့ Acting တွေက Over တွေဖြစ်တာ များပါတယ်။ ကျွန်တော်လည်း အရက်ဝိုင်းတွေ တော်တော်များများ ရောက်ဖူးပါတယ်။ ရုပ်ရှင်ထဲကလို မူးတဲ့ဝိုင်း တွေ့ဖူးတာ တော်တော်ရှား တယ်။ ထားပါတော့လေ... မြန်မာပရိသတ်ကလည်း အရက်ပုလင်းကြီး ချပြီး အရက်သောက်ပြီဆိုရင် အာလေး လျှာလေးကြီးနဲ့ ပြောမှ အရက် သောက်တယ်လို့ ယုံကြည်ကြတာကိုး...။ အပြင်မှာ ဒီလိုမဟုတ်တဲ့

www.burmeseclassic.com



အရက်ဝိုင်းတွေ တွေ့ဖူးပေမယ့် ရုပ်ရှင်ထဲမှာဆိုရင်တော့ ဒီလိုမူးမှ မူးတာပဲ မရဘူး။

ဒါရိုက်တာက သူဌေးသောက်တဲ့ဝိုင်းဆိုတော့ ဖန်ခွက်တာ သိပ် အာလေး လျှာလေးကြီးနဲ့ Over မလိုချင်ဘူးပေါ့လေ။ ပြီးတော့ သူဌေး တွေသောက်မယ့် အရက်ဆိုတော့ ပုလင်းအဖြူကြီးချ ရေထည့်ပေးလို့ လည်း မရဘူးဆိုတော့ ရှုတင်အိမ်က ဝီစကီပုလင်းကြီးကိုချ၊ Lipoကို ရေနဲ့ရောထည့်ပြီး ပေးထားပါတယ်။ ဒါပေမယ့် ခက်နေတာက အမြည်းပါ။ ဘာအမြည်းနဲ့ ကောင်းမလဲပေါ့။ ရိုက်တာက နေ့မဟုတ်ဘဲ ည(၁)နာရီ လောက် ရှိပြီ၊ အမြည်းက ဝယ်ရင် မြို့ထဲသွားရမှာဆိုတော့ ဒါရိုက်တာက လွယ်အောင်ပဲ စီစဉ်လိုက်ပါတယ်။

ရှုတင်အိမ် ရေချိုးခန်းထဲက ကိုယ်တိုက်ဆပ်ပြာအဖြူရောင်အတုံး ကိုယူ ချိစ်လို အပြားကလေးတွေလှီးပြီး ချပေးလိုက်တယ်။ သရုပ်ဆောင် ရမယ့် သူဌေးကြီးတွေကိုတော့ လူရှေ့မှာမို့ မပြောတော့ဘူး…။ ရှုတင် မန်နေဂျာက ချိစ်ပန်းကန်ကလေး ချပေးရင်းနဲ့ "အဲဒါ မစားနဲ့"လို့ပဲ မှာထားတယ်။

ရီဟာဖယ်လုပ်တော့ သရုပ်ဆောင်တစ်ယောက်က ချိစ်ပန်းကန်ကို လက်လှမ်းပါတယ်။ ဒီတော့ ဒါရိုက်တာက လှမ်းအော်ပြီး သတိပေးတယ်။ အရက်သောက်မယ်၊ စကားပြောမယ်၊ ပန်းကန်ထဲကအမြည်းကို မနှိုက်နဲ့ ပေါ့။

အဲဒီမှာ အပြောခံရတဲ့ သရုပ်ဆောင်က နည်းနည်းရှက်သွားပုံ ရပါတယ်။ သိပါတယ်ဗျ…ဟန်လုပ်တာပါ။ ကျွန်တော်မစားပါဘူးလို့ ပြန်ပြောပေမယ့် သူ့စိတ်ထဲမှာ တော်တော်မခံချင်ဖြစ်သွားပုံရတယ်။ ရှုတင်မန်နေဂျာကလည်း မစားနဲ့၊ ဒါရိုက်တာကလည်း မစားနဲ့၊ ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့စားမှာမို့လို့လား။ ဒီအခန်းဟာ သူ့ဒွေးအရက်သောက်တဲ့အခန်းပဲ။ သရုပ်ဆောင်ရင်း ချိစ်စားတာ သဘာဝကျအောင် စားတာ ဘာဖြစ်လဲ။ အမှန်ဆိုရင် ဘဲကင်တို့ ဘာတို့တောင် ပါသင့်တာပေါ့လေ…။

သူ့စိတ်ထဲမှာ တော်တော်မကျေမနပ်ဖြစ်ပြီး ချိစ်ပန်းကန်ကို တေး ထားလိုက်တယ်။

သူ့ဆီမှာကလည်း ပိုင်တဲ့အကွက်တစ်ကွက် ရှိထားတယ်။ ရုပ်ရှင် ကားကြီးဆိုတာ ဖလင်က တော်တော်တန်ဖိုးကြီးပါတယ်။ ရိုက်ချိန် လေးမိနစ်တစ်ပူးကို သုံးသောင်းလောက် တန်တယ်။ ဒီတော့ ရီဟာဇယ်ပြီး လို့ ရိုက်တော့မှ သူ ယူစားမယ်…။ အဲဒီကျရင် ဒါရိုက်တာကလည်း ချိစ်တစ်ပန်းကန်နဲ့ ဖလင်တစ်ပူးကို လဲပြီး သူ့ကို Cut အော်လို့ မရတော့ ဘူးပေါ့လေ…အပိုင်ပဲပေါ့။

ဒီအခန်းမှာ သူပြောရမယ့်စကားက တော်တော်ရှည်ပြီး များပါ တယ်။ ဒီတော့ ရီဟာဇယ် လေးကြိမ်လောက် လုပ်ရတယ်။ ရီဟာဇယ်မှာ သူက ပန်းကန်ကို လှည့်တောင် မကြည့်ပါဘူး။ ဒါရိုက်တာက သူ့ကို အရက်သုံးကြိမ် သောက်ခိုင်းထားတယ်။ ဘယ်စကားမှာ အရက်ခွက်ကို မမယ်၊ဘယ်စကားမှာ အရက်ကို မြှုပ်မယ်။ အသေးစိတ်ကအစ ဒါရိုက်တာ စိတ်တိုင်းကျတော့မှ ရိုက်ဖို့ စပါတယ်။

Action ဆိုကတည်းက သူက ဝီစကီကို မြှုပ်သောက်၊ ခွက်ကို ချပြီး စကားစပြောပါတယ်။ OKပေါ့။ တစ်ခါ ငါးသုံးလုံးတစ်လိပ်ထုတ် မီးညှိပြီး ဖွာတယ်။ သူ့ စကားဆုံးတော့ တခြားလူစကားကို နားထောင် ရင်း ပြုံးပြီး ဝီစကီခွက်ကို လှမ်းကိုင်ပြီး မြှုပ်တယ်။ ပြီးတော့ သူ့စကား ကို မစသေးဘဲ ချိစ်ခွက်ကို သူ ကြိုတင်စိတ်ကူးထားတဲ့အတိုင်း ဒိုတ် အချွန်ကလေး မပြီး လေးငါးခုထိုးပြီး ယူတယ်။ ဒါရိုက်တာ မျက်ခုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တာကို ကင်မရာဘေးမှာ သူ မြင်ပါတယ်။

သူ့ကိုပြောတဲ့စကားကို သူ့ဒွေးကြီး Acting နဲ့ ပြုံးပြုံး ပြုံးပြုံး ခေါင်းညိတ်နားထောင်ရင်း ချိစ်ကို ပါးစပ်ထဲ ထည့်မြုံ့တဲ့အခါကျမှ သူ မှားပြီဆိုတာကို သူ သိလိုက်ပါတယ်။ ဒါရိုက်တာ ဘာကြောင့် မစားခိုင်းတာလဲဆိုတာ သူ သိသွားပြီ။ ဒါပေမယ့်…သူ့ Acting ကောင်းပါတယ်။ ဟန်မပျက် ဆက်ဝါးပြီး သူ့စကားကို အမှားအယွင်းမရှိ ပြောပါတယ်။

ဒါပေမယ့် ပါးစပ်ထဲမှာ သူဝါးနေရတဲ့ ဆပ်ပြာတွေက တံတွေးနဲ့ ရောပြီး ထိန်းမရတော့ဘဲ စကားပြောရင် အမြှုပ်တွေ ထွက်လာတယ်။ ကြိုးစားပြီးထိန်းပေမယ့် မရတော့ပါဘူး။ ဘေးက အတူသရုပ်ဆောင်ရတဲ့ လူတွေလည်း ကြောင်ကုန်တယ်။ ပါးစပ်ထဲက ဘာတွေ ထွက်ထွက်လာတာလည်းပေါ့။ ကြည့်နေတဲ့လူတွေလည်း ကြောင်ကုန်တယ်။ သူ့ကြောင့် ဖလင်မဆုံးရအောင် သူ့မျက်နှာကို အတင်းပြုံးဖြီး ပြောပေမယ့် မရတော့ဘူး။ ဒါရိုက်တာရော၊ သိတဲ့လူတွေရော တဟားဟား အော်ရီပြီး Cut ပစ်လိုက်ရတယ်။

Cut ဆိုတဲ့အသံ ကြားကြားချင်း သူ အတင်းထပြီး ထွေးထုတ်ရင်း ဗလုံးဗထွေးနဲ့ အော်ပါတယ်။

"ကျွန်တော့်ကို ဘာလို့မပြော…၊ ဒါ ဆပ်ပြာဆိုတာ ဘာလို့…"

ဒါရိုက်တာကလည်း ပြန်မဖြေနိုင်ဘဲ အတော်ကြာကြာ ရယ်ပါတယ်။ ဖလင်းဆုံးသွားတာကိုတောင် ဒေါသ မဖြစ်နိုင်တော့ပါဘူး။ သူ့ဒုက္ခကို တွေ့ပြီး ရယ်ဖို့ပဲ သိပါတော့တယ်။

"ငါပြောသားပဲ…၊ အဲဒါ မစားနဲ့ဆိုတော့ မင်းက သိပါတယ် မစားပါဘူးဆို"

ရှုတင်မန်နေဂျာကလည်း…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အစ်ကို့ကို မစားနဲ့လို့ ပန်းကန်ချတုန်းက မှာတာပဲ"

"အဲဒါ ပြောပါလားကွ...၊ ဆပ်ပြာလို့ ပြောပါလား"

သူလည်း ဒေါသလည်းထွက်၊ မစားနဲ့ဆိုတာကို သူ အပိုင်ကြံပြီး စားမှန်းလည်း လူတွေသိသွားတာဆိုတော့ တော်တော်လည်း ရှက်သွားပုံရပါတယ်။

"ကဲပါကွာ...ခဏရပ်ပြီးတော့ တစ်ခုခု သွားဝယ်ပေးလိုက်စမ်းပါ။ သူလည်း ဗိုက်ဆာနေပြီ ထင်ပါရဲ့"

ဒါရိုက်တာစကားဆုံးတော့ လူတွေ အုန်းခနဲ ထပ်ရယ်ကြပါတယ်။

ရှုတင်မန်နေဂျာက သွားဝယ်ပြီး တကယ့်အစားအသောက် စစ်စစ်တွေနဲ့ သူ့ဌေးခန်းကို ပြန်ရိုက်ရတယ်။

ဒါရိုက်တာက ခုနက ရှက်သွားတဲ့သူ့ကို ချော့တဲ့သဘောနဲ့ ဘဲကင်တို့ တကယ့်ချိစ်တို့နဲ့ ပြန်ရိုက်တာပါ။ ရီဟာဇယ်ပြန်လုပ်တော့ သူ အမြည်းပန်းကန်ကို လုံးဝ မနှိုက်တော့ပါဘူး။ ဒါရိုက်တာက...

"ဟော့လူ...အမြည်းလေး ဘာလေး စားဦးလေဗျာ..."

...ဆိုတော့ လူတွေ အုန်းခနဲ ရယ်ကြပြန်ပါတယ်။ သူ တကယ် ရှက်ပြီး မစားလို့ နောက်ဆုံးမှာ ဒါရိုက်တာက သရုပ်ဆောင်တာ သဘာဝကျဖို့ သူ့ကို တောင်းတောင်းပန်ပန်နဲ့ စားခိုင်းရပါတယ်။

တစ်ခါတလေ တော်တော်မထင်မှတ်တာတွေ လွဲတတ်၊ ဖြစ်တတ်ကြပါတယ်။

အဲဒီဇာတ်လမ်းကို ပြောပြသူက မောင်မျိုးမင်း (ရင်တွင်းဖြစ်)ပါ။ အမှတ်တရ ကျွန်တော် ရေးပါတယ်။

ဆပ်ပြာစားတဲ့ သရုပ်ဆောင်ကတော့ ကျွန်တော်နဲ့ သိပ်မရင်းနှီးတာ




www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့ကိုလည်း ရေးမယ့်အကြောင်း မပြောမိတာကြောင့် နာမည် ထည့်မရေးတော့ပါဘူး။

သူ့ကိုလည်း ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကတုံးနဲ့မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ၁

ရုပ်ရှင်ဗီဒီယိုဆိုတာက ကျွန်တော်တို့က တတ်နိုင်သမျှ ဖန်တီးပေးပြီး ပရိသတ်ကို တင်ပြရတာပါ။ ဖန်တီးတဲ့ ကျွန်တော်တို့လူစုက အတတ်ပညာရှင် ၃၀၊ ၃၅ ယောက်လောက်ပေမယ့် ခံစားတဲ့လူက အနည်းဆုံး လေးငါးသောင်း ရှိပါတယ်။ ဒါ သဘာဝကျတဲ့ ကိစ္စတစ်ခုပါပဲ။ အနုပညာတစ်ခုကိုဖြစ်ဖြစ်၊ အတတ်ပညာတစ်ခုခုကိုပဲဖြစ်ဖြစ် ဖန်တီးသူဟာ လူနည်းစုဖြစ်ပြီး ခံစားသူက လူအများစုဖြစ်တတ်လေ့ရှိတာသဘာဝပါပဲ။ သောမတ်အယ်ဒီစင် မီးလုံးလေး ဖန်တီးတုန်းက သူနဲ့ လူလေးငါးယောက်လောက်ပဲ ပါခဲ့မှာပါ။ ဒါပေမယ့် အဲဒီမီးလုံးရဲ့အကျိုးကို ခံစားနေရတာတော့ ကျွန်တော်တို့ တစ်ကမ္ဘာလုံး မဟုတ်လား။

ဗီဒီယိုကားတစ်ကားကို ကြည့်တဲ့အခါ ပရိသတ်က မင်းသမီး မင်းသားနဲ့ ဇာတ်လမ်းနဲ့ပတ်သက်တဲ့ သရုပ်ဆောင်ပညာရှင်တွေလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



သိကြ၊ မြင်ကြရပေမယ့် အဲဒီလူတွေကို ပရိသတ်က ကျေကျေနပ်နပ် ကြည့်ရ မြင်ရအောင် ကြိုးစားပေးတဲ့ နောက်ကွယ်ကလူတွေ အများကြီးပါ။

မီး၊ မှန်ဆရာတွေ၊ အသံဖမ်းဆရာတွေ၊ ပြီးတော့ ဇာတ်လမ်းအချိုးအဆစ်နဲ့ အဝတ်အစားအချိတ်အဆက် မိအောင် မှတ်တမ်းတင်ပေးတဲ့ မှတ်တမ်းတင်ဆရာ၊ မင်းသား၊ မင်းသမီးတွေရဲ့ရုပ်ပုံတွေကို ဇာတ်လမ်းဇာတ်ကွက်အရ လှပအောင်၊ စိတ်ဝင်စားအောင် ရိုက်ပေးခဲ့ရတဲ့ ကင်မရာမင်း၊ ဇာတ်ကားနဲ့လိုက်ဖက်တဲ့ စကားလုံးတွေ ပြောလို့ရအောင် ရေးပေးတဲ့ ဇာတ်ညွှန်းရေးဆရာ၊ အဲဒီအရာတွေအားလုံး အပေါ်မှာ လိုက်လျောညီထွေဖြစ်အောင် ညှိပေး၊ လိုအပ်သလို စီစဉ်ဖန်တီးပေးတဲ့ ဒါရိုက်တာ စသည်ဖြင့် နောက်ကွယ်ကလူတွေ အများကြီး ပါပါတယ်။ ကိုယ်ရေး၊ ကိုယ်ရိုက်၊ ကိုယ်မှန်ထိုးပေးတဲ့ ကားတစ်ကားကို ပရိသတ်က ကြိုက်ကြတယ်၊ နှစ်သက်ကြ၊ ခံစားကြတယ်ဆိုရင် သူတို့ကို ဘယ်သူမှ မသိကြပေမယ့် အဲဒီလူတွေ ပျော်ကြတာပါပဲ။

တစ်ခါတုန်းက ပုဂံကို ရိုက်ကွင်းထွက်ရင်း လက်ပံတန်းမှာ ထမင်းစားဖို့ ကားတွေ ခဏနားကြတယ်။ ကျွန်တော်က ညနေ ရန်ကုန်က မထွက်ခင် စားထားလို့ သိပ်မဆာတာနဲ့ မစားတော့ဘဲ အဲဒီနားကို လျှောက်ကြည့်တော့ ဗီဒီယိုပြတဲ့ရုံတစ်ရုံကို တွေ့ပါတယ်။ ရုံက တော်တော်ကြီးပါတယ်။ ရုံရှေ့မှာလည်း ဈေးတန်းတွေဘာတွေနဲ့။ ကျွန်တော်တို့ရိုက်တဲ့ ဗီဒီယိုကားတွေကို ရန်ကုန်က ရုပ်ရှင်ရုံတွေလို ပိတ်စပေါ်မှာ ဆေးနဲ့ပုံဆွဲ၊ နာမည်တွေရေးပြီး ပြတာပါ။ ရန်ကုန်မှာလို White Board ပေါ်မှာ Point နဲ့ရေးပြီး ကြော်ငြာတာမျိုး မဟုတ်ဘူး။

ကျွန်တော်လည်း ကြုံတုန်း လေ့လာချင်တာနဲ့ တစ်ဆယ်ပေးပြီး

www.burmeseclassic.com



ရုံထဲဝင်ခဲ့တယ်။ ကားကပြနေတာ ၃၅ မိနစ်လောက် ရှိပါပြီ။ ရုံထဲဝင်လိုက်တော့ လူ ၁၀၀ နီးပါးလောက် ရှိပါတယ်။ အပေါက်က ဝင်လိုက်တာနဲ့ အပူငွေ့တွင်းကြီးထဲကို ရောက်သွားသလို ခံစားရတယ်။ လူတွေကငြိမ်ပြီး T.V ဖန်သားပြင်ကို ကြည့်နေကြတယ်။

ဆေးလိပ်ငွေ့တွေက အူလို့။ T.V ကထွက်နေတဲ့ အလင်းနဲ့ မသဲကွဲတဲ့ ပရိသတ်ရဲ့မျက်နှာကို တွေ့ရတယ်။ ပူအိုက်လှောင်နေတဲ့ဒဏ်ကိုရော၊ ကြပ်သိပ်နေတဲ့ဒဏ်ကိုရော သူတို့ ခံစားမိကြပုံ မရပါဘူး။ သူတို့ ခံစားမှုက T.V မျက်နှာပြင်ပေါ်က အရုပ်တွေပေါ်မှာ ရှိနေတာကိုး…။

ရုတ်တရက် ပရိသတ် ဆူဆူညံညံအသံကြားရလို့ T.V ကို လှမ်းကြည့်တော့ လူကြမ်းလုပ်တဲ့သူက မင်းသမီးဆီကို လျှောက်လာတာ ကိုး…။

"အဲဒီအကောင်ကို စကားပြန်ပြောမနေနဲ့၊ ပါးရိုက်ပစ်"

"မျက်နှာကို ကြည့်ပါလား။ သေချင်းဆိုး၊ ကာလနာ…"

"အဲဒီကောင်စကားတွေ ယုံမနေနဲ့။ လိမ်တာ…လိမ်တာ နှင့် ညီမကို သူပဲ ဖျက်ဆီးတာ"

"မအေပေးက မျက်နှာအမျိုးမျိုးပဲ"

…စသည်ဖြင့် ဝိုင်းပြောလိုက်ကြတာ တစ်ရုံလုံးကို ဆူညံသွား တာပဲ။ တကယ် မလွယ်ပါလား…။ သူတို့စိတ်ထဲမှာ လူဆိုး၊ လူကြမ်းက သူတို့ကို လာပြောနေတယ်။ သူတို့ညီမသားချင်းတစ်ယောက်ကို စော်ကား နေတယ်လို့ကို ခံစားပြီး ပြောနေကြတာပါ။

ကျွန်တော်ရှေ့ခပ်လှမ်းလှမ်းက မိန်းမတစ်ယောက်ဆို တစ်ထွာခွဲ ထိုင်ရင်း ရင်ခွင်ထဲမှကလေးကို နို့တိုက်ရင်း ကြည့်နေတာ။ လူဆိုး ထွက်လာလို့ ခါးဆန့် လက်ညှိုးထိုးပြီး ရန်တွေ့တော့… ရင်ခွင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ကလေးက နို့နဲ့ လွတ်သွားတယ်။ ကလေးက နို့ကိုပြန်ဟတ်လို့ ရှာမတွေ့တော့ ထငိုတယ်။ သူ့ရင်ခွင်ထဲက ကလေးကို သူ ဂရုမစိုက်နိုင်ပါဘူး။ T.V ပေါ်က လူကြမ်းကိုပဲ ရန်တွေ့နေတာ။ အဲဒီအခန်း ပြီးမှပဲ စကားသံ တိတ်သွားတော့တယ်။

နောက် တစ်ခန်းနှစ်ခန်းပြီးတော့ Play Back လာပါတယ်။ မင်းသားနဲ့မင်းသမီး ပန်းခြံတို့ တိရစ္ဆာန်ရုံတို့ ကန်တော်ကြီးတို့မှာ ပြေးရင်းလွှားရင်း ကရင်းနဲ့ပါ။ သီချင်းက ရင်ဂိုရဲ့ 'တောင်ပံပါရင် မင်းဆီကို...' ဘာပြောကောင်းမလဲ တစ်ရုံလုံး လိုက်ဆိုကြတာ...Sound Boxက ထွက်တဲ့အသံ ကြားကို မကြားရတော့ဘူး။

ကျွန်တော်လည်း ဆက်လေ့လာချင်ပေမယ့် ရုံထဲက အပူလှိုင်း ဒဏ်ကို မခံနိုင်တော့တာရယ်၊ အချိန် သိပ်မရတာရယ်ကြောင့် ပြန်ထွက်လာခဲ့ရတယ်။ သူတို့ ဒေါသဖြစ်၊ ကြည်နူးနေတာတွေဟာ ကျွန်တော့်အတွက်တော့ ဘာမှကို မထူးခြားဘူး။ ဒါပေမယ့် ကျွန်တော် မြင်နေခဲ့ရတာလည်း ကျွန်တော့်ကို လိမ်နေခဲ့တာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတာ။

ကျွန်တော်တို့ဖန်တီးလုပ်ကိုင်နေတဲ့ ကိစ္စတွေအပေါ်မှာ ဒီလောက်ခံစားနေတဲ့လူတွေကို တွေ့လိုက်ရတော့ ရင်ထဲမှာတစ်မျိုးကြီးဖြစ်ပြီး ကြောက်လည်း ကြောက်သွားပါတယ်။

ဆရာအော်ပီကျယ်ရေးပေးခဲ့တဲ့ ကာတွန်းတစ်ခုကို သတိရတယ်။ ယောက်ျားတစ်ယောက်က ကျောမှာ ဓားတန်းလန်းကြီးနဲ့ လဲလို့၊ မိန်းမတစ်ယောက်က နံဘေးနားမှာ ထိုင်နေတယ်။ ဒါပေမယ့် ယောက်ျားဘေး ထိုင်နေတဲ့ မိန်းမရောပါ ပြုံးနေတယ်။ သူတို့နောက်မှာ ဒါရိုက်တာ၊ အသံဖမ်း၊ မီး၊ မှန်၊ ကင်မရာအဖွဲ့တွေအားလုံးလည်း ပြုံးနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကွက်ကကျတော့ အဲဒါကို ပရိသတ်ရှေ့မှာ ပြနေတဲ့ အကွက်ပါ။ ယောက်ျားကမှောက်လို့ မိန်းမက ပရိသတ်ကို ကျောပေးလို့။ အောက်ကကြည့်နေကြတဲ့ ပရိသတ်တွေက ဝမ်းနည်း၊ ဒေါသဖြစ်၊ ကြောက်လန့်လို့…။

ဆရာအောင်ပီကျယ်ရဲ့ နှစ်ကွက်ထဲပါတဲ့ ကာတွန်းရေးကွက်က ကျွန်တော့်အတွက်တော့ တော်တော် တာသွားပါတယ်။ ဆရာအောင်ပီကျယ်လည်း ကျွန်တော့်လို နယ်သွားရင်း VIDEO များ ဝင်ကြည့်ခဲ့ဖူးသလားပဲ။

ဒါရိုက်တာကလည်း လိုချင်တဲ့အကွက်ကို ရလို့ ကျေနပ်ပြီးပြီးမယ်။ ကင်မရာမင်းကလည်း သူလိုချင်တဲ့ အရုပ်ကို ရလို့ ကျေနပ်ပြီးပြီးမယ်…။ မင်းသား၊ မင်းသမီးကလည်း သူတို့ သရုပ်ဆောင်နေရတာကို ကျောဘက်ကရိုက်နေတော့ ဘာမျက်နှာအိုက်တင်မှ မရှိတော့ ဓားနဲ့ထိုးပြီး မှောက်ရက်ကြီး လဲနေရတာကို ရယ်ချင်မှာပါပဲ။ ဝမ်းနည်းထိတ်လန့် ဒေါသထွက်ရတာကတော့ ဇာတ်လမ်းကို အစီအစဉ်အတိုင်း ကြည့်နေရတဲ့ ပရိသတ်ပါပဲ။

အဲဒီအဖြစ်မျိုး ကျွန်တော် တစ်ခါကြုံခဲ့ဖူးပါတယ်။

ကျွန်တော်ရေးတဲ့ ကားနာမည်ကိုတော့ မမှတ်မိတော့ပါဘူး။ မင်းသားက မှောက်ရက်လဲပြီး မင်းသမီးက သူ့အပေါ်ကဖက်၊ ဆွဲမပြီး ငိုတဲ့အခန်းကို ရိုက်တာပါ။

မင်းသားက လှဲချလိုက်လိုက်ချင်း သူ့လက်က ခေါက်ပြီး မြေကြီး အောက်မှာ ပိနေတယ်။ မင်းသမီးဆွဲလှန်မှ ထုတ်မယ်ပေါ့လေ။ မင်းသမီး ကလည်း မျက်နှာမှောက်ရက် ချိုပြီး ခေါင်းပြန်မော့လာလိုက်၊ မင်းသားကို ဆွဲမထူဘဲ ပြန်မှောက်ရက်ချလိုက်နဲ့ စီစဉ်ထား၊ ညှိထားကြသလို ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



မ မပါဘူး။ နောက်ဆုံး ငိုစရာအခန်းသာ ပြီးသွားတယ် မင်းသားကို ဆွဲ မ မဘူး။

ဘယ်…ဆွဲမလို့ ရမလဲ၊ မှောက်ရက် ခေါင်းငုံ့ပြီး ငိုကတည်းက သူလည်ပင်းက ဆွဲကြိုးက အောက်က မင်းသားရဲ့ အင်္ကျီကြယ်သီးနဲ့ ငြိနေတာကိုး…။ မင်းသမီး ခေါင်းမော့တော့ ဆွဲကြိုးကို ဆောင့်ဆွဲထားသလို ဖြစ်နေတော့ မင်းသားကို လှန်ဖို့နေနေသာသာ သူကိုယ်တိုင်ကို ခေါင်းမဖော်နိုင်ဘူး။ အောက်ကမင်းသားလည်း လက်တော်တော်နာသွားတာပေါ့လေ…။ ပရိသတ်က လွမ်းရမယ့်အခန်းပေမယ့် သူတို့ရောက်နေတဲ့ဒုက္ခက တစ်မျိုးပါ။

Cut ဆိုတော့မှပဲ မင်းသမီးက မျက်ရည်တွေနဲ့ တခွီးခွီး ရယ်ပါတယ်။ သူ့ဆွဲကြိုးက အခုထိ ချွတ်မရသေးတာ။ အောက်က မင်းသားကလည်း လက်နာနေတာ ဘာဖြစ်လို့ ဆွဲမလိုက်၊ ပြန်ချလိုက် လုပ်နေရတာလဲပေါ့။ ဆွဲကြိုးကို တော်တော်ဖြုတ်ယူရပါတယ်။

အခု ကျွန်တော်ရေးချင်တာက ရုပ်ရှင်ဘက်မှာရော၊ သီချင်းခွေတွေဘက်မှာပါ တဟုန်ထိုးနာမည်ကြီးနေတဲ့ ထွန်းအိန္ဒြာဗို ကြုံခဲ့ရတဲ့ ဖြစ်ရပ်ကလေးတစ်ခုပါ။ သူကိုယ်တိုင် ပြန်ပြောပြလို့ အမှတ်တရ ရေးဖြစ်ပါတယ်။

ထွန်းအိန္ဒြာဗိုဟာ ကျွန်တော် ပထမဦးဆုံး စရေးဖြစ်တဲ့ကားက မင်းသမီးပါ။ ၁၉၉၃ ခုနှစ်တုန်းက ကိုမျိုးမင်းက ကျွန်တော့်ကို ဇာတ်ညွှန်းအတွက် စငှားတဲ့ကား "မိုးယံသို့ လွင့်ပျံသော" ဆိုတဲ့ ကားပါ။ ထွန်းအိန္ဒြာဗိုနဲ့ ကျွန်တော် ကံစပ်တယ်လို့ပဲ ပြောရမလား၊ ကျွန်တော့်ဘဝရဲ့ အရေးကြီးတဲ့ ဖြစ်ရပ်နှစ်ခုနေရာမှာ သူက ကျွန်တော့် ရည်းစားတွေနေရာကပဲ နှစ်ခါ သရုပ်ဆောင်ခဲ့ဖူးပါတယ်။

www.burmeseclassic.com



ပထမကားက "နတ်သမီးထောင်ချောက်"ဆိုတဲ့ ဗီဒီယိုကားမှာပါ။ ဒုတိယကားက "မကြည်ပြာ"ပေါ့။ နတ်သမီးထောင်ချောက်မှာ လွင်မိုးက ရဲဝင်းအဖြစ် သရုပ်ဆောင်ပြီး သူက ကျော်ကျော်မေဆိုတဲ့ မိန်းကလေးနေရာက သရုပ်ဆောင်ခဲ့ပါတယ်။ နက္ကတစ်များမှာ သူက ကြည်ပြာအဖြစ် သရုပ်ဆောင်ပြီး လွင်မိုးက ရဲဝင်းအဖြစ်ပဲ သရုပ်ဆောင်ကြပါတယ်။

မခိုင်က ရဲဝင်းရည်းစားဖြစ်တာ နှစ်ခါရှိပြီနော်လို့ ကျွန်တော်ပြောတော့ သူ ရယ်ပါတယ်။ "အင်း...ဟုတ်ပါရဲ့"တဲ့...။

အခုလည်း ကျွန်တော်ရေးပြီး ဒါရိုက်တာ ကိုပြည့်ဝရိုက်တဲ့ "အချစ်ကြောက်သူများ' ဗွီဒီယိုကားမှာ မခိုင်ကို သီလရှင်ဝတ်ဖို့ ကြုံလာပါတယ်။ ကျွန်တော်တို့ တိုက်တွန်းကြတော့ မခိုင်က သူ့စိတ်ထဲမှာလည်း ဝတ်ချင်နေတယ်၊ အလုပ်က မအားတာနဲ့ မလုပ်ဖြစ်တာ။ နည်းနည်းရက်နဲ့ အခြေအနေကြည့်ပြီးတော့ သူဝတ်ဖို့ ဆုံးဖြတ်ပါတယ်။ ဒီလိုမှ မဝတ်ဖြစ်ရင်လည်း သူတို့လို အလုပ်များတဲ့ လူမျိုးဟာ ဘာသာရေးနယ်ထဲရောက်ဖို့ သိပ်မလွယ်လှပါဘူး။

အခု သူပြန်ပြောပြတဲ့ကိစ္စက သီလရှင်ဝတ်ပြီးမှ ဖြစ်တာပါ။

သူ သီလရှင်ဝတ်လိုက်တဲ့အတွက် အလုပ်တွေ သိပ်မထိခိုက်လှပါဘူး။ အရင်တုန်းကလည်း မူလဆံပင်အစား ဆံပင်တုတပ် သရုပ်ဆောင်တာများတော့ မထူးဘူးလေ...။ ဆံပင်တု တပ်ရတာတောင် ပိုသေသေသပ်သပ် ရှိသွားတာပေါ့။ သီလရှင်ထွက်တာနဲ့ တန်းစီနေတဲ့ အလုပ်တွေကို သူ ဆက်လုပ်ရတာပဲ။

အဲဒါနဲ့ ဒါရိုက်တာသန်းဖေလေးရိုက်ကူးတဲ့ "နှင်းဆွတ်တောင်ပြန်လေ" ဆိုတဲ့ကားမှာ မခိုင်က မင်းသား ဝေဠုကျော်နဲ့ တွဲသရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ထားရပါတယ်။ တစ်ကားလုံး အဆင်ပြေပါတယ်။ နောက်ဆုံး ဇာတ်သိမ်းခန်းရိုက်တဲ့နေ့ကို ရောက်လာတယ်။

ဇာတ်သိမ်းမှာက မခိုင် ကားတိုက်ပြီး သေရမယ့်အခန်း…။

အရေးကြီးတဲ့အခန်းဆိုတော့ အားလုံး သတိထားရပါတယ်။ မခိုင်ကို ကားတိုက်ပြီးတာနဲ့ ဝေဠုကျော် ပြေးလာ…၊ မခိုင်ကို ဖက်ပြီး ငို…၊ မခိုင်ကလည်း ငိုရင်း ရင်နင့်သွားမယ့် စကားတစ်ခွန်း နှစ်ခွန်းပြော၊ ပရိသတ်လဲ လွမ်းပေါ့…။

ရိုက်ကွင်းမှာ ကားတိုက်မယ် Timing တွေ ဘာတွေတွက်၊ မင်းသားဝေဠုကျော်ကလည်း ငိုဖို့အတွက် မျက်ရည်ချ။ Mood သွင်းပေါ့လေ။ သိတယ်မဟုတ်လား…သူက ဒီအခန်းမှာ အပြည့်ယူရမှာ…။ ဝေဠုကျော်ငိုရင် ပရိသတ်တွေလည်း မျက်ရည်ရွဲပေါ့။

အားလုံး Ready ဖြစ်တော့ စရိုက်တယ်။ မခိုင်ကို ကားတိုက်၊ မခိုင် လွင့်စင်ပြီး လိမ့်ထွက်သွား။ ဝေဠုက နာမည်ခေါ်ရင်း ပြေးလာပြီး ကောက်ပွေ့၊ ကျစ်ကျစ်ဖက်ပြီး အားရပါးရ ငိုမယ်လုပ်တော့ မခိုင်မှာ ဆံပင်မရှိတော့ဘူး…၊ ကတုံးကြီးနဲ့ ဖြစ်နေပြီ။

ကားတိုက်လို့ လွင့်တဲ့ လိမ့်တဲ့အရှိန်၊ ဆွဲထူတဲ့ အရှိန်တွေကြောင့် ဆံပင်တုက ကျွတ်ထွက်သွားတာပါ။ ကြည့်နေကြတဲ့ပရိသတ်လည်း တအုံးအုံးရယ်ကြ၊ မင်းသား၊ မင်းသမီးတွေလည်း မျက်ရည်တွေနဲ့ ရယ်ကြပေါ့။

တစ်ခါတစ်ရံမှာ ကျွန်တော်တို့အလုပ်ဟာ ဒီလိုပါပဲ…။

ပရိသတ်ကို ရယ်ရအောင်လုပ်ရင်း ကိုယ် တော်တော် မရယ်နိုင်တာတွေ ကြုံရတတ်သလို၊ ပရိသတ်ကို ငိုရ၊ လွမ်းရအောင်လုပ်ရင်း ကိုယ့်မှာ ရယ်ရတာတွေလည်း ရှိပါတယ်…။

www.burmeseclassic.com

www.burmeseclassic.com



အတည်လုပ်၊ အပြီးလုပ်ကြတဲ့အချိန်မျိုးမှာမှ လွဲသွားတဲ့ လွဲချော်မှုမျိုးရဲ့ဒဏ်ကို ဘယ်သူမှ မခံနိုင်ကြပါဘူး။

ခံစားကြတဲ့ပရိသတ်ကတော့ အဲဒီလွဲတာတွေကို မသိဘဲ ခံစားရတော့ လွမ်းစရာရှိ လွမ်း၊ ရယ်စရာရှိ ရယ်၊ ဒေါသဖြစ်စရာရှိ ရှိကြပေါ့လေ…။

ကျွန်တော်တို့မှာက အတွင်းကနေသိနေတဲ့ လူတွေဆိုတော့ ကိုယ်ဖန်တီးထားတဲ့ ကားတစ်ကားကို ပြန်ကြည့်တဲ့အခါ လိုတာတွေ၊ ပိုတာတွေ၊ အဲဒီတုန်းက နောက်ကွယ်မှာ ဖြစ်ကြတာတွေကို သိနေလေတော့ ဘာမှမသိတဲ့ ပရိသတ်လောက် မခံစားရတော့ဘဲ ခံစားမှု ဆုံးရှုံးတဲ့ ဒဏ်ကို ခံရပါတယ်။ဒါကြောင့် အားလုံးသိနေရင် မကောင်းဘူးဆိုတဲ့ စကား ပေါ်လာတာ ဖြစ်ပါလိမ့်မယ်။

❁❁❁




www.burmeseclassic.com

www.burmeseclassic.com

ခြောက်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ညဘက် သွပ်ပြားမိုးထားတဲ့ အိမ်ခေါ်မိုးပေါ်မှာ မိုးသံကလေး တဖျောက်ဖျောက်နဲ့ စောင်ကလေးခြုံပြီး ကွေးရတဲ့ အရသာဟာ တော်တော့်ကို ဇိမ်ရှိပေမယ့် ကျွန်တော်တို့ ဗီဒီယိုပတ်ဝန်းကျင်အတွက်တော့ မိုးရာသီဟာ တော်တော်ဒုက္ခပေးတဲ့ ရာသီပါ။ မိုးမရွာတဲ့ နေ့မျိုးတွေမှာ တောင်မှ တိမ်ထုက ရှိနေလေတော့ နေက တိမ်ကွယ်သွားလိုက်··· ပြန်ထွက်လာလိုက်နဲ့ဆိုတော့ မှန်တွေမငြိမ်ရင် ရိုက်လို့ မရပါဘူး။ တစ်ခါ တလေ Cut ကလေး တစ် Cut ရဖို့ နှစ်နာရီလောက် စောင့်ခဲ့ရဖူးတာ တွေ ရှိတတ်ပါတယ်။

ကျွန်တော့်ရဲ့ဝတ္ထု မကြည်ပြာရဲ့ ချစ်ခြင်းရဲ့နက္ကတစ်များကို ရိုက် တုန်းက ပေပါမွန်းထုတ်လုပ်ရေးက ကိုညီ ပြောဖူးတယ်။ မနေ့က မိုးလင်း မိုးမရွာအောင် ဘုရားရှိခိုးရတာ ခါးတွေလည်း နာနေပြီ···။ တာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဗီဒီယိုထက် စက်ကြီးကို ရွှေ့ရပြောင်းရ နေရာချရတာ ပိုခက်တာမို့ တစ်နေ့မှ (၃)ခန်းလောက်ပဲ ပြီးတတ်တာကိုး...။ မိုးအုံ့နေရင် လုံးဝရိုက်ဖို့မလွယ်ဘူး။ မိုးများရွာလိုက်ရင် ထိုင်နေပေတော့။ နေကလေးထွက်တော့ စက်ရွှေ့၊ စကားတွေကျက်၊ ရီဟာဇယ်လုပ်၊ ရိုက်မယ်လည်းဆိုရော နေက တိမ်ကွယ်သွားပြန်ရော။ အဲဒီတော့ ကိုညီက ကောင်းကင်က တိမ်ထုကြီးကို မော့ကြည့်ပြီး ပြောပါတယ်။

"BOSS နဲ့ မရေးဘဲ Heart ထိတယ်ဗျာ"တဲ့။

အဲဒီတော့ ဘာနဲ့ရေးရေး Heart မထိရအောင် မိုးရာသီဆို ကျွန်တော်တို့ ဗီဒီယိုရုပ်ရှင်အဖွဲ့တွေဟာ နယ်တက်ကြပါတယ်။ မြန်မာနိုင်ငံမှာ မိုးနည်းဒေသတွေဖြစ်တဲ့ မန္တလေး၊ မေမြို့၊ တောင်ကြီး၊ ကလော၊ ပုဂံ၊ ကျောက်ပန်းတောင်း၊ ပုပ္ပါး စတဲ့ဘက်တွေကို ဇာတ်လမ်းစဉ်ပြီး ထွက်ရတတ်ပါတယ်။ ကားလည်း စိတ်ချမ်းသာ လက်ချမ်းသာရိုက်ရ၊ ဘုရားဖူးရင်း နေရာစုံလည်း ရောက်ရပေါ့လေ။

နယ်ထွက်ရတာ တော်တော် ပျော်စရာကောင်းပါတယ်။ မိသားစုနဲ့ မဟုတ်ဘဲ အလုပ်ကိစ္စနဲ့ လွတ်လွတ်လပ်လပ်၊ အဖွဲ့ကလည်း လူများဆိုတော့ ကားနဲ့ပဲသွားသွား ရထားနဲ့ပဲလစ်လစ် ပျော်စရာချည်းပါပဲ။ ဒီတစ်ခါ ကျွန်တော်တို့ ပုဂံ၊ ပုပ္ပါး၊ ကျောက်ပန်းတောင်းဘက်သို့ (၃)ကား စီစဉ်ပြီး ထွက်ခဲ့ကြတာပါ။

ဒုတိယတစ်ကား စရိုက်နေတုန်း နောက်ရုပ်ရှင်အဖွဲ့နဲ့ သွားဆုံပါတယ်။ အဲဒီအဖွဲ့ နယ်ကြိုက်ကားတွေရိုက်တဲ့ အဖွဲ့ပါ။ သူတို့က (၅)ကား စလုံး နယ်ထွက်ရိုက်တာတဲ့။ ကျွန်တော်ပြောခဲ့တဲ့ နယ်ကြိုက်ကား ဆိုတာ က ကျွန်တော်တို့ ရိုက်လေ့ရှိတဲ့ကားမျိုး မဟုတ်ပါဘူး။ သူက ဇာတ်လမ်း ဇာတ်အိမ်ကို ရှာမှာ၊ တောမှာပဲ အခြေတည်ရတာပါ...။ ကျပန်းခေတ်



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကားတို့ အင်္ဂလိပ်ခေတ် တော်လှန်ရေးကားတို့ စသည့် ခေတ်အခြေအနေကို လိုက်ပြီး Fighting တွေ အထိုးအကြိတ်တွေနဲ့ ဇာတ်လမ်းကို သွားရတာ။

ကျွန်တော့်မှာက ရှာအတွေ့အကြုံ ဖြတ်သန်းမှု လုံးဝမရှိသလောက် ဆိုတော့ အဲဒီလိုကားမျိုးတွေ ကျွန်တော် မပိုင်ပါဘူး။ သူတို့အဖွဲ့လူစုက ကျွန်တော်တို့အဖွဲ့ထက် အယောက် ၂၀ လောက် ပိုပါတယ်။ လူကြမ်းနဲ့ ယမ်းဖောက်ခွဲတဲ့လူတွေ ပိုနေတာပါ။ ကျွန်တော်လည်း နယ်မှာဆုံတုန်း ကိုယ်မသိတဲ့ကိစ္စတွေ သိထားရအောင် ကျွန်တော့်ရိုက်ကွင်းမှာ မနေဘဲ သူတို့ရိုက်ကွင်းကို သွားလေ့လာပါတယ်။ ကျွန်တော်တို့ရိုက်ရတဲ့ ကားတွေ ထက် ပိုပြီး ပင်ပန်းပါတယ်။

လူဆိုးအဖြစ် သရုပ်ဆောင်ရတဲ့ ဇာတ်ပို့တွေဆို Fighting ခန်းတွေမှာ ဂျွမ်းထိုးပြီး ကျရတာတို့၊ တောင်စောင်း တောင်ကပါးယံက လိမ့်ချရတာတို့၊ ပစ်ခတ်တဲ့ အခန်းတွေမှာ မြှုတ်ထားပြီးသား ယမ်းတွေ မထိအောင် တိုင်ပင်ကိုက် ရှောင်ရ၊ ဂျွမ်းထိုးရတာတို့နဲ့ အထိအခိုက် လည်း အနည်းအကျဉ်း ရှိတတ်ကြပါတယ်။

ကျွန်တော့်အတွက်တော့ မြင်နေကျ မြင်ကွင်းတွေနဲ့ မတူတဲ့ ဗဟုသုတရတာနဲ့ပဲ သုံးလေးရက် သွားကြည့်မိပါတယ်။ ကျွန်တော်ကြည့် ရင်းနဲ့ပဲ သူတို့ဇာတ်လမ်းကို ဇာတ်ညွှန်းသမားပီပီ ရိပ်မိ သိလာပါတယ်။ မသိစရာလည်း မရှိပါဘူး။ သူတို့ဇာတ်လမ်းက ကြားဖူးနေကျ ဇာတ်မျိုးပါ။

တော်လှန်ရေးကာလမှာ ညီအစ်ကိုနှစ်ယောက် ကွဲသွားကြပါတယ်။ တစ်ယောက်က အမေနဲ့၊ တစ်ယောက်က အဖေနဲ့ ပါသွားပြီး တစ်ပက် နဲ့တစ်ဘက် သေကုန်ပြီလို့ ထင်ကြတယ်။ အစ်ကိုက ရွာပေါ်ရွာမှာ ရိုးရိုးသားသားနဲ့ ကြီးလာပြီး... ညီကတော့ ဂျပန်တွေနဲ့ပေါင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဆိုးတဲ့ ဂျပန်အလိုတော်ရိ ဖြစ်သွားတယ်။ ညီအစ်ကိုနှစ်ယောက် မသိကြဘဲ တောကဲ့ ကွမ်းတောင်ကိုင်မလေးကို ချစ်၊ တစ်ယောက်နဲ့ တစ်ယောက် ရန်သူဖြစ်ပြီး အရမ်းမုန်းနေကြတယ်။

နောက်ဆုံး ညီက မင်းသမီးကို ဖမ်းခေါ်သွား…၊ အစ်ကိုက လိုက်ကယ်၊ အစ်ကိုပါ ဖမ်းမိ၊ နှိပ်စက်တော့ ဆွဲကြိုးကလေးတွေ၊ ညီအစ်ကိုမုန်းသိ။ ညီက အစ်ကို့ကို ကယ်ပြီး ထွက်ပြေး၊ နောက်က ဂျပန်တွေက လိုက်ချ၊ အဲဒီလိုပေါ့ဗျာ…။

အဲဒီဇာတ်မျိုးဟာ နယ်ကလူတွေအတွက် သူတို့ဘဝ သူတို့ဓလေ့တွေကို အခြေခံထားတာ…။ သူတို့ဖြစ်နေတဲ့ ပြဿနာမျိုး၊ သူတို့ အသက်မွေးဝမ်းကျောင်းမျိုး၊ သူတို့ ပျော်ရွှင်မှုမျိုးကို ခံစားထားတာဖြစ်တဲ့ အတွက် တော်တော် နှစ်သက်ကြပါတယ်။

ကျွန်တော်ရောက်သွားတော့ အခန်းတစ်ခန်းကို ရိုက်ဖို့ ပြင်ဆင်နေကြပါတယ်။

အခန်းက ဇာတ်ကားရဲ့ အရှိန်အမြင့်ဆုံးအခန်း (Tampo)ပါ။ နောက်က ဂျပန်တွေလိုက်ချလို့ ညီရော အစ်ကိုရော သူတို့ချစ်သူပါ ပြေးနေရချိန်…။ ညီရော အစ်ကိုပါ ဒဏ်ရာက အနည်းအကျဉ်း ရနေကြပါပြီ။

ကားမရိုက်ခင် ပြဿနာတစ်ခု တက်လာပါတယ်။

တက်တဲ့ပြဿနာက ချရင်း ပြေးလွှားလိုက်ရတာဆိုတော့ ညီ လုပ်တဲ့သူ ကိုင်တဲ့သေနတ်က ပြောင်း လေးလက်မလောက် ကျိုးသွားတာပါ။ ရုပ်ရှင်ထဲမှာ သေနတ်ပစ်တဲ့အခန်းပါရင် သေနတ်အစစ်တွေ ကိုင်ရပါတယ်။ ဘားလမ်းမကြီးပေါ်က တိုလီမိုလီအဟောင်းရောင်းတဲ့ ဆိုင်မျိုးမှာ တွေ့ရတတ်တဲ့ ခြောက်လုံးပြူးမျိုးပါ။ ကော်နဲ့ကပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ပစ်လို့မရတာကလွဲရင် အရွယ်အစားရော ပုံစံပါ တော်တော့်ကို တူပါတယ်။ ကလေးတွေ ကစားဖို့ ဆိုပေမယ့် ကျွန်တော်တို့ ရုပ်ရှင်ထဲမှာတော့ လူကြီးတွေ ကစားကြပါတယ်။

ခက်တာက အဲဒီသေနတ်ကျိုးသွားတော့ နောက်အစားထိုးဖို့ ပုံစံတူ သေနတ်တစ်လက် မရှိဘူး။ အခန်းဆက် ဖြစ်နေတော့ တခြားသေနတ်တစ်လက်လည်း ပြောင်းကိုင်လို့ မရဘူး ဖြစ်နေတာ။ သေနတ်ကျိုးသွားတာက ယမ်းသေတ္တာတွေ၊ Sun Gun အတွက် ဘက်ထရီတွေနဲ့ ပိပြီး ကျိုးသွားတာ။

ဒီအခန်းမှာလည်း ဒဏ်ရာရနေတဲ့ ညီက အစ်ကိုနဲ့ ချစ်သူကို ပြေးခိုင်းပြီး သူတစ်ယောက်တည်း ဂျပန်တွေကို ခံချမယ်ပေါ့။ အစ်ကိုကလည်း အခုမှတွေ့ရတဲ့ ညီလေးကို မထားခဲ့နိုင်ဘူး။ သူသာ နေခဲ့မယ်၊ ညီလေးနဲ့ ချစ်သူ ပြေးပေါ့...။ အဲဒီမှာတင် ညီက လက်ထဲကသေနတ်နဲ့ အစ်ကို့ကို ထိုးချိန်ပြီး ပြေးခိုင်းမှာ။ ဒီခြောက်လုံးပြူးသေနတ်က မပါလို့ကို မပြီးဘူး...။ တစ်လက်သွားဝယ်ရအောင်ကလည်း ရောက်နေတာက ကျောက်ပန်းတောင်းနားက ရွာမှာ။ ရန်ကုန်မှာမဟုတ်တော့ ဘယ်လိုမှ မရနိုင်ဘူး။ သူတို့ ဘယ်လိုဖြေရှင်းကြမလဲလို့ ကျွန်တော်လည်း စိတ်ဝင်စားပြီး ကြည့်နေလိုက်တယ်။

အမျိုးမျိုးကြံဆပြီးတော့မှ နောက်ဆုံး အားလုံးရဲ့ ဆုံးဖြတ်ချက်က ဒီသေနတ် မပါလို့ကို မရဘူး။ ဒီတော့ ကျိုးသွားတဲ့သေနတ်ပြောင်းကို ဖယောင်းတိုင်မီးထွန်း၊ မီးအပူပေးပြီး ပြန်ကပ်မယ်ပေါ့...။

သေနတ်ကျိုးသွားတဲ့ပုံစံက နှစ်ပိုင်းပြတ်ထွက်တာ မဟုတ်ဘဲနဲ့ ဘယ်ဘက်မှာ တဲတဲကလေး ကျန်နေတာဆိုတော့ ကြိုးစလို့တော့ ရှိုးမယ်လို့ ထင်ရတယ်။ မီးအပူပေးပြီး ပြန်ဆက်ကြတော့ ဆယ့်ငါးမိနစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ကြိုးစားပြီး ရသွားတယ်…။ ဒါပေမယ့် မီးအပူပေးထားတဲ့ ညာဘက်က တော်တော်တွန့်ပြီး ပြောင်းကလည်း နည်းနည်းကောက် သွားတယ်။ ကော်က ကော်မာဆိုတော့ သိပ်တိတိကျကျ ကပ်သွားတာ တော့ မဟုတ်ဘူး။ ဆက်တယ် ဆိုရုံပဲ…။ ဒီထက် ထပ်ဆက်ရင်လည်း ကော်ကို မီးစားတာနဲ့ လုံးဝ ပစ်လိုက်ရမှာဆိုတော့ အဲဒီမှာတင် ရပ်ထားပြီး ဒါရိုက်တာက…

"ရပြီ…ဆက်လို့တွန့်နေတဲ့ညာဘက်က ကင်မရာကို မယူဘူး၊ ဘယ်ဘက်ကပဲ ယူမယ်။ ပြောင်းကောက်တာကတော့ ကိစ္စမရှိဘူး… လက်က လှုပ်နေမှာဆိုတော့ မသိသာဘူး၊ ဆက်လုပ်လို့ လုံးဝပစ်ရ သွားရင် ဒုက္ခများမယ်၊ ရပြီ…"

အလုပ် လုပ်လို့ရတဲ့အဆင့်ကို ရောက်သွားတော့ ဒိုင်ယာလော့(ခ်) ကျက်၊ မျက်ရည် ချ။ Mood သွင်း။ ဒီအခန်းဟာ ကားတစ်ခုလုံးရဲ့ အဓိကနေရာဆိုတော့ သုံးယောက်စလုံးက ကိုယ့်အိုက်တင် သူ့အိုက်တင် အပြိုင်ကြဲကြမှာကိုး…။ အားလုံးအဆင်သင့်ဖြစ်တော့ ဇာတ်လမ်း စပါ တယ်။

"ညီလေး…ညီလေး…ရရဲ့လား၊ လာ…အစ်ကို့ကို တွဲထား…။ ရတယ်…အစ်ကို ညီလေးကို မှေးခေါ်မယ်"

"ရတယ်အစ်ကို…ညီလေးပြောတာ သေသေချာချာ နားထောင်။ ကျွန်တော့်ခြေထောက်က ဒဏ်ရာနဲ့၊ ပြေးနေရင် ဒီငပုတွေလက်ထဲကို ရောက်ပြီး သုံးယောက်စလုံး သေလိမ့်မယ်။ အဲဒီတော့ အစ်ကိုတို့ ပြေး…၊ ညီလေး ဒီကပဲ ခံပစ်ပေးမယ်။ အစ်ကို ကြေးအုံကို ခေါ်ပြီးပြေး"

"မဖြစ်ဘူး ညီလေး…၊ မင်း လိုက်ကို လိုက်ရမယ်။ ငါ မင်းကို လုံးဝမထားခဲ့နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျွန်တော်ပြောတဲ့စကားကို နားထောင်ပါ။ မကြာခင် ဒီငပုတွေ ဒီတောင်ကြောကို ဆင်းလာတော့မှာ။ အစ်ကိုတို့ ပြေးတော့"

"ဟော့ကောင် ဗေဒါ၊ ငါ မင်းကို ဘယ်တော့မှ မထားခဲ့ဘူးကွ၊ မင်း လိုက်ကို လိုက်ရမယ်"

"ဟုတ်ပါတယ် ဗေဒါရယ်…၊ ငါတို့ အတူပြေးကြမယ်လေ…နော်၊ နင် မနေခဲ့ပါနဲ့ဟာ…"

"ဟား ဟား ဟား…ဗေဒါဆိုတဲ့ကောင်က ငယ်ငယ်ကတည်းက နေရာတကာကို အစုန်အဆန် လွှင့်ခဲ့တာ။ ပြန်ပြောရရင်လည်း သံယောဇဉ်ဆိုတာ ဆံချည်မျှင်လောက်တောင် ရှိခဲ့တာ မဟုတ်ဘူး။ ပြီးတော့… ပညာတတ် လူကောင်းတစ်ယောက်ရဲ့ အသက်နဲ့ ကျွန်တော့်လို ဆိုးပေနေတဲ့ လူမိုက်တစ်ယောက်အသက်ဟာ တန်ဖိုးချင်း မတူဘူး။ ပြီးတော့ အစ်ကို သိပ်ချစ်ရတဲ့ ချစ်သူ ကြေးအုံ၊ ပြေးတော့…အစ်ကို ကျွန်တော် နေခဲ့ပါရစေ"

"ဒီမှာဗေဒါ…၊ ကြေးအုံဟာ ငါ့ချစ်သူ မဟုတ်ဘူး။ သူ မင်းကိုပဲ ချစ်တာ…၊ မင်း လိုက်ခဲ့ရမယ်၊ ပြီးရင် မင်း ကြေးအုံကို လက်ထပ်ရမယ်။ ငါက မင်းအစ်ကိုကွ၊ ငါ့စကားကို မင်း နားထောင်စမ်း…"

"ဟုတ်တယ် ဗေဒါ…၊နင် နေရင် သေပေ့စေ…ငါလည်း နင်နဲ့ အတူနေမယ်"

"တိတ်စမ်း…အချိန်သိပ်မရှိဘူး၊ ပြေးမလား မပြေးဘူးလား… ပြော…။ ကဲ…မပြေးရင် ပစ်မှာနော်…ပစ်မှာ"

မင်းသားက သေနတ်နဲ့ ထိုးချိန်၊ မျက်ရည်တွေ ကျပြီး အော်ပြောတယ်။ နောက်မင်းသားကလည်း အင်္ကျီရင်ဘတ်ကို ဆွဲဖွင့်ပြီး ရှေ့ တစ်လှမ်းတိုးတယ်။

www.burmeseclassic.com



"ပစ်စမ်း ညီလေး...ပစ်၊ ငါ တစ်သက်လုံးရှာပြီး အခုမှ တွေ့ရတဲ့ မင်းကို ငါ မထားခဲ့နိုင်ဘူးကွ"

"ဗေဒါ...နင် မလုပ်နဲ့နော်၊ ကိုကို..."

"အစ်ကို ရှေ့မတိုးနဲ့နော် ပြေး၊ မပြေးရင် ကျွန်တော် တကယ်ပစ်တော့မှာ..."

ညီအစ်ကိုနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်းဆုံပြီး ငြိမ်ကြတယ်။ မျက်လုံးမှာ မျက်ရည်တွေနဲ့ပေါ့။ မင်းသမီးကလည်း မြေကြီးမှာမှောက်ပြီး ရှိုက်ရှိုက် ငိုနေတယ်။ အစ်ကိုလုပ်သူက ရင်ဘတ်ကို ဖွင့်ပြီး အပြုံးနဲ့ ရှေ့လှမ်းအတိုးမှာ ညီက သေနတ်ကို ရင်ဘတ်ဆီ ထိုးချိန်လိုက်တဲ့အချိန်မှာ...

စကားတွေပြောရင်း လက်တွေရမ်းကြ၊ သေနတ်နဲ့ သုံးလေးခါ ထိုးချိန် အရှိန်တွေများကြတော့ မီးနဲ့ဆက်ထားတဲ့ သေနတ်ပြောင်းကြီးက 'ဖွတ်'ဆို အောက်ကို ငိုက်ကျသွားတယ်။

အားလုံးလည်း ခဏတော့ ကြောင်နေကြပါတယ်။

မျက်ရည်တွေနဲ့ သေနတ်ကို ကြည့်နေတဲ့ အစ်ကိုလုပ်တဲ့ မင်းသားလည်း ရုတ်တရက်ဆိုတော့... ဇာတ်လမ်းထဲ Mood ရှိနေလေတော့ နားမလည်ဖြစ်ပြီး တွဲလောင်းကြီးကျနေတဲ့ ခြောက်လုံးပြူးပြောင်းကို ကြည့်တယ်။ ထိုးချိန်တဲ့ ညီလည်း မျက်ရည်တွေ ကျနေရက်က ကြောင်ပြီး သူ့သေနတ် သူ ပြန်ကြည့်တယ်။

ငါးစက္ကန့်လောက်ကြာပြီးမှ ရှုတင်တစ်ခုလုံး အုန်းခနဲ ရယ်ကြတယ်။

မင်းသားတွေလည်း ငိုနေတဲ့မျက်ရည်နဲ့ ထရယ်တာ။ ရယ်လို့ထွက်တဲ့မျက်ရည်နဲ့ ငိုလို့ထွက်တဲ့ မျက်ရည်တွေ ရောကုန်တယ်။ ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ Tampo မိနေတဲ့ Acting တွေ ပျက်သွားလို့ မကျေမနပ်နဲ့ သူ့ခြောက်လုံးပြူးကို ဆဲတယ်။

ရယ်သံရပ်အောင် တော်တော်စောင့်ပြီး ဖယောင်းတိုင် ပြန်ထွန်းပြန်ကပ်ပေါ့လေ...။ နောက်ဆုံးတော့ တော်တော်ကောက်နေပြီဖြစ်တဲ့ ခြောက်လုံးပြူးနဲ့ပဲ ရိုက်လိုက်ရပါတယ်။ ဒါရိုက်တာကတော့ နောက်ဆုံးရတဲ့ Acting ကို ပထမလောက် သဘောမကျဘဲ မကျေမနပ်ဖြစ်နေခဲ့တယ်။

သေနတ်သံတွေ တဒိုင်းဒိုင်း မီးတွေပွင့်၊ မောင်းတင်သံတွေ ညံနေတဲ့ American Action ကားတွေ ကြည့်ရတိုင်း အဲဒီထဲက တကယ့်သေနတ်လုလုတွေကို မြင်ရတိုင်း ချို့ချို့တဲ့တဲ့ ကော်သေနတ်၊ သစ်သားသေနတ်တွေနဲ့ ရိုက်နေကြရတဲ့ ကျွန်တော်တို့ Action ကားတွေအကြောင်းကို တွေးမိရင် အဲဒီခြောက်လုံးပြူးကို ကျွန်တော် သတိရနေတတ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

# လက်သီးဘရိတ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နဂါးကြီးက ကျားလေးကို ထည့်ထားရတဲ့အတွက် တော်တော် စိတ်မအေး ဖြစ်နေပါတယ်။

စိတ်မအေးဆို ကျားလေးက အခုမှ လူမိုက်စဖြစ်တဲ့ ကောင်ကိုး။ ဒေဝန်နဲ့ယက္ခကတော့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုက သူနဲ့ တန်းတူဆို တော့ လူမိုက်သစ် ကျားလေးကိုပဲ နဂါးကြီး စိတ်ပူနေရတာ။

လူမိုက်ဆိုလို့... သူတို့က အပြင်က တကယ့်လူမိုက်တွေတော့ မဟုတ်ပါဘူး။ ဗီဒီယိုထဲက လူမိုက်တွေပါ။ အပြင်က တကယ့်လူမိုက်တွေ လို ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွှေးတွေ အရှည်ထား၊ တကယ့် ထွားထွားကြီးတွေပါ။

အပြင်ကလူမိုက်တွေနဲ့ မတူတာဆိုလို့ သူတို့က ထိတ်အောင် မထိုးရတာဘဲ ကွာပါတယ်။ ဟုတ်တယ်... လူမိုက်တစ်ကောက် လုပ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက အရည်အချင်းတွေ အများကြီးလိုတယ်။ တကယ့်လူမိုက်ရုပ်ပေါက်ရမယ်။ သိုင်း၊ ကရာတေး၊ ကျွမ်းထိုး၊ အခုန်အပျံ တတ်ရမယ်။ ပြီးတော့…လက်သီးဘရိတ် တတ်ရမယ်။ အဲဒါ အရေးအကြီးဆုံးပါပဲ။

ဗီဒီယို၊ ရုပ်ရှင်ထဲက လူမိုက်ဆိုတာက အချင်းချင်း ချရတာထက် မင်းသားနဲ့ချရတာက ပိုများတယ်။ ဇာတ်တစ်ခုလုံးကို ဒုက္ခပေး…နှိပ်စက်…မင်းသားနဲ့တွေ့တော့ ထိုးကြကြိတ်ကြရင်း နောက်ဆုံးမှာ သူတို့လဲရတာပေါ့လေ။ ဇာတ်အရ လူမိုက်ရုပ်ပေါက်အောင်မွှေးပြီး သရုပ်ဆောင်ရပေမယ့် သူတို့ဟာ မင်းသားတွေနဲ့ အခြားသရုပ်ဆောင်တွေလိုပဲ ပျော်တတ်၊ သနားတတ်၊ ရိုးသားတတ်တဲ့ လူတွေပါ။ ဒါပေမယ့်… မြန်မာနိုင်ငံမှာက ရုပ်ရှင်ထဲကလူမိုက်ကို အပြင်ကလူမိုက်လိုပဲ ထင်ကြ၊ ကြောက်ကြ၊ မဆက်ဆံချင်ကြတဲ့လူတွေ များပါတယ်။

သရုပ်ဆောင်တယ်ဆိုတာကို သိကြပေမယ့် အမြဲတမ်း ဒုက္ခပေး၊ ယုတ်မာ၊ ပြဿနာရှာတဲ့နေရာကပဲ ပါရလေတော့ သူတို့ကို ပရိသတ်က သရုပ်ဆောင်တာလို့ မမြင်တော့ပါဘူး။ မုန်းကြ၊ ရွံ့ကြတတ်ပါတယ်။ ဇာတ်တစ်ဇာတ်မှာ လူမိုက်ပါမှ၊ လူယုတ်မာပါမှ မင်းသား မင်းသမီးကို လူချစ်ကြ၊ သနားတတ်ကြ၊ ကိုယ်ချင်းစာတတ်ကြတာပါ။

မင်းသားတွေ့ရင် Auto ရေးဖို့ပြေးလာတဲ့လူ၊ မုန့်ဝယ်ကျွေးတဲ့လူ၊ လာကြည့်ပြီး အားပေးခင်မင်တဲ့လူတွေ ရှိပေမယ့် သူတို့လို လူမိုက်ဆိုရင်တော့ ဝေးဝေးက ရှောင်တတ်ကြတာ များပါတယ်…။ ဒါကြောင့် ဦးအံ့ကျော်၊ အောင်နိုင်နဲ့ စိုင်းအောင်ဝင်းတို့က မဂ္ဂဇင်းတွေမှာ သူတို့ဟာလည်း တခြားသရုပ်ဆောင်တွေလို ဇာတ်လမ်းအတွက် သရုပ်ဆောင်နေကြတာ ဖြစ်ကြောင်း၊ သူတို့ကို မရွံ့ကြ၊ မမုန်းကြဖို့ တော်တော်ပြောဖူးပါတယ်။





သူတို့ပြောတာ တကယ်အမှန်တွေပါ။ အရင်တုန်းက ဇာတ်ကြီးတွေမှာ တော်တော်လူမိုက်၊ လူဆိုးလုပ်ခဲ့ဖူးတဲ့ ဦးမြင့်နိုင်ဆို အပြင်မှာ သိပ်ပျော်တတ်တဲ့ လူတစ်ယောက်ပါ။ အဖေကြီး…အဖေကြီးနဲ့ သူ့ကလည်း ကြိုက်တဲ့လူကိုစ၊ သူ့ကိုလည်း လူတွေက ပြန်စ…ရယ်စရာမျိုးစုံ ပြောတတ်တဲ့ လူပျော် လူအေးကြီးပါ။

မြန်မာရုပ်ရှင်ကြည့်ပရိသတ်က ခံစားမှုနူးပြီး ရုပ်ရှင်အကြောင်းတို့ သိရနည်းလွန်းတော့ သနားဖို့ကောင်းတာကို သနားမယ်၊ ချစ်စရာကောင်းတာကို ချစ်မယ်၊ မုန်းစရာကောင်းတာကို တကယ်ပဲ မုန်းတတ်ကြပါတယ်။ ဒီတော့… လူကြမ်းတွေခမျာမှာ အပြင်လူမှုရေး အတော် ဒုက္ခရောက်တတ်ကြပါတယ်။ ဒါဟာ…သရုပ်ဆောင်မှုတစ်ရပ်ဆိုပြီး နားလည်နိုင်စွမ်းရှိတဲ့လူ တော်တော်နည်းပါတယ်။

ပရိတ်သတ်မုန်းတာ အသာထား။ အခုလောလောဆယ်တော့ နဂါးကြီးကကျားလေးအတွက်နဲ့ မင်းသား မမုန်းရအောင် စိတ်ပူနေတာပါ။

ကျားလေးက အခုမှ ပထမဦးဆုံး စရိုက်တာဆိုတော့ ဒီကောင်လက်သီးဘရိတ် လုံးဝ စိတ်မချရသေးပါဘူး။ တကယ်လို့ ကျားလေးဘရိတ်မဖမ်းတတ်ဘဲ မင်းသားကိုများ ထိုးမိသွားရင်…

လက်သီးဘရိတ်ဆိုတာက… ထိုးတဲ့အရှိန်က တစ်ကယ်ထိုးပြီး မင်းသားရဲ့အသားကို ထိတာနဲ့ ရပ်ပြီး တွန်းလိုက်ရတာပါ။ မင်းသားက ထိပြီး နောက်လန်သွားတယ်ပေါ့။ ဒါမှမဟုတ်လဲ မျက်နှာရှေ့ကနေခွာပြီး လက်ကို ထိသလို မြှောက်တင်ရတာပါ။ သူတို့ထိုးတာတွေကို Camara နဲ့လိမ်ပြီး ကားဆက်ခန်းမှာ လက်သီးသံ ထည့်လိုက်တော့ တစ်ကယ်ထိသလို ဖြစ်သွားပါတယ်။ အချိန်အဆ ကျွမ်းကျင်မှုမရှိရင် ပြဿနာတက်တတ်ပါတယ်။ မင်းသားက နားလည်ပြီး သဘောကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောတာ တကယ်အမှန်တွေပါ။ အရင်တုန်းက ကားကြီးတွေမှာ တော်တော်လူမိုက်၊ လူဆိုးလုပ်ခဲ့ဖူးတဲ့ ဦးမြင့်နိုင်ဆို အပြင်မှာ သိပ်ပျော်တတ်တဲ့ လူတစ်ယောက်ပါ။ အဖေကြီး…အဖေကြီးနဲ့ သူက လည်း ကြိုတဲ့လူကိုစ၊ သူ့ကိုလည်း လူတွေက ပြန်စ…ရယ်စရာမျိုးစုံ ပြောတတ်တဲ့ လူပျော် လူအေးကြီးပါ။

မြန်မာရုပ်ရှင်ကြည့်ပရိသတ်က ခံစားမှုနဲ့ပြီး ရုပ်ရှင်အကြောင်းကို သိရနည်းလွန်းတော့ သနားဖို့ကောင်းတာကို သနားမယ်၊ ချစ်စရာကောင်း တာကို ချစ်မယ်၊ မုန်းစရာကောင်းတာကို တကယ်ပဲ မုန်းတတ်ကြပါတယ်။ ဒီတော့… လူကြမ်းတွေခမျာမှာ အပြင်လူမှုရေး အတော် ဒုက္ခရောက် တတ်ကြပါတယ်။ ဒါဟာ…သရုပ်ဆောင်မှုတစ်ရပ်ဆိုပြီး နားလည်နိုင်စွမ်း ရှိတဲ့လူ တော်တော်နည်းပါတယ်။

ပရိတ်သတ်မုန်းတာ အသာထား။ အခုလောလောဆယ်တော့ နဂါးကြီးကကျားလေးအတွက်နဲ့ မင်းသား မမုန်းရအောင် စိတ်ပူနေတာပါ။

ကျားလေးက အခုမှ ပထမဦးဆုံး စရိုက်တာဆိုတော့ ဒီကောင် လက်သီးဘရိတ် လုံးဝ စိတ်မချရသေးပါဘူး။ တကယ်လို့ ကျားလေး ဘရိတ်မဖမ်းတတ်ဘဲ မင်းသားကိုများ ထိုးမိသွားရင်…

လက်သီးဘရိတ်ဆိုတာက… ထိုးတဲ့အရှိန်က တစ်ကယ်ထိုးပြီး မင်းသားရဲ့အသားကို ထိတာနဲ့ ရပ်ပြီး တွန်းလိုက်ရတာပါ။ မင်းသားက ထိပြီး နောက်လန်သွားတယ်ပေါ့။ ဒါမှမဟုတ်လဲ မျက်နှာရှေ့ကခွာပြီး လက်ကို ထိသလို မြှောက်တင်ရတာပါ။ သူတို့ထိုးတာတွေကို Camara နဲ့လိမ်ပြီး ကားဆက်ခန်းမှာ လက်သီးသံ ထည့်လိုက်တော့ တစ်ကယ်ထိ သလို ဖြစ်သွားပါတယ်။ အချိန်အဆ ကျွမ်းကျင်မှုမရှိရင် ပြဿနာ တက်တတ်ပါတယ်။ မင်းသားက နားလည်ပြီး သဘောကောင်းရင်

www.burmeseclassic.com



ပြဿနာမရှိပေမယ့် တချို့က စိတ်ဆိုးတတ်ကြ၊ ဒေါသဖြစ်တတ်ကြပါတယ်။ တချို့ကလည်း လန့်ပြီး နောက်ဖြစ်မှာစိုးလို့ မခေါ်ဘဲ နေတတ်ကြပါတယ်။

ကျွန်တော် တစ်ခါကြုံခဲ့ဖူးတဲ့ကိစ္စတစ်ခု ရှိပါတယ်။

ကိုသားကြီး (ဒွေး)နဲ့ မေမြို့မှာ ဒါရိုက်တာ ကိုပြည့်ဝရိုက်တဲ့ "နိဒါန်း၏အဆုံး"ဆိုတဲ့ ကားမှာပါ။

နောက်ဆုံးအခန်း...မေမြို့က ခရစ်ယာန်သင်္ချိုင်းမှာ ဒွေးကြောင့် သေသွားတဲ့ အိန္ဒြာကျော်ဇင်ကို မြေချကာနီး ဒွေးရောက်လာတဲ့အခါ အိန္ဒြာကျော်ဇင်ရဲ့ အစ်ကိုနဲ့ သူငယ်ချင်းတွေဖြစ်တဲ့ လုကာ၊ ရန်နောင်နဲ့ မင်းသွင်တို့က ဒေါသနဲ့ ဒွေးကို ဝိုင်းထိုးတဲ့အခန်း ရိုက်တာပါ။

အဲဒီမှာ လုကာနဲ့ ရန်နောင်က ကားတွေအများကြီး ရိုက်ခဲ့လေတော့ ကောင်းကောင်းတတ်ပေမယ့် မင်းသွင်ဆိုတာက မင်းသားသစ်ပါ။ ကားရိုက်ဖို့အတွက် ပြည့်ဝရိုက်ကွင်းတွေမှာ အတွေ့အကြုံ ယူနေဆဲ။ ကိုပြည့်ဝက စမ်းပြီး ထည့်ရိုက်တာ။

အဲဒီမှာ ကိုသားကြီးကို ဝိုင်းထိုးကြတော့ ကိုသားကြီးကလည်း ချစ်သူ သူ့ကြောင့်သေတာဆိုတော့ အိုက်တင်အရစိတ်တင်းပြီး (စိတ်လျှော့)ပြီး ကျေနပ်အောင် ထိုး ထိုး ထိုး...လို့ အော်အော်ပြီး ပေခံတာ။ ကျန်တဲ့လူတွေ အဆင်ပြေပေမယ့် ကိုမင်းသွင်အလှည့်ရောက်တော့ ကိုသားကြီးက မျက်ရည်တွေ သွေးအတုနဲ့ မျက်နှာကို တည်ပေးပြီး "ထိုးလေကွာ...ထိုး...ငါ့ကို သေအောင် ထိုးစမ်း"လို့ အော်တော့... သိပ်လည်း မကျွမ်းကျင်သေး၊ လက်သီးဘရိတ်တွေ ဘာတွေလည်း မတတ်၊ ကိုသားကြီး Acting ကိုမြောပါသွားတဲ့ ကိုမင်းသွင်က ကိုသားကြီးကို တကယ်ထိုးချလိုက်တာ ဖောက်ကနဲမြည်ပြီး မျက်လုံးကိုတည့်တည့်

www.burmeseclassic.com

www.burmeseclassic.com



ထိသွားခဲ့ပါတယ်။

ကိုသားကြီးမျက်လုံးတစ်ဘက် လုံးဝ ဖွင့်လို့မရအောင် ရောင်ကိုင်းပြီး နီရဲသွားတယ်။ ကိုသားကြီးကတော့ နားလည်ပါတယ်။ အဲဒီအနာနဲ့ပဲ ကားကို ပြီးအောင် ရိုက်သွားခဲ့တာပါ။ မကျွမ်းကျင်ရင် ဒီအလုပ်က သိပ်မလွယ်ဘူး။

ဒါကြောင့် နဂါးကြီးစိတ်ပူပြီး ကျားလေးကို မှာရတာ။

ကျားလေးကတော့ "ရတယ်အစ်ကို...အိမ်မှာ တစ်နေ့ အကြိမ် (၁၀၀) လောက် ကျွန်တော်နေ့တိုင်း ကျင့်ထားတယ်"လို့ အာမခံပါတယ်။

ဒီလိုနဲ့ ကားရိုက်ကြပါတယ်။

သူတို့ လက်သီးထိုးစရာပါတာက နှစ်ခန်းထဲပါ။ သူတို့ကို ကန်ထရိုက်မငှားဘဲ Daily နေ့တွက်နဲ့ ငှားတာဆိုတော့ ဒီနှစ်ခန်းလုံးကို တစ်နေ့တည်းပြတ်အောင် ရိုက်ကြပါတယ်။ တောဇာတ်၊ နယ်ကားတွေဆိုရင်တော့ လူကြမ်းက တစ်ကားလုံး ကန်ထရိုက်နဲ့ ငှားကြပေမယ့် ရန်ကုန်ဇာတ် ဆိုရင်တော့ လူကြမ်းက နှစ်ခန်းသုံးခန်းဆိုတော့ သိပ်ပိုက်ဆံမရပါဘူး။ မင်းသမီးနဲ့အတွေ့၊ မင်းသမီး သနားအောင် ဒါလောက်ပါပဲ။

ဒါနဲ့... ရိုက်ကြတော့ ညနေ (၅)နာရီခွဲလောက်မှာ သူတို့ Fighting နှစ်ခန်း ပြတ်သွားပါတယ်။ ကျားလေးလည်း ဘာပြဿနာမှ မရှိဘဲ တော်တော်ကို အဆင်ပြေပါတယ်။ လက်သီးဘရိတ် OK ပါပဲ။ တစ်ယောက် ထောင့်ငါးရာစီယူပြီး သူတို့ပျော်ပြီး ပြန်ကြတယ်။

"ကျွန်တော် ပထမဦးဆုံး ပိုက်ဆံရတာ အစ်ကို။ ဒီငွေနဲ့ဒီည အမှတ်တရ ကျွန်တော် တိုက်ပါ့မယ်"

ဒါနဲ့ သူတို့လည်း ထုံးစံအတိုင်း ဆိုင်ထဲရောက်၊ စားကြသောက်ကြ၊ အတွေ့အကြုံတွေ ပြောကြနဲ့ တော်တော်လေး ချိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မူးလို့ပြန်တော့မှ လမ်းမှာ ပြဿနာက စတယ်။ ထုံးစံအတိုင်း သူတို့ သွားသောက်တဲ့ဆိုင်နားက ရပ်ကွက်က တကယ့်လူမိုက်တွေနဲ့ ဖြစ်ကြ တာပါ။

"ရပ်ရှင်ထဲက လူမိုက်ဆိုတော့ အပြင်မှာ တကယ်မိုက်ရဲ့လား... စမ်းချင်လို့ပါ"...တဲ့။

နဂါးကြီးက သူတို့လည်းမူးနေကြောင်း၊ တစ်ဘက်အုပ်စုလည်း မူးနေကြောင်း၊သူတို့ သရုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောပေမယ့် တစ်ဘက် က မူးနေတဲ့အုပ်စုက မရတော့ပါဘူး။ တစ်ဘက်အုပ်စုက မူးလည်းမူး။ သုံးယောက်တည်း၊ သူတို့ထက်လည်း ခန္ဓာကိုယ်က သေးကွေးပါတယ်။

နောက်ဆုံး... တောင်းပန်လို့မရတော့ ချကြတဲ့အခါ သူတို့ လေးယောက်စလုံး ခေါင်းကွဲပြီး ဟိုဘက်ကလူတွေ တစ်ချက်မှ အထိုးမခံရ ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့ အချက် (၁၀၀)လောက် ကျင့်ထား တဲ့ လက်သီးဘရိတ်လေ...။ ထိရင် အကျင့်ပါပြီး မထိုးဘဲနဲ့ တွန်းချည်း ပစ်နေတာကိုး။

လူဆိုတာ အလေ့အကျင့်ကိုမွေးပြီးရင် ဖျောက်ဖို့ တော်တော်ခက် တတ်ပါတယ်။

သူတို့အဖြစ်က ရယ်စရာလည်းကောင်း၊ သနားဖို့ ကိုယ်ချင်းစာဖို့ လည်း ကောင်းပါတယ်။

သူတို့အဖြစ်ကို ကြားရတော့ အန်တွန်ချက်ကော့ဗ် ရေးတဲ့ ဓားသမားဆိုတဲ့ ဝတ္ထုကလေးတစ်ပုဒ်ကို သတိရတယ်။

သူက ဆက်ကပ်မှာ ဓားပေါက်တဲ့လူပါ။ သူ့မိန်းမက ဘားကွမ်း မယ်။ သူ ဆက်ကပ်မှာ ဓားပေါက်တာ ဆယ်နှစ်ရှိပါပြီ။ သူ့မိန်းမက သူ ဓားပေါက်ရင် စက်ဝိုင်းမှာ ရပ်ပေးရတယ်။ တစ်နေ့ ဆပ်ကပ်မစခင်



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမနဲ့ ဘားကျွမ်းသမား ဖောက်ပြန်တာကို သူကိုယ်တိုင် မိတယ်။ တော်တော်ဒေါသထွက်သွားတဲ့ သေချာတယ်။

တော်တော်ဒေါသထွက်သွားတဲ့ သူက မင်းကို ဒီနေ့ည ဓားနဲ့ ပေါက်သတ်မယ်၊ တက်လာခဲ့လို့ ကျိန်းတာ…။ ဓားပေါက်ခါနီးကျတော့ ကောင်မလေးကို ဆပ်ကပ်တစ်ဖွဲ့လုံးက ဒီည ဓားပေါက်မခံဖို့ တားကြတယ်။ ကောင်မလေးကတော့ အေးအေးပဲ၊ မိတ်ကပ်လိမ်းပြီး တက်သွားတယ်။ အဲဒီနေ့ ဓားပေါက်ပွဲက ပရိသတ်ရော ဆပ်ကပ်တစ်ဖွဲ့လုံးပါ အသည်းယားကြတာပါ။

ဒါပေမယ့် ဓားပေါက်ခန်းက ဘာပြဿနာမှမရှိဘဲ ပြီးသွားတယ်။ အားလုံးက သူယောကျာ်းက ချစ်လို့ ခွင့်လွှတ်လိုက်တယ်ပေါ့။ ဒါပေမယ့် ကောင်မလေးက ဆင်းလာတော့ ပြောတယ်။

"သူ ကျွန်မကို တကယ်ပေါက်တာ။ ခွင့်လွှတ်ဟာ မဟုတ်ဘူး။ ဒါပေမယ့် သူက (၁၀)နှစ်လုံးလုံး မထိအောင်ဘဲ ပေါက်ရတာဆိုတော့ ထိအောင် မပေါက်တတ်တော့ဘူး"…တဲ့။

အဲဒီလိုပါပဲ…

လူကြမ်းတွေခများမှာလည်း တစ်သက်လုံး Fighting ချရင် မင်းသားတွေကို မထိအောင် သတိထားထားပြီး လက်သီးဘရိတ် ဖမ်းလာရတာဆိုတော့ သူတို့လက်သီးက ဘယ်လိုထိုးထိုး ဘရိတ်က မိနေတော့တာပါပဲ။

ကားများ ဘရိတ်မိရင် လူမတိုက်တတ်ပေမယ့် လက်သီးဘရိတ်မိတော့ ခေါင်းကွဲရပါတယ်။

❁❁❁

www.burmeseclassic.com

www.burmeseclassic.com

ကင်းကောင်နဲ့
နောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါအဖြစ်ကတော့ အစီအစဉ်အရ တစ်စုံတစ်ရာ လွဲမှားမှုမျိုး မဟုတ်ဘဲ တမင်ကို ချစ်စရာကောင်းအောင် ဒုက္ခပေးကြတဲ့ ကိစ္စကလေး ပါ။ ထူးခြားတာက ဒုက္ခပေးကြတဲ့လူတွေကလည်း ရုပ်ရှင်အုပ်စုထဲကဖြစ်ပြီး ဒုက္ခရောက်သွားတဲ့ လူကလည်း ရုပ်ရှင်သရုပ်ဆောင် တစ်ယောက်ဖြစ်တဲ့ ကင်းကောင်ပါ...။

ဘာဖြစ်လို့ ချစ်စရာကောင်းအောင် ဒုက္ခပေးတယ်လို့ ရေးရသလဲ ဆိုတော့ ကိုမျိုးမင်း၊ လွင်မိုး၊ ကင်းကောင်၊ အရိုင်း၊ ဖိုးဖြူ၊ ငှက်ပျောကြော် ဆိုတဲ့လူတွေက နှင်းဆီပိုင်ကတည်းက တွဲကြ၊ တစ်ကားတည်းနဲ့ ပရိသတ် ရင်ထဲကို ရောက်သွားကြပြီး၊ နောက်... ကျွန်တော်အပါအဝင် ကာလပေါင်း (၂၀)ကျော် လက်တွဲခဲ့ကြလို့ ညီအစ်ကိုလို ဆွေမျိုးလို ဖြစ်နေကြတဲ့ သူတွေပါ။ တစ်နေ့တစ်နေ့ ရည်းစားထက်၊ အိမ်ကမိန်းမထက်၊ သူတို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရတဲ့ အချိန်က ပိုများပါတယ်။ နယ်ဆို အတူတူထွက်၊ ရန်ကုန်မှာ ဆိုလည်း ဆယ်ရက် ဆယ့်ငါးရက် အတူတူရှိက်၊ ရဲဘော် မိတ်ဆွေတွေပါ။

အဲဒီမှာ ကိုအရိုင်း၊ ကင်းကောင်၊ ဖိုးဖြူ၊ ငှက်ပျောကြော်တို့ ဆိုတာက ဇာတ်သဘင် လူရွှင်တော်ကနေ ပရိသတ်သိပြီးမှ ဗီဒီယို၊ ရုပ်ရှင်ဘက်ကို ကူးတာဆိုတော့ အောက်သက်လည်းကြေ၊ အတွေ့အကြုံ ကလည်းများ၊ လူရွှင်တော်ဆိုတော့ စကားတစ်ခွန်းကို တစ်ယောက် လေးငါးမျိုးလောက် ပျက်နိုင်၊ ပြောနိုင်ကြတဲ့ လူမျိုးတွေပါ။ ကျွန်တော်တို့ မင်းသား လွင်မိုးကလည်း အဲဒီလိုလူမျိုးတွေနဲ့ အပြိုင်ကြိုနိုင်လောက်အောင် သဘ်နုပ္ပတိဉာဏ်ရှိတဲ့ အမြဲပျော်နေ၊ ရွှင်နေတဲ့ လူမျိုးဆိုတော့ သူတို့နဲ့ တွေ့ရင် တော်တော် သတိထားရတာပါ။ စကားတစ်လုံး ကျွံသွားမိသွား တာနဲ့ တစ်ယောက်ကို အနည်းဆုံး နှစ်ခွန်းစီလောက်တော့ အတီးခံလိုက် ရတာပါပဲ။ ကိုမျိုးမင်းရော ပရိဂ္ဂျုဆာရော ရှောင်တတ်တဲ့လူတွေ မဟုတ် ဘူး။

သူတို့ပြောတာကို စိတ်ဆိုးဖို့ဆိုတာကလည်း နားထောင်နေတဲ့ ဘေးကလူတွေကရော ကိုယ်ကိုယ်တိုင်ပါ အဓိပ္ပါယ်ရှိရှိ ရယ်ပြီး ခံလိုက်ရ တာဆိုတော့ ပျော်စရာ ချစ်စရာ ကောင်းအောင် ဒုက္ခရောက်တတ်ပါ တယ်။ သူတို့နဲ့ တွဲရတဲ့ကားတွေဆို ခဏနားရင် ဟိုဟာပြော ဒီဟာပြော၊ ဟိုလူ့နောက် ဒီလူ့နောက်၊ မောင်မိုးက ဝင်ပါ၊ တဝါးဝါးရယ်နဲ့၊ ကိုမျိုးမင်း ခမျာ ကားရိုက်ဖို့ကို တစ်ခါတစ်ခါ တော်တော် သတိပေး တောင်းပန်ယူရ တတ်ပါတယ်။

အဲဒီလို ပျော်စရာကောင်းအောင် စကြ၊ နောက်ကြတဲ့ကိစ္စက သူတို့လေးယောက်မှာမှ မဟုတ်ပါဘူး၊ ရှုတင်တိုင်းက သရုပ်ဆောင်တွေမှာ ရှိတတ်ကြပါတယ်။ ရုပ်ရှင်ရိုက်ရင်း အသက်မွေးကြတဲ့ လူတွေကိုတော့

www.burmeseclassic.com

www.burmeseclassic.com



အိုက်တင်က ပြောစရာမလိုတော့ဘူး။ အားလုံး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပိုင်ကြတဲ့ လူတွေမို့ တစ်ခါတစ်ခါ အကြပ်ခံရရင် တော်တော်မလွယ်ပါဘူး။ ကျွန်တော် တခြားရှုတင်တစ်ခုမှာ ကိုအရိုင်းတို့လေးယောက်နဲ့ မဟုတ်ဘဲ ကြုံခဲ့ရတဲ့ ဥပမာလေးတစ်ခု ပြောရရင်...

တစ်ခါကရိုက်ကွင်းတစ်ခုမှာ ကျွန်တော် သိပ်မသုံးဘူးတဲ့ သရုပ်ဆောင် ကောင်မလေးတစ်ယောက်နဲ့ ဆုံပါတယ်။ အဲဒီဇာတ်ကလေးက ရိုက်နေတာ ကြာပါပြီ။ ကျွန်တော်နဲ့သာ ကားရိုက် မဆုံဖြစ်တာ။ ကောင်မလေးက (၁၉) (၂၀)လောက်ပါ။ တော်တော် သွက်သွက်လက်လက်ကလေးဆိုတော့ ကျွန်တော်နဲ့လည်း ခင်နေပါတယ်။ ဒီအရွယ်မိန်းကလေးတွေ သရုပ်ဆောင်တဲ့အခါ အိမ်က အမေ၊ အဒေါ်၊ အစ်မတစ်ယောက် အမြဲတမ်း ပါတတ်ပေမယ့် ဒီကောင်မလေးက မပါပါဘူး။ ရှုတင်ကို သူတစ်ယောက်တည်းပဲ လာတတ်ပါတယ်။

တစ်နေ့... ကျွန်တော်နဲ့ သူနဲ့ ထမင်းအတူ စားဖြစ်ပါတယ်။ အားလုံးဝိုင်းထိုင်ပြီး စားကြပေမယ့် ဘေးချင်းကပ်ရက် ဆိုပါတော့ဗျာ...။ ထမင်းစားပြီးတော့ အအေးတိုက်လို့ ကျွန်တော့်ကို ပူဆာတော့ တိုက်ပါတယ်။ ကျွန်တော်က ဝတ္ထုဇာတ်ညွှန်းဆို ပိုက်ဆံပိုရတတ်ပေမယ့် အဲဒီကောင်မလေးတွေဆို ကျွန်တော်တို့လောက် မရတတ်ဘူးဆိုတော့ တစ်ခုခုစားမိရင် ကျွန်တော်က အားနာပြီး ရှင်းတတ်ပါတယ်။

နောက်နေ့ကျတော့ ကျွန်တော့်ကို ဘေးက ဘာညာပြောတယ်။ ဒီကောင်မလေး မင်းကို စိတ်ဝင်စားနေတယ်ပေါ့ဗျာ။ ကျွန်တော်ဒါလောက်တော့ ဘယ်ရမလဲ...ခင်နေတာပါဗျာ၊ ကြားသွားလို့ အားလုံးသိက္ခာကျကုန်ပါ့မယ်ပေါ့...။ သူတို့ကတော့ အတင်းပြောကြတာပေါ့။ ကျွန်တော်က လူပျိုဆိုတော့ သူတို့ဝိုင်းထဲ အပိုင်သွင်းကြတာ။ ဒီရိုက်ကား

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ သိပ်စကားမပြောနဲ့ ကောင်မလေးကိုလည်း လူရှေ့မှာ အတင်းခေါ်တာတို့ မုန့်ကျွေးတာတို့ မလုပ်စေနဲ့…သိက္ခာကျတယ်။ တခြား ရိုပ်မိကုန်မယ်၊ ကိုယ်ကြိုက်ရင် ငြိမ်ငြိမ်ကလေးနေ၊ မင်းက မနပ်ဘူး။ ဒါမျိုးဆိုတာ မငြိုးခင် လူမသိရဘူး…စုံနေတာပါပဲဗျာ။

ကျွန်တော်ကလည်း စိတ်ထဲ ဘာမှမရှိတော့ တစ်ခြားလူတွေကြားပြီး တစ်မျိုးထင်မှာစိုးလို့ တားရတာပေါ့ဗျာ။ ဒီတော့လည်း သူတို့ရပ်သွားပါတယ်။ ဝိုင်းပြီး အတင်းရောကာရော ပြောတာလည်း မဟုတ်ပါဘူး။ တစ်ယောက် တစ်ခွန်း နှစ်ခွန်းပါ။ နောက်နေ့ကျတော့ ကောင်မလေးက ပိုဆိုးလာတယ်ဗျ။ သူ သုပ်လာတဲ့ လက်ဖက်ကို ဒါရိုက်တာကိုတောင် မပေးဘူး၊ ကျွန်တော့် ကျွေးတာတို့…သကြားလုံး လာကျွေးတာတို့၊ ကျွန်တော့်ဝတ္ထုတိုတွေ ဖတ်ရတယ်ဆိုတာတို့ ပြောလာတယ်။ သူမပါတဲ့ အခန်းကျရင်လည်း ကျွန်တော်နဲ့ လာလာစကားပြောတယ်။ ကျွန်တော်ကလည်း သူတို့အုပ်စုရှေ့မှာ ကောင်မလေးနေပုံကို မျက်နှာပူတာပေါ့ဗျာ။ သူတို့က ဘာမှတော့ မပြောကြပါဘူး။ ဒါရိုက်တာလာရင် သတိပေးတာတို့ ကျွန်တော့်ကို ကြည့်ပြီး အံကြိတ်ပြ၊ မျက်စိမှိတ်ပြတာတို့ လောက်ပါပဲ။ ဘာမှ မပြောဘူး။

ညနေဘက်ကျတော့ ရှုတင်ကားမောင်းတဲ့ ဆရာက ကျွန်တော့်ကို ပြောလာတယ်။ ကောင်မလေးက ခေါင်းခန်းမှာထိုင်ပြီး ကျွန်တော့်အကြောင်းတွေပဲ သူ့ကို မေးတဲ့အကြောင်း၊ ကျွန်တော့်အကြောင်းတွေပဲ ပြောပြောနေကြောင်းပေါ့ဗျာ။ ကျွန်တော်လည်း သူ့ကို ထုံးစံနဲ့ မညီတာ တစ်ခုကို မေးရတယ်။ ကျွန်တော်တို့ ရှုတင်ကား ခေါင်းခန်းဆိုတာ သူတို့လို ရုပ်ရှင်ဗီဒီယိုထဲဝင်ကာစ မိန်းကလေးတွေ စီးခွင့်မရှိဘူး။

အသက်ကြီးတဲ့ Actor ပါရင် ဦးစားပေးကြရတယ်။ မပါရင်

www.burmeseclassic.com

www.burmeseclassic.com



ရှုတင်မန်နေဂျာနဲ့ ကျွန်တော်စီးမယ်ဆိုရင် စီးပေါ့။ အဲဒါမှ မဟုတ်ရင်တော့ သူ့ထက် ဝါကြီးတဲ့ သရုပ်ဆောင်တွေ စီးကြတာ များပါတယ်။ ဒါပေမယ့် ကျွန်တော်သိသလောက် ဒီကောင်မလေး ပြန်တိုင်းလာတိုင်း ခေါင်းခန်းမှာ ချည်းပဲ…။

"ပြန်ခါနီးကျရင် သူက အထုပ်အရင်ထည့်ထားပြီး အတင်းတက်ထိုင်တာကွ။ ပြောမရ ဆိုမရ ဖွတ်ကလေး၊ ဘာမှ အထာလည်းမသိဘူး။ မင်း…သတိထားနော်။ တော်ကြာ နာမည်ပျက်မယ်၊ သူက ဖွတ်ထိုးမယ့် ပုံပဲ၊ သတိပေးပြီး ထိန်းထားလိုက်"

"ဟာ…ဘာမှ မဟုတ်တာဗျာ၊ သူ အနေအထိုင် မတတ်တာက ကြာရင် ပြဿနာပဲ"

လေးရက်လောက်ကြာတော့ တော်တော်ပြဿနာ ရှိနေပြီ…။ ကောင်မလေးက လုံးဝမလျော့တဲ့အပြင် ပိုတိုးလာတယ်။ ကျွန်တော်က စာရေးစရာရှိလို့ဆိုလည်း မရဘူး။ ကျွန်တော်ကလည်း ဟောက်တတ် ဟိန်းတတ်တဲ့ အလေ့က မရှိ။ ကိုယ်ပြောလိုက်လို့ ပြဿနာကြီးသွားရင် ဒါရိုက်တာ သိပြီး ပြဿနာ မကောင်းဘူး။ နောက်မသုံးနဲ့ဆိုရင်လည်း သူထိခိုက်မှာ စိုးရိမ်ရသေး။ သူတို့ပြောသလို မဟုတ်ဘူး ဆိုတာကိုလည်း ကိုယ့်ဘာသာသိ။ အဲဒီလေးရက်လောက် တော်တော်စိတ်ဒုက္ခ ရောက်ပါတယ်။

နောက်ဆုံးတော့… ဘာပဲဖြစ်ဖြစ် ကောင်မလေးကို ပြောပြီး ထိန်းဖို့ သူတို့က သတိပေးလာတယ်။ သူတို့ Acting တွေကြည့်ရတာလည်း ပီတိစေတနာနဲ့ ကျွန်တော့်ကိုယ်စား အကြံပေးနေကြတော့ ဗုံစံ နောက်ဆုံး… ကျွန်တော့်ကို သူတို့က မနက်ဖြန် ထမင်းစားနားတုန်း အခန်းလွတ်ထဲမှာ ကောင်မလေးကို ခေါ်ပြော။ အချို့အနေအထားကောင်းရ

www.burmeseclassic.com

www.burmeseclassic.com



ညည်းစားစကားပြော။ ဒါမှမဟုတ် ဒီလိုနေတာ မကြိုက်ကြောင်းပြောဖို့ ပြောကြတယ်။ ကျွန်တော်က ဒုတိယအချက်ကိုပြောဖို့ သဘောတူ လိုက်ရပေမယ့် လုံးဝ မယုံတာတော့ သူတို့ကိုပဲ…။

ဒါပေမယ့်… သူတို့ ကြပ်တယ်လို့ ထင်ရအောင်ကလည်း ကျွန်တော့်ကို အတင်းချွန်ပေးတဲ့လူထက် စေတနာနဲ့ သတိပေးသူ၊ တားတဲ့သူတွေချည်းပဲ။ တစ်ခါ… ကောင်မလေးက ရိုးရိုးသားသား ခင်လို့နေတာကို "နင် အဲဒီလိုနေရင် မကောင်းဘူး"ဆိုတာမျိုး သွားပြောမိ ပြန်ရင် ကိုယ်က မရိုးသားတာလားလို့ ပြန်အထင်ခံရမှာလည်း စိုးရိမ်ရသေး တယ်။ ကျွန်တော် စဉ်းစားရ တော်တော်ကြပ်လာတယ်၊ တစ်ချက်တစ်ချက် ကျွန်တော့်ကို အကဲခတ်ကြည့်တဲ့ သူတို့မျက်လုံးတွေကိုလည်း မယုံတာ အမှန်ပဲ။

ကျွန်တော် တော်တော်သတိထားဖြေရှင်းရတော့မယ်လို့ ကိုယ့်ကို ကိုယ် သတိပေးရပါတယ်။

အဲဒီ့မနက်ကျတော့ ကောင်မလေးက ထုံးစံအတိုင်း မြူးနေ၊ အသံကျယ်နေတာပါပဲ။ သူတို့ကတော့ မျက်နှာရိပ် မျက်နှာကဲတွေနဲ့ ကျွန်တော့်ကို နေပေးကြတယ်။ ထမင်းစား နားချိန်မတိုင်ခင်မှာ ကောင်မ လေးအကြောင်းကို တခြားအဖွဲ့က မိန်းကလေးတွေဆီမှာ စုံစမ်းတော့မှ လား…လား…ကံကောင်းလို့ မခံရတယ်။

အဲဒီကောင်မလေးက ရှုတင်ကားမောင်းတဲ့လူရဲ့ မိန်းမကိုး…။

သူ့ယောက်ျားကို ပြောပြ နှစ်ရက်လောက်ကြာမှ ကောင်မလေး ကို အသိပေးပြီး ကျွန်တော် ဒုက္ခရောက်ရဲ့ ပေါင်းကြိုကြတာ။ အဲဒီ့ဆို မှင်သေတဲ့ Tampo ကို နားလည်တဲ့ လူပျော်… လူနောက်တွေပါ။ ကျွန်တော်သာ ဘုမသိ ဘမသိ အခန်းထဲဝင်သွားပြီး ပြောလို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့က တစ်ဖက်ခန်းက ချောင်းနားထောင်ပြီး ကျွန်တော် အတည်ပြော သမျှ ဘာပြောပြော ရယ်စရာတွေ ဖြစ်တော့မှာ...။ အဲဒီစကားကို လူစုံလို့ ပြန်ပြောတိုင်း ကျွန်တော် ထွက်ပြေးရတော့မှာ...။ အဲဒီလို လူနောက်တွေပါ။ အဲဒီလို အချိန်ယူပြီး ပိရိသေသပ်ကြတဲ့ လူတွေပါ။

အဲဒီလိုအဖြစ်မျိုးက ကိုအရိုင်းတို့အုပ်စုမှာ မကြာခဏ ကြုံနေကြပါ။ ကျွန်တော် ခံခဲ့ရတာက ကျွန်တော့်ကို ကြပ်တဲ့လူတွေက ကိုအရိုင်းတို့အဖွဲ့မဟုတ်တာလည်း ပါတယ်။သူတို့ဆိုရင် ဒီလောက်အထိ ကျွန်တော် ခံရမှာ မဟုတ်ဘူး။

အဲဒီလိုအဖြစ်မျိုးက အချင်းချင်းဆို သိပ်ဝင်ထည့်ဖို့ ဒုက္ခရောက်အောင်ကြံဖို့ မလွယ်ပါဘူး။ စနိတ်စနိတ် စီးသည့်လိပ်ပေါ့ဗျာ။ ပါးစပ်ဟတာနဲ့ ဘာလုပ်တော့မယ်ဆိုတာ သိကြပြီးသား လူတွေပါ။ သူတို့ လေးယောက်စလုံးက သိပ်ခင်ဖို့ ကောင်းပါတယ်။ ဒါပေမယ့် စိတ်မချနဲ့ ခံရမယ်၊ သတိထားရသော မိတ်ဆွေများပေါ့။

ကျွန်တော် အခုရေးမယ့် ကင်းကောင်အကြောင်းက မင်းသား လွင်မိုးနဲ့ ဒါရိုက်တာ မောင်မျိုးမင်းရိုက်တဲ့ "နောက်ကျ" ဗီဒီယိုကားမှာ အဲဒီကိစ္စက ဖြစ်တာပါ။ ကားရိုက်တာက ငါးရက်လောက်ရှိပါပြီ။ အဲဒီနေ့က ကီလီ(၆) ရှုတင်အိမ်မှာ (Indoor) အခန်းတွေ ရိုက်ကြတာပါ။ လွင်မိုးနဲ့ သူတို့ (လေးယောက်) အခန်းတွေချည်းပဲပေါ့ဗျာ။ မနက်(၁၀)နာရီ လူစုံကတည်းက စရိုက်ကြပါတယ်။ တစ်ခန်းရိုက်ပြီးတဲ့အချိန်မှာ... ကင်းကောင်က ကိုမျိုးမင်းကို အနားကပ်ပြီး ပြောပါတယ်။ ကိုမျိုးမင်းအဲဒီကားရိုက်ရက် ပေးထားပေမယ့် ဟိုဘက်ကားတစ်ကား အတင်းခေါ်တာလို့ သူ...ပေးထားရကြောင်း၊ သုံးခန်းပဲပါတဲ့အတွက် ကိုမျိုးမင်းနဲ့ ညှိမယ်ဆိုပြီး လက်ခံထားလိုက်ကြောင်း၊ ဒါကြောင့် သူတို့ ခဏသွားရိုက်ခွင့်

www.burmeseclassic.com



ပေးစေချင်ကြောင်းပေါ့ဗျာ။ ကိုမျိုးမင်းက ခဏစဉ်းစားပြီး ကျွန်တော့်ကို မေးတယ်။

"ကိုရဲ...ကင်းမပါတဲ့အခန်း ဘာရှိသလဲ"တဲ့။

ကျွန်တော်လည်း ခဏတော့ စဉ်းစားရတယ်။ အမှန်တော့ ကင်းမပါတဲ့အခန်းက လုံးဝမရှိပါဘူး။ ဒါပေမယ့် အရေးကြီးလာရင်တော့ ဖြစ်အောင် ဖန်တီးလို့ရပါတယ်။ ကျွန်တော်ကလည်း ဇာတ်ညွှန်းကို တစ်ခါတည်း အပြီးရေးတာ မဟုတ်ဘဲ၊ အခုရိုက်တဲ့အခန်းကို အခုရေး တာပါ။ ကျွန်တော်ရေးပြီးတဲ့အခန်းကို သူတို့ရိုက်၊ သူတို့ရိုက်နေတုန်း နောက်အခန်းကို ကျွန်တော်က ဆက်ရေးပေါ့ဗျာ။

"မပါတာတော့ မရှိဘူး အစ်ကိုကြီး၊ ဒါပေမယ့် Tampoအခန်း ကလွဲပြီး ကျန်တဲ့အခန်းတွေ မပါတာတော့ ကိစ္စမရှိဘူး။ ကင်း အပြင်သွား နေတယ်လို့ တစ်ယောက်ယောက်က ထည့်ပြောပေးရုံပါပဲ"

"အဲဒါဆို လုပ်ပေးစမ်းပါကွာ...၊ တကယ်ပါ ကိုမျိုးမင်းရာ၊ ဟိုဘက်မှာ သုံးခန်းထဲပါ၊ ကျွန်တော် တစ်နာရီဆို ပြန်ရောက်မှာ"

"ခင်ဗျားက ခုတ်တာလား"

"ဟာ...မဟုတ်ပါဘူး၊ ကိုမျိုးမင်းကလည်း ကျွန်တော်က ပြော ပြီးမှ သွားတာပါ"

ကိုမျိုးမင်းက နောက်ပြီး မေးတာပါ။ ကင်းကောင်ကလည်း စပ်ဖြဲဖြဲ ဖြေတာပါ။ ကိုမျိုးမင်းနဲ့ ဒီလေးယောက်က သူငယ်ချင်းလို ခင်ကြပေမယ့် ရိုက်ကွင်းပေါ်မှာကျတော့ အလုပ်နဲ့ပတ်သက်ပြီး လေးစားမှု တော့ရှိပါတယ်။ ကိုမျိုးမင်းပြောတဲ့ ခုတ်တယ်ဆိုတဲ့စကားက Actor အချင်းချင်း သိကြတဲ့ စကားပါ။

မင်းသား၊ မင်းသမီးကလွဲလျှင် ကျန်တဲ့ဇာတ်ပို့ဆိုတာက ကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ကားလုံးပါတာ နည်းပါတယ်။ ကားရိုက်ရက်(၁၀)ရက်မှာ အများဆုံး ခြောက်ရက်လောက်ပဲ ပါကြတာပါ။ တချို့ဆို သုံးလေးရက်လောက်ပဲ ပါကြတယ်။ ကျွန်တော်တို့က ကားဆက်ရိုက်နေတုန်း သူတို့အခန်းပြီးသွားရင် သူတို့က နောက်တစ်ကားကို ပြောင်းသွားကြတတ်တယ်။ တစ်ခါ-တလေလည်း သူတို့အခန်း မပြီးသေးပေမယ့် သူတို့မပါတဲ့ရက်မျိုးမှာ တစ်ခြားကားကို ပြေးရိုက်ကြ၊ သရုပ်ဆောင်တတ်ကြတယ်။ အဲဒါကို (ကားနှစ်ခွရိုက်တာကို) ခုတ်တယ်လို့ သုံးကြပါတယ်။

တစ်ခါတလေဆိုရင်လည်း အဲဒီကိစ္စက တော်တော် ဒုက္ခပေးတတ်ပါတယ်။ ကိုယ်က ဒီနေ့ သူတို့ကို မပါဘူးပြောထားပေမယ့် အကြောင်းတစ်ခုခုကြောင့် သူတို့ကို ထည့်ရိုက်ဖို့ ကြုံလာတဲ့အခါ အိမ်သွားရှာလည်း မရှိ။ ဟိုဘက်ရိုက်ကွင်းလိုက်တော့လည်း ဟိုမှာက ရိုက်နေဆိုတော့ ပြဿနာ တော်တော်တက်တတ်တယ်။ အဲဒီလို အမြဲခုတ်တတ်တဲ့ Actor မျိုးဆိုရင် ဒါရိုက်တာ တော်တော်များများက လုပ်ငန်းအနှောင့်အယှက် ဖြစ်မှာစိုးလို့ သတိထားကြ ရှောင်တတ်ကြပါတယ်။

အခု ကင်းကောင်ကိစ္စကတော့ ဖွင့်ပြော၊ ကတိပေးပြီးသွားတာဆိုတော့ သိပ်ပြဿနာမရှိဘူး။ ကိုမျိုးမင်းကလည်း OK ပေါ့ဗျာ...။ ကင်းကောင် ဝမ်းသာအားရနဲ့ ဟိုဘက်ရိုက်ကွင်းကို ပြေးစာပါပဲ။ ကင်းကောင် သွားပြီးမှ ပြဿနာတက်တာက အဲဒီ နောက်ကျကားမှာ လွင်မိုးက ခရစ်ယာန်ဘာသာဝင်ဆိုတော့ သူနေတဲ့အခန်းမှာ ခရစ်တော်ပုံရယ် သူ့ခွဲဖို့ လက်ဝါးကပ်တိုင် ဆွဲကြိုးရယ်၊ သမ္မာကျမ်းစာ စာအုပ်ရယ်...။ ကိုမျိုးမင်းက ကာရိုက်တာအရ ထည့်ဖို့ စိတ်ကူးကလေး ပေါ်လာပြီး ရှူတင်မန်နေဂျာကို ပြေးခိုင်းရတယ်။

ခရစ်တော်ပုံ ဝေါလ်ရှိ(ထ)နဲ့ ဆွဲကြိုးက ဗိုလ်ချုပ်ဈေးမှာ ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် သမ္မာကျမ်းစာအုပ်က ပြဿနာတက်နေတယ်။ ကိုမျိုးမင်းဆိုတဲ့ ဒါရိုက်တာကလည်း ကာရိုက်တာကို တော်တော်ဂရုစိုက်တဲ့ ဒါရိုက်တာပါ။ ဒီတော့ ဘာမှမရိုက်သေးဘဲနဲ့ စာအုပ်ရတဲ့အထိ စောင့်နေတယ်။ အခန်းထဲမပါတဲ့ တစ်ခန်းးပဲ အပြင်မှာ ရိုက်လိုက်ကြတယ်၊ ပြီးတော့ (၁၂)နာရီမှာ ထမင်းစားပေါ့ဗျာ။ အားလုံး ထမင်းစားပြီးတော့ ဟိုဟိုဒီဒီ လျှောက်ပြော နေကြတာပါပဲ။ အဲဒီလိုနဲ့ ညနေ သုံးနာရီသာ ထိုးသွားတယ်…သမ္မာကျမ်း စာအုပ်လည်း ရောက်မလာ၊ ကင်းကောင်လည်း ပြန်မလာပါဘူး။

"ဟား…ဒီနေ့တော့ ဒိုင်လျှော်တဲ့နေ့ပါလားဟေ့၊ စာအုပ်က လည်းရောက်မလာ၊ အခုမှ နှစ်ခန်းလား ကျသေးတာ လုပ်ကြဦးဟ…"

"စာအုပ်ရောက်လာတော့ရော ကင်းက ရောက်သေးလို့လား"

လွင်မိုးက နောက်ပြီး ဝင်ပြောတာပါ။

"ကင်းက ရပါတယ်၊ ကားရိုက်ရင် ဒီကောင်မြို့ထဲ သွားတယ်လို့ ကိုဖြူ ဝင်ပြောပေးလိုက်ပေါ့၊ အေး …သူ ကျွန်တော့်ကို ပြောသွားတာ သုံးခန်းထဲ၊ တစ်နာရီပြန်လာမယ် ပြောသွားတာဗျ၊ အခု သုံးနာရီ ထိုး နေပြီ"

"ခင်ဗျားဗျာ…ဒီကောင့်စကားများ ယုံလို့၊ ဘယ်သုံးခန်း ကရ မှာလဲ၊ ဒီနေ့ပြန်လာရင် ကံကောင်းပဲ"

ကိုအရိုင်းစကားကြားတော့ ကိုမျိုးမင်းက ထရယ်တယ်။ ခံလိုက် ရတယ်ပေါ့လေ…။

"ထင်တော့ ထင်ပါတယ်၊ ဒါပေမယ့် ပြဿနာတော့ မရှိပါဘူး။ ပြန်လာရင်တော့ ပညာလေးဘာလေး ပေးကြရအောင်…၊ ဟော့ကောင် မောင်မိုး"

"ရတယ်လေ…ကင်းကောင်မရှိလို့ မရိုက်ဖြစ်ဘူးလို့ ပြောကြ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အဲဒီလို မရဘူးကွ၊ ဒီအလုံးလောက်နဲ့...ကင်းကို ချည်လို့ မရဘူး...။ သူ့ကို ဘာမှမပြောနဲ့...မင်းနဲ့ငါနဲ့ ပြဿနာတက်တယ်လို့ပြော...မောင်မိုး"

စကားပြောနေတုန်း ကိုမိုး Hand Phone က မြည်ပါတယ်။ သူ အပြင်သွားဖို့ လူမှုရေးကိစ္စတစ်ခုပါ။

"ကိုမျိုးမင်း...ကျွန်တော် နာရီဝက်လောက် သွားဦးမယ်ဗျာ..."

"မောင်မိုး တစ်ခန်းပဲကျသေးတာနော်၊ ပြန်လဲ လာခဲ့ဦး...၊ ကင်းကောင်လိုလည်း လုပ်မသွားနဲ့ဦး"

"နာရီဝက်ပါဗျာ၊ ဒီထက်ကြာ (၄၅)မိနစ်ပေါ့"

မောင်မိုး ပြောပြီးထတုန်း... ရှုတင်အိမ်ထဲ ကက တစ်စင်း ထိုးဝင်လာပြီး ကင်းကောင် ဆင်းလာပါတယ်။ အင်္ကျီထုတ်ကလေး ဆွဲလို့၊ အပြင်ရောက်တာနဲ့ အထုတ် ဖုန်းဆိုပစ်ချပြီး လက်ခုပ်တီး လက်နှစ်ဘက်မြှောက်ပြီး ခန္ဓာကိုယ်ကို တွန့်လိမ်ရင်း အော်ပါတယ်။

"ကိုယ်လာပြီ...ပြီးပြီ၊ ရိုက်မယ် OK ပဲ၊ အားလုံး Ready ရိုက်မယ်..."

အမှန်တော့ တစ်နာရီပြောထားပြီး (၃)နာရီကျော်မှ ရောက်လာတာကို ရှူးချင်ယောင် ဆောင်တာပါ။ ကိုမျိုးမင်း ပြောရင်လည်း ဘာညာ လျှောချဖို့ဆိုတာ အားလုံး သဘောပေါက်ပါတယ်။ သူကသာ အော်နေတာပါ၊ သူ့ကို တစ်ယောက်မှ ဘာမှပြန်မပြောကြပါဘူး။ အဲဒီမှာကျွန်တော်တို့နားက ထသွားပြီး သူ့ကားနားရောက်နေတဲ့ လွင်မိုးက သူ့တပည့်နှစ်ယောက်ကို လေသံမာမာ အသံကျယ်ကျယ်နဲ့ လှမ်းခေါ်တယ်။ လွင်မိုး ဒေါသသံကြောင့် အားလုံး လန့်သွားကြတယ်။ ကျွန်တော်တို့ဝိုင်းနဲ့ ခပ်ဝေးဝေးမှာ ထိုင်နေကြတဲ့ မောင်မိုးတပည့်နှစ်ယောက်လည်း ဘာမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိတော့ လန့်ဖျန့်ပြီး ပြေးလာကြတယ်။

"မင်းတို့ကို ကားပေါ်တက်ဖို့ ပြောနေတယ်။ တော်ပြီ...မရိုက်ဘူး။ တစ်ယောက်မှ အဆင်မပြေဘူး၊ ခင်ဗျားကြိုက်တာ ဆက်လုပ် ကိုမျိုးမင်း...ဒါပဲ"

စကားဆုံးတော့... လွင်မိုးက ကားပေါ်တက်၊ ကားတံခါးကို ဝုန်းခနဲပိတ်ပြီး ကားကို ဝေါခနဲ မောင်းထွက်သွားတယ်။ မင်းသားဆိုတော့ Acting ကလည်း အပြည့်ပေါ့ဗျာ။ ကျွန်တော်တို့က ဘာမှန်းသိပေမယ့် အဝေးမှာ နားနေကြတဲ့လူတွေက ဘာမှန်းမသိတော့ လန့်ကုန်ကြတယ်။

ကျွန်တော်တို့ ထိုင်နေကြတဲ့ ကီလီ(၆) ပေါ်တီကို အောက်ကပဲ မောင်းမိုးက ကားကို အရှိန်နဲ့ မောင်းထွက်သွားတယ်။ ကိုမျိုးမင်းကလည်း ဘာမှမပြောဘဲ ကားပေါ်က မောင်မိုးကို လိုက်ငေးနေတယ်။ မောင်မိုးကား ခြံထဲက ထွက်သွားတော့ စီးကရက်တစ်လိပ် ထုတ်သောက်ပြီး လက်ပိုက် စဉ်းစားတယ်။ နောက်...တောက်ခတ်ပြီး ဇာတ်ညွှန်းစာရွက်ကိုင်ပြီး အိမ်ထဲ ဝင်သွားတယ်။

ကင်းကောင် ကြောင်ပြီး တိတ်သွားတယ်။ ဒါပေမယ့် ခဏပါပဲ...ဒီလောက်နဲ့တော့ ဘယ်ရမလဲ။

"ဟား...ဟား...ဒါမျိုးတွေ ရိုးနေပြီ၊ လုပ်မနေစမ်းပါနဲ့ကွာ၊ လာကြပ်မနေနဲ့"

သူ ရယ်ရယ်မောမော ရှင်းရှင်းကြီးပြောပေမယ့် သူ့ကို ဘယ်သူမှ မကြည့်ကြပါဘူး။ ဘာမှလည်း ပြန်မပြောဘူး။ ကျွန်တော်တို့အုပ်စုကလည်း ဘာဆိုရင် ဘယ်လိုနေရမယ် ဆိုတာလောက်တော့ သိပါတယ်။ သိပ်ပါးတဲ့ ကင်းကောင်လိုလူမျိုးကို အလုံးကြီး သွားထည့်လိုက်ရင် လွတ်သွားမယ်။ ဒါ...ပါးပါးလေးလုပ်ရမယ့်ကိစ္စ၊ ကိုယ့်တာဝန် ကိုယ်ကျေဖို့လေ။

www.burmeseclassic.com

www.burmeseclassic.com



ကင်းကောင် ကျွန်တော်တို့ထိုင်နေတဲ့နားကို သွက်သွက်လက်လက် ဝင်ထိုင်တယ်။ ပြီးတော့ . . . အနားမှာရှိတဲ့ ကိုဖြူ့ကို မေးတယ်။

"ကိုဖြူ . . . ဘာဖြစ်တာလဲ"

"သိပါဘူးကွာ . . . သူတို့ပြဿနာနဲ့ သူတို့ပါ။ ငါတို့နဲ့ မဆိုင်ပါဘူး"

ကိုဖြူက ခပ်ပေါ့ပေါ့ပဲ ပြောပြီး ထသွားတယ်။ ကင်း နည်းနည်းတော့ ငြိမ်သွားတယ်။ သူ တစ်ချက်စဉ်းစားပြီး လူတွေကို လိုက်ကြည့်တယ်။ ဘယ်သူတွေ ဘာလဲပေါ့လေ . . .။ သူ့ကို နောက်နေတာလား တကယ်တစ်ခုခု ဖြစ်တာလား။ အဲဒီတစ်ခုခုဟာ သူနဲ့ ပတ်သက်သလားပေါ့။ အားလုံးက ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေကြတာပါပဲ။ အားလုံးတွေးနေကြတာက ကိုယ့်လာမေးရင် လူများနဲ့မတူအောင် ဘာဖြေမလဲပေါ့။ ဒါပါပဲ . . .။

"ဟေ့ကောင် . . . ငှက်၊ မောင်မိုးနဲ့ ဖြစ်တာလား၊ ဘာကိစ္စလဲ"

ကင်းကောင် အသံတော့ နည်းနည်း တိုးသွားတယ်။ အမြဲတမ်း ဆူညံပျော်ရွှင်နေလေ့ရှိတဲ့ ရှုတင်ရဲ့ တိတ်ဆိတ်နေမှုက သူ့ရင်ထဲကို ရောက်သွားတာပါ။

"အေး . . . တည်ကြတာတော့ ကိုမျိုးမင်းနဲ့ မောင်မိုးပဲ။ ဘာလဲဆိုတာကတော့ သေသေချာချာ မသိဘူး။ ဇာတ်လမ်းကိစ္စလား မသိဘူး"

"ဟ . . . ဇာတ်ကိစ္စက ရိုက်နေတာပဲ ခြောက်ရက်လောက်ရှိပြီ။ တက်ရင် အခုမှ ဘာလို့ ပြဿနာတက်ရမှာလဲ"

"အေး . . . အဲဒါကြောင့် ငါတို့လည်း မသိဘူး ပြောတာပေါ့ကွ"

"ကျွတ် . . . ဟိုမှာကလည်းကွာ ရိုက်တာ တကယ်သုံးခန်းထဲပါ ငါ့အရင် မဖြတ်ဘဲနဲ့ ဟိုဘက်မင်းသမီးတွေ သွားရိုက်နေတာနဲ့ ကြာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောကြော်လည်း… မေးစေ့လက်ထောက် ပါးစပ်ကို လက်ချောင်းတွေနဲ့ ပိတ်ပြီး တိတ်နေလိုက်တယ်။

"မင်းနဲ့ မဆိုင်ပါဘူးကွာ၊ ငါလည်း တစ်ခန်းမှ မရိုက်တာနဲ့ ဟိုအခန်းထဲ ဝင်အိပ်နေတာ။ ကွိကျိကွိကျိတော့ ပထမ ဖြစ်နေတာပဲ။ ငါလည်း နိုးလာရော ပြဿနာက လာတာ"

"မောင်မိုးက တကယ်ပြန်သွားတာလား"

"မင်းကိုးဒေါ်ပဲ၊ မင်းရှေ့တင် ထွက်သွားတာ မတွေ့ဘူးလား"

"အခု ဘယ်နှစ်ခန်း ရိုက်ပြီးပြီလဲ"

"မင်းသွားပြီးတော့ တစ်ခန်းပဲ ရိုက်တာ၊ ဘာတွေမှန်း မသိပါဘူးကွာ"

ကင်း…တိတ်ပြီး ငြိမ်သွားတယ်။ သူသိချင်နေတာက အခုဖြစ်တဲ့ ပြဿနာက သူနဲ့ ပတ်သက်နေသလား ဆိုတာပါ။ သူ့ဘက်က မှားထားတာကိုး။ ခဏစဉ်းစားပြီး ထသွားတယ်။ ဘယ်သွားသလဲ ကြည့်တော့ မှတ်တမ်းရေးတဲ့ ခိုင်ထွန်းဆီ သွားတာပါ။ ခိုင်ထွန်းက ကျွန်တော်တို့ပြောတာ ဘာမှ မသိပါဘူး။ သူ့ဘာသာ နေတဲ့လူ။ ကင်းက မှတ်တမ်းစာအုပ်ကို ယူကြည့်တယ်။ အဲဒီလောက် သေချာတဲ့လူပါ။ မှတ်တမ်းမှာကလည်း တစ်ခန်းတည်း ရိုက်ရသေးတော့ တစ်ခန်းပဲ ရှိတာပေါ့။ ကင်း မှတ်တမ်းစာအုပ်ကြည့်ပြီးတော့ တော်တော် တွေဝေသွားတယ်။ ငြိမ်လည်း ငြိမ်သွားတယ်။ သူသွားတဲ့ (၁၀)နာရီခွဲလောက်ကနေ ညနေ (၃)နာရီခွဲလောက်အထိ နှစ်ခန်းပဲ ရိုက်ရသေးတယ်ဆိုတော့ ပြဿနာတစ်ခုခု ရှိပြီဆိုတာကိုတော့ သူ…သိသွား၊ ယုံကြည်သွားပြီ။

ကင်း…ကျွန်တော့်ရှေ့ပြန်လာပြီး ရှေ့မှာချထားတဲ့ လန်ဒန်ဘူးထဲက စီးကရက်တစ်လိပ် ယူဖွာတယ်။ သူက ဆေးလိပ်ဖြတ်ထားတဲ့ လူပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ဆေးလိပ်ဖြတ်မလား၊ ခြေထောက်ဖြတ်မလားဆိုလို့ ဆေးလိပ်ကို ဖြတ်လိုက်ရတဲ့လူ။ သူ သောက်ချင်လို့ မဟုတ်ပါဘူး။ ကျွန်တော့်ကို လာရောတာ…။

"နီကိုရဲ…ဇာတ်…ဇာတ်နဲ့ပတ်သက်ပြီး ဖြစ်တာဆို"

"ဇာတ်နဲ့လည်း မဟုတ်ဘူးဗျ။ ဇာတ်က အားလုံးရေးပြီးတာမှ မဟုတ်တာ။ ဒီနေ့ရိုက် ဒီနေ့ရေးပဲဟာ။ ဘယ်လိုပြင်ပြင် ရတယ်…။ ဘာကြောင့်ဖြစ်တယ်ဆိုတာ စဉ်းစားလို့ မရဘူး"

"ငါ့အသံ ပြောတာ ကြားသေးလား"

"ပြောသံတော့ ကြားတယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ မဆိုင်ဘူးဗျ။ ခင်ဗျားက ကိုမျိုးမင်းကို ပြောသွားတာပဲ"

"အေးလေကွာ…Tampo အခန်းတွေမှ မဟုတ်တာ။ မင်းတို့ဟာက ပြဿနာလည်း တက်တယ်၊ ဘယ်သူမှလည်း မသိကြဘူး။ ဘာတွေလည်းကွာ…"

"မသိပါဘူးဆို…၊ သိချင်ရင် ကိုမျိုးမင်းသာ သွားမေး"

ကင်းကောင်လိုပဲ အဝေးမှာနေလို့ ဘာမှန်းမသိတဲ့ တခြားဇာတ်ပို့ ကောင်မလေးတွေကလည်း တိုးတိုး တိုးတိုးနဲ့ ဟိုမေးဒီမေးဆိုတော့ ကင်းကောင် အနေရ ကြပ်လာတယ်။ ရှူတင်တစ်ခုလုံးကလည်း ငြိမ်ပြီး တိတ်နေတာကိုး…။

"ကိုအရှိုင်း…ကိုမျိုးမင်း သွားမေးရအောင်"

"နေစမ်းပါကွာ၊ သူတို့ကိစ္စနဲ့ သူတို့ဟာ။ ပြဿနာဖြစ်တယ်ဆိုတာ နှစ်ဘက်စလုံး မကောင်းတာဘဲ။ မောင်မိုးအကြောင်းလည်း မင်း သိသားနဲ့"

"မဟုတ်ဘူးလေကွာ…ကိုယ့်လူအချင်းချင်းတွေပဲ ဒီလိုဖြစ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ နည်းနည်းပါးပါးတော့ ဝင်ထိန်းဦးမှာပေါ့''

''အေး…ထိန်းချင်ရင် မင်းပဲသွား၊ ငါတို့ကတော့ ကိုယ်နဲ့ မပတ်သက်ရင် အေးဆေးပဲ။ ဝေါင်ဝေါင်ရွေး ဝေးဝေးရှောင် ဟော့ကောင်…''

ကိုအရိုင်းက ပြောပြီး ထသွားတော့ ကင်း တော်တော်ငြိမ်သွားတယ်။ ရှုတင်တစ်ခုလုံးလည်း ဘာမှန်းမသိတော့ ဘယ်သူမှ ရယ်မောပျော်ရွှင် မရှိတော့ဘူး။ အားလုံး တိတ်ပြီး ငြိမ်ကုန်ကြတယ်။ ကင်းကောင်ငုတ်တုတ်ကလေးထိုင်ပြီး သုံးမိနစ်လောက် ငြိမ်နေပြီးမှ ကိုမျိုးမင်းရှိတဲ့ အခန်းထဲ ဝင်သွားတယ်။

ကင်းကောင်က ကိုမျိုးမင်းကို မမေးသေးဘဲ နောက်ကနေ အသာလေ့လာတယ်၊ ကိုမျိုးမင်းက ပြတင်းဘောင်ကို လက်ထောက်ပြီး အပြင်ကိုငေး…စီးကရက်ကို မဖွာဘဲ ဒီအတိုင်း ကိုင်ထားတယ်။

''ကိုမျိုးမင်း…ဘာတွေဖြစ်ကြတာလဲဗျာ။ ဘယ်လို ဖြစ်တာလဲ…''

''ဘာမှမဟုတ်ဘူး ကင်း။ ခင်ဗျားတို့ ကျွန်တော်တို့ တွဲလာခဲ့တဲ့ကားတွေ များပြီပဲဗျာ။ ညီအစ်ကိုတွေလို ဖြစ်နေကြတာပါ။ တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ သည်းခံကြရတာပဲ။ဒီကောင်က ဒီစကားမျိုး မပြောသင့်ဘူး''

ကိုမျိုးမင်းက စကားကို တစ်လုံးချင်း အသံတုန်ပြီး ပြောတာပါ။ ကင်းမျက်နှာကိုတောင် မကြည့်ဘူး…။ ပြောပြီးတော့ ကိုမျိုးမင်းက လက်ထဲက ဖာတ်ညွှန်းစာရွက်တွေကို 'ဖုန်း'ခနဲ ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။

''ရတယ်…ကျွန်တော်ကလည်း သူနဲ့ရိုက်မှ ဒါရိုက်တာဖြစ်တာ မဟုတ်ဘူး။ သူကလည်း ကျွန်တော်နဲ့ရိုက်မှ ဖြစ်တာမဟုတ်ဘူး။ ဒီကားကို ဖျက်လိုက်တော့…''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ကိုမျိုးမင်း၊ အဲဒီလို မလုပ်နဲ့လေဗျာ။ ကျွန်တော်တို့အားလုံး ဘော်ဒါတွေပဲ။ ဘာ…ဘာဖြစ်တာလဲ။ ကျွန်တော်နဲ့ရော ပတ်သက်…"

"အလကားပါ ကင်းရာ၊ နင်မရှိတာ ဘာဖြစ်လဲ။ ဒါ…ပြဿနာလား။ အလကား…အဲဒီ ဘာမှမဟုတ်တာလေးကို ပြဿနာလုပ်တာ ကျွန်တော် ပိုခံစားရတယ်။ ကျွန်တော် ပိုနာတယ်။ ခင်ဗျား ဟိုဘက်သွားတာ လုံးဝ ပြဿနာမှ မဟုတ်တာ"

ကိုမျိုးမင်းစကားကြောင့် ကင်း လုံးဝပြာသွားတယ်။ ဒီစကားလုံးတွေဟာ နာမည်ရှိကြတဲ့ အသိုင်းအဝိုင်းတစ်ခု ကြားမှာ ဘယ်လောက်အထိ ပြင်းထန်သွားတယ်ဆိုတာ သူ သိတာကိုး…။

ပြဿနာက သူနဲ့ စတယ်။ သူ ဟိုဘက် သွားခုတ်တဲ့ကိစ္စလည်း ပါတယ်ဆိုတာ သေချာသွားပြီကိုး။

ကိုမျိုးမင်းကို အတင်းတောင်းပန်ပြီး မောင်မိုး Cellular Phone ကို လှမ်းဆက်တယ်။

"ကိုမျိုးမင်း…စိတ်ချ၊ ကျွန်တော် ရအောင် ခေါ်ပေးပါ့မယ်…။

မောင်မိုး…ငါပါ၊ ဘာဖြစ်တာလဲကွာ…ညှိနှိုင်းလို့ ရပါတယ်။ ငါတို့လည်း ရှိနေတာပဲ၊ ဒီကို ပြန်လာခဲ့ကွာ။ မောင်မိုး…"

"အေး…မင်း ဘာပြောပြော ငါမလာဘူး ဟော့ကောင်၊ ဒီကားကို ဖျက်ခိုင်းလိုက်တော့"

ကိုမိုးစကားသံကို မကြားရပေမယ့် ကင်းကောင်မျက်နှာကို ကြည့်ပြီး ကိုမိုးက ဟိုဘက်က တာဝန်ကျေသွားပြီဆိုတာကို ကျွန်တော်တို့ နားလည်လိုက်တယ်။ မျက်ရိပ်ပြပြီး အားလုံး ကိုမျိုးမင်းနား သွားထိုင်ပြီး ဘာမှ မပြောဘဲ တိတ်နေလိုက်တယ်။

ကင်းမျက်နှာက ကစ်(စ)မီကွစ်ရွက်ကလေးနဲ့ ကျွန်တော်တို့အနား

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ကိုမျိုးမင်း ထိုင်နေတဲ့ ခုံနားမှာ ငုတ်တုတ်ကလေးထိုင်ပြီး ကိုမျိုးမင်းကို ကြည့်တယ်။

"ကိုမျိုးမင်း...ကျွန်တော့်ကြောင့်ဖြစ်တာဆိုရင် ကျွန်တော် တောင်းပန်ပါတယ်။ မောင်မိုးကို ကျွန်တော် ရအောင် ခေါ်ပေးပါ့မယ်။ စိတ်ချပါ...ကိုမျိုးမင်းရယ်၊ ကျွန်တော်...ကျွန်တော်..."

ကင်းရဲ့ စောင်းနေတဲ့မျက်လုံးထဲမှာ မျက်ရည်တွေဘာတွေ ဝဲနေပါပြီ။ ကျွန်တော်တို့လည်း နည်းနည်းတော့ လန့်သွားတယ်။ ဒီလောက်သူ ခံစားသွားရင် ဘယ်လို ပြန်ဖြည့်တော့မလဲ ဆိုတာကိုပါ။ ဒီအချိန်ကျမှ မဟုတ်ဘူးကွ၊ ငါတို့ နောက်တာ...လို့ ပြောဖို့ တော်တော်ခက်သွားပြီ။ ကိုမျိုးမင်းလည်း အဲဒါကို တွေးမိပုံရတယ်။ ဘာပြန်ပြောရမှန်းကို မသိဘူး။

"ရတယ် ကင်း...၊ ဘာမှ မခံစားနဲ့...ရတယ်"

"မဟုတ်ဘူး...ကိုမျိုးမင်း၊ ကျွန်တော် အဲဒီလောက် မထင်ဘူးဗျာ၊ တော်တော်ဝမ်းနည်းဖို့ ကောင်းတယ်...ကျွန်တော်..."

"ဟာကွာ...မောင်မိုးက ဝုန်းဒိုင်း ခဏပါ။ ပြီးရင် ပြီးသွားမှာပါ"

ကိုအုရှိန်းလည်း ဝင်ပြောပေမယ့် ကင်းကောင်က မရတော့ဘူး။ ကျွန်တော်တို့လည်း ဘာပြောရမှန်းကို မသိတော့တာ...။ ပြန်ဖြည့်ဖို့ တော်တော်ခက်နေပြီလေ။

အဲဒီအချိန်မှာ ရှူတင်ကား ပြန်ရောက်လာတယ်။ ရှူတင်မန်နေဂျာက ပြုံးပြုံးရွှင်ရွှင်နဲ့ အောင်အောင်မြင်မြင် အော်ပါတယ်။

"ရပြီ ကိုမျိုးမင်း...စာအုပ်က အတော်ဒုက္ခပေးတာ။ ဆွဲကြိုးက ဒီမှာ...။ နောက်ဆုံးတော့ ကျွန်တော့်သူငယ်ချင်း ဘုရားရှိခိုးကျောင်းသွားပဲ သွားငှားခဲ့ရတာ။ အခုမှ နှစ်ခန်းတည်းဆိုတော့ မဟုတ်သေးဘူး။ ရိုက်မယ် ဟ...ရိုက်မယ်။ ကိုမိုးက ဘယ်ရောက်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှုတင်မန်နေဂျာစကားဆုံးတော့ ကင်း ခဏ စဉ်းစားတယ်။ ပြီးတော့ ငုတ်တုတ်ထိုင်နေရာက ဝုန်းခနဲ ခုန်ထတယ်။ လူပါးဆိုတော့ ဒီလောက်ဆို သိသွားပြီလေ…။

“ငါ့ကို ကြပ်တယ်…ငါ့ကို ကြပ်တယ်။ ကိုမျိုးမင်းဗျာ…လူကြီးလုပ်ပြီး သူကအစ ကြပ်တယ်။ တောက်…အေးပေါ့ကွာ…နှိုးပဲ …မင်းတို့တွေ မှတ်ထားကြ၊ တွေ့မယ် တွေ့မယ်”

အခုမှ တကယ့်ကင်းကောင်လို ရင်ဘတ်ထုပြီး ကင်း ဒေါသတကြီးအော်တယ်။ ကျွန်တော်တို့လည်း ဝိုင်းရယ်ပြီး ထွက်ပြေးကြတာပေါ့။

အဲဒီအဖြစ်အပျက်မှာ အိုက်တင်အကောင်းဆုံးလူကတော့ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ပါ။ ဒိုင်ယာလော့(ခ)လည်း မှန်တယ်၊ လေသံလည်းမိတယ်။ ကင်းကို ပါးပါးကလေး ပြောပြီး…ဒေါသကြောင့် အသံတုန်လိုက်တဲ့နေရာမှာမှ ကင်း ယုံပြီး ကြွေသွားတာ။ ကျွန်တော်တောင် စဉ်းစားမိတယ်။ သူ…ဒါရိုက်တာလုပ်လို့ မင်းသားများလုပ်မယ်ဆို မောင်လွင်မိုးတို့ ပြဿနာပဲလို့…။

ဒီအဖြစ်အပျက်လေးကို (၅)နှစ်လုံး လက်တွဲပြီး ခင်မင်ခဲ့ရတဲ့ …ကိုမျိုးမင်း…ကိုလွင်မိုး…ကိုအရိုင်း…ကိုကင်း…ကိုဖိုးဖြူနဲ့ ကိုငှက်တို့အတွက် အားလုံးအမှတ်တရအဖြစ်…ကျွန်တော် ရေးတာပါ။

ကျွန်တော်တို့ရှေ့မှာ မျက်ရည်တွေဘာတွေ ဝဲအောင် ခံလိုက်ရတာကို ကင်းကောင် ရှက်သွားတာဆိုတော့ အဲဒီအကြွေးကိုဆပ်ဖို့ ကင်းကောင်က အမြဲတမ်း ချောင်းနေတာ ခုထိတော့ သူ့အကြွေးက ကျွန်တော်တို့အားလုံးအပေါ် တင်နေတုန်းပါပဲ။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ချင်ရင်လည်း ဖတ်ပါတော့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူ့စရိုက် လူ့စိတ်ခံစားမှုဆိုတာက တော်တော်သိရခက်၊ ခန့်မှန်းရခက်တတ်ပါတယ်။

လူတွေဟာ ဟိုးအဝေးကြီးက လကမ္ဘာပေါ်ရောက်အောင် သွားနိုင်တယ်။ နက်လှိုက်တဲ့ သမုဒ္ဒရာအောက်ကိုလည်း ရောက်နိုင်တယ်။ ဒါပေမယ့် စိတ်ထဲကို အဆုံးအထိ ဘယ်သူမှမသွားနိုင်ကြဘူး။ ဆန်းကျယ်တဲ့ လူ့စိတ်သဘာဝရဲ့အကြောင်းကို အကုန်သိနိုင်ဖို့ မကြိုးစားနိုင်ကြပါဘူး။

ကျွန်တော်တို့ ရုပ်ရှင်ဗီဒီယိုပတ်ဝန်းကျင်ရဲ့ လက်ရှိ နာမည်ရနေသူတွေ၊ နာမည်ရဖို့ ကြိုးစားနေသူတွေ၊ နာမည်ရအောင်ကြိုးစားဖို့ ကြိုးစားနေသူတွေနဲ့ သူတို့ မိသားစုဝင်တွေ၊ ပတ်ဝန်းကျင်တွေရဲ့ စိတ်အပြောင်းအလဲအဖြစ်အပျက်တွေက တစ်ခါတစ်ခါ သိပ်အံ့ဩဖို့ ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ကျွန်တော်ကြုံရတဲ့အကြောင်းက ကျောင်းဆရာနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်တို့က သူ့ကို ဆရာကျောင်းလို့ ခေါ်ပါတယ်။ သူက မုံရွာသား၊ ဆားလင်းကြီး ဇာတိပါ။ အရပ်နဲ့ လူလုံးလူထည်က ကျွန်တော်နဲ့ မကွာပါဘူး။ ၅ပေတန်း၊ ပေါင် ၁၀၀သာသာပါ။ ဒါပေမယ့် အနုပညာလောကမှာတော့ တော်တော်အသံကျယ်ပြီး မွှေတဲ့ နောက်တဲ့ လူပါ။ လူပုတွေ လူသေးတွေရဲ့ အားပေါ့လေ။

မွှေဆို သူလုပ်တဲ့အလုပ်တွေကလည်း နည်းမှ မနည်းဘဲ။ စာသင်တယ်၊ ဒီဇိုင်းဆွဲတယ်၊ ပန်းချီရေးတယ်၊ ဝတ္ထုရေးတယ်၊ စီးရီးကြော်ငြာတွေ လုပ်တယ်၊ စီးရီးခွေတွေ စီစဉ်တယ်၊ ထုတ်တယ်၊ ပြီးတော့ ကျောင်းစာပေဆိုပြီး စာအုပ်တွေ ဘာတွေလည်း လုပ်တယ်။ စာသင်တာရယ် ပန်းချီကားရေးတာရယ်ကတော့ သူဝါသနာပါတဲ့အလုပ်ဆိုတော့ စီးပွားဖြစ် မလုပ်ပါဘူး။ ကျန်တဲ့အလုပ်တွေကတော့ စီးပွားရေးအရ ဟုတ်တုတ်တုတ်ပေါ့လေ...။ ကျွန်တော်မှတ်မိ သမျှဆိုရင်တော့ Heavy အဆိုတော် ကိုလေးဖြူရဲ့ ကန္တာရလမင်း စီးရီးခွေကာဘာနဲ့ ဒီဇိုင်းလောကမှာ နာမည်ရပြီး ကျန်တာတွေ ဆက်တာပါပဲ။

သူနဲ့ ကျွန်တော်က ၁၉၉၁ ခုနှစ်လောက်က ရွှေကြည်အေးကဖီးမှာ ဟိုလိုဒီလိုနဲ့ သိသွားတာပါ။ သူက ခြောက်မိုင်ခွဲမှာ အဆောင်နေတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက် အဆောင်နေချင်တာနဲ့ပတ်သက်ပြီး ရင်းနှီးခဲ့တာ။ အရပ်က ပုပု၊ ပုဆိုး ကပုံစ အပြားကလေးနဲ့ လမ်းသွားလျှင် ဘဲသွားသွားပြီး၊ စကားပြောလျှင် အညာလေကလေးနဲ့ နားထောင်လို့ကောင်းတဲ့ လူသေးကလေး တစ်ယောက်ပေါ့ဗျာ။ အခုတော့ မုတ်ဆိတ်ကလေး တိုနံ့နံ့ထား၊ ကာကီဘောင်းဘီ အင်္ကျီအဖြူ ဘာတွေပတ်၊ ဖိနပ် ခပ်မြင့်မြင့်တွေစီး၊ နေကာမျက်မှန်တွေ ဘာတွေ တပ်ပေါ့ဗျာ။

www.burmeseclassic.com



သူ့ကို ကျွန်တော်တို့ရဲ့ သီချင်းရေးတဲ့ ကိုကြွက်နီက မှတ်ချက်ချဖူးပါတယ်။

ဆရာကျောင်း မြို့သားဟန်ဆောင်တာ အကုန် အောင်မြင်တယ်တဲ့။ စကားပြောရင် အညာလေကလေး မဖျောက်နိုင်တာ တစ်ခုတည်းတဲ့။

သူ့မှာ အတော်ထူးခြားတဲ့ ဗီဇရှိပါတယ်။

သူစိတ်ဝင်စား၊ သူကြိုက်သွားရင် အကုန်လုပ်တတ်တာပါပဲ။ သူ စိတ်ဝင်စားရင် လုပ်ကြည့်လိုက်တယ်။ မဖြစ်ရင် ရပ်သွားတယ်။ ပြီးတော့ ငြီးငွေ့ရင် ပစ်ထားတယ်။ တစ်ခါတစ်ခါ သူက မုံရွာ ဆားလင်းကြီးလေနဲ့ ငြီးတတ်တယ်။ ငါလည်း ဘာဖြစ်လို့ ဖြစ်မှန်း မသိဘူး။ ကိုယ့်ကိုကိုယ် ဘယ်ခေါင်းစဉ်အောက် ရောက်နေမှန်းကို မသိဘူး ဆိုပဲ။ စိတ်ထဲရှိတဲ့အတိုင်း လုပ်လွန်းတော့ သူ့ကိုသူ ဖမ်းမရ ဖြစ်နေဟန်တူပါရဲ့။

စာရေးတဲ့ဘက်မှာလည်း ပါရမီ အနည်းအကျဉ်း ရှိတဲ့သူပါ။

အက်ဆေးဆိုပြီး ရေးပေးတာ ဝတ္ထုတိုဆို ပါလာပြီး ဝတ္ထုတိုရေးပေးလိုက်တာ အက်ဆေးကဏ္ဍက ပါလာတဲ့ လူမျိုး။ ဘာဖြစ်နေနေစိတ်ကတော့ အင်မတန်အေးတဲ့ လူပါ။ သူလုပ်ရမယ့်အလုပ်တွေ တန်းစီနေလည်း ၃၃လမ်းမှာ လန်ဒန်ကလေး လက်ကြားညှပ်၊ ကာကီဘောင်းဘီ၊ ဖိနပ်ဟိုက်ဟီးလ်နဲ့ ကော့ကော့...ကော့ကော့လျှောက်။ အညာလေကလေးနဲ့ စကားတအေးအေး နေတတ်တဲ့လူမျိုး။ ဒီဆို ဟိုရောက်၊ စိတ်ထဲရှိတာ လုပ်တတ်လွန်းလို့ သူ့ဆီ အလုပ်အပ်မိတဲ့သူဆိုရင် သူ့အရင်ရှာရတဲ့အလုပ်ကို အရင်လုပ်ရတာပဲ။

သူနဲ့ ခင်သွားရတာ တိုက်ဆိုင်နေတာတွေလည်း ပါပါတယ်။

ပထမတစ်ချက်က စရိုက်ချင်း တူတယ်။ ဒုတိယ ခန္ဓာကိုယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းပုံ တူတယ်(သူ့လောက် မှတ်ဆိတ်မရှည်တာက လွဲရင်)။ တတိယ လက်ရေးလက်သား ဂရုစိုက်တာ၊ ရေးပုံရေးနည်း၊ ဆွဲပုံဆွဲနည်း တော်တော်တူတယ်။

သူထင်တာ လုပ်တဲ့အကြောင်း ကြုံလို့ တစ်ခုပြောရဦးမယ်။ တေးသံသွင်းက ကိုဇော်နဲ့ သူနဲ့ ၃၃လမ်းမှာ တွေ့တယ်။ စကားပြောကြရင်း ကိုဇော့်အခန်းကို အားနေတာနဲ့ လိုက်သွားတော့ ကိုဇော်က Sony ကက်ဆက်တစ်လုံး ဝယ်ထားတယ်။ C.D ရော အခွေရော ဖွင့်လို့ရတဲ့ ကက်ဆက်ပါ။ ထူးခြားတာက ကက်ဆက် Desing က တော်တော်ချစ်စရာ ကောင်းတယ်။ ထောင့်ချိုးလုံးလုံးကလေးတွေနဲ့ ဆရာကျောင်းကလည်း ဒီဇိုင်းဆရာဆိုတော့ အဲဒီကက်ဆက်ကို မြင်တာနဲ့ တန်းသဘောကျတာပဲ။ ခက်တာက Power က တစ်ခါတစ်ရံ (on)ရင် မရဘူး။ Power on ရင် ထစ်နေတတ်တယ်။ အဲဒီကက်ဆက်ကို ထုံးစံအတိုင်း ဒီဇိုင်းကြည့်ပြီး ဆရာကျောင်းက ကြိုက်နေတာ။ ကိုဇော်က ဖွင့်ပြတော့ အသံကလည်း အိနေတာကိုး...။ ဒီတော့ ဆရာကျောင်း မိသွားပြီ။

ကိုဇော်က လိုချင်ရင်ယူ၊ Power on လို့ မရလို့ သူကတော့ မပေးချင်ကြောင်း၊ နောက်တစ်ပတ်လောက် နေရင် ဒီအမျိုးအစားထဲကပဲ လုံးဝအဆင်ပြေတဲ့တစ်လုံး ရောက်မယ်။ အဲဒီကျမှ ယူရင် ပိုအဆင်ပြေကြောင်း အကြိမ်ကြိမ်ပြောပေမယ့် (အဲဒီလိုပြောမှ) ပိုလိုချင်သွားပုံ ရပါတယ်။ အဲဒီကက်ဆက်ကို ဆွဲချသွားတယ်။ ပိုက်ဆံက အကြွေး။ Sorry ပဲ နောင်ခါလာ နောင်ခါချေး။ အလုပ်ထဲက ဖြတ်ဖြတ် ဘယ်ကယူယူ၊ သူကတော့ အဲဒီ Sony ကက်ဆက်ကို ဒီနေ့မှမဖွင့်ရရင် အိပ်မပျော်တော့ဘူး၊ အဲဒီလိုလူ...။

ကိုဇော်ခမျာ သူ လိမ်ပေးတာမဟုတ်ကြောင်း၊ အကုန်ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဒီကက်ဆက်တစ်ခုခုဖြစ်ရင် သူနဲ့မဆိုင်ကြောင်း ကျွန်တော့်ကို သက်သေလုပ်ပြီး တဖွဖွ ပြောရှာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့၏ ဆရာကျော်းက ဘာမှကို ပြောလို့မရတော့ဘူး။ နောက်နေ့မှ ဆိုင်ရောက် ချင်ရောက်၊ ဒီနေ့ညတော့ ဒါကြီးကို ဖွင့်ရမှကို ဖြစ်တော့မှာ။ အဲဒါကြီး ကလည်း တစ်လလောက်ပါပဲ၊ နောက်…ငြီးငွေ့သွားရင် ချောင်ထိုးဦးမှာ။ နောက်တစ်ခုကို ကလေးငိုသလို လက်ညှိုးထိုးပြီး ငိုဦးမှာ။ မရ ရအောင် ယူဦးမှာ။

သူ အိမ်ထောင်မကျသေးတာ ကောင်းပါတယ်။

အိမ်ထောင်ကျရင် ယူရတာက ကက်ဆက်မှ မဟုတ်ဘဲ။ အဲဒီ မိန်းကလေးမှာလည်း ဒုက္ခနော်…။

အဲဒီဆရာကျော်းက ကျွန်တော် ဗီဒီယိုလောကထဲ ဝင်ပြီး လေးနှစ်လောက်မှာ ကုမရ ပြုမရတဲ့ ရောဂါကြီးတစ်ခု ဖြစ်လာတယ်။ အဲဒါ MTV ရိုက်ချင်တာတဲ့ ခင်ဗျာ…။ သိပ်မကြာဘူး၊ သူ့ကို ယုံယုံကြည် ကြည်နဲ့ လွှဲအပ်တာဝန်ပေးခြင်းခံရတဲ့ Producer ကလည်း ရရှိသွားလေ တော့ ဆရာကျော်းတို့ အညာလေ့လေး တလွင်လွင်နဲ့ ကျွန်တော့်အိမ် ရောက်လာပါတယ်။ နောက်တစ်ပတ်အတွင်း သူ MTV ရိုက်မယ်၊ သီချင်းအပုဒ်(၄၀) ကျွန်တော့်ကို Model တွေ ရှာပေးပါပေါ့…။

အဲဒီအချိန်မှာ Model လောကလည်း အုံကြွပေါက်ကွဲ မြည်ဟီး နေတဲ့ အချိန်ပါ။

ခပ်သန့်သန့် ချောချော၊ ခပ်ပိန်ပိန် ကောင်မလေးတွေ တွေ့ရ နင် Model လားလို့ မေး၊ ဟုတ်တယ်လို့ ဖြေနေတဲ့အချိန်မျိုး။ ကျွန်တော် တို့ ဗီဒီယိုပတ်ဝန်းကျင်မှာလည်း တဒယ်တည်း ဒယ်နေတာပေါ့များ။ ကျွန်တော့်ဆီမှာလည်း လိပ်စာကတ်တွေ တသီကြီးနဲ့ပေါ့။ ဆရာကျော်း

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာက ယောက်ျားလေး ငါးယောက်၊ မိန်းကလေးက ရသလောက် ဆိုတော့ ကျွန်တော်လည်း သူ့ကို အာမခံပြီး နောက်နှစ်ရက် ခွာချိန်း။ ပေးထားတဲ့ကတ်ပြားတွေ လျှောက် Phoneဆက်။ ဟိုဘက်က မော်ဒယ်တွေက ဝမ်းသာ။ ကျွန်တော့်ဆီ လာပေါ့ဗျာ...။ တော်တော်ကို အလုပ်ရှုတ်သွားရပါတယ်။

ကျွန်တော့်ရဲ့ နောက်ဆုံးတာဝန်အရ ကျွန်တော့်အိမ်မှာပဲ ချိန်းပြီး Model တွေနဲ့ ဆရာကျောင်းကို တွေ့ပေးရတယ်။ သူ MTV ရိုက်လို့ သင့်တော်မယ့်လူကို ရွေးပေါ့ဗျာ။ ကောင်မလေး ခုနစ်ယောက်လောက် လည်း အလှဆုံးပြင်၊ ဓာတ်ပုံတွေ ယူလာကြပေါ့။ ဆရာကျောင်းက အသစ်မှ လိုချင်တာ၊ ရိုက်ချင်တာဆိုတော့ တစ်ခါမှ မရိုက်ဘူးသေးတဲ့ Model တွေပေါ့။ သူတို့ကလည်း သူတို့ရဲ့ ပထမဦးဆုံး အလုပ်အဖြစ် တက်ကြွပြီး အားအပြည့်နဲ့ပါပဲ။ ရိုက်မယ့်သီချင်းကလည်း အပုဒ်(၄၀) လောက်ဆိုတော့ သူတို့ ကြိုးစားဖို့အတွက် အခွင့်အရေးပေါ့လေ့။

ကျွန်တော်တို့ ဆရာကျောင်းက ထုံးစံအတိုင်း အညာလေကလေးနဲ့ ကျွန်တော့်ကို တိုင်ပင်ပြီး ခြွင်းချက်မရှိ အားလုံးကို ရွေးလိုက်ပါတယ်။ Model တွေလည်းပျော်၊ ကျွန်တော်လည်း ကူညီသူအဖြစ် နာမည်ရ၊ ဆရာကျောင်းလည်း အဆင်ပြေပေါ့လေ...။ နောက်ဆုံးမှ ကျွန်တော်က မိန်းကလေးတွေရော၊ ယောက်ျားလေးတွေရောကို ရိုက်ကွင်း အတွေ့အကြုံမရှိသေးတဲ့အတွက် ရိုက်ကွင်းရဲ့ ဒုက္ခတွေနဲ့ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ပြဿနာတွေကို ကြိုပြောပြပြီး သည်းခံဖို့၊ ကြိုးစားကြဖို့၊ အခွင့်အရေးကို အသုံးချကြဖို့ မှာရပါတယ်။ အားလုံးက တက်ကြွနေတဲ့ လူငယ်တွေဆိုတော့ OK ပေါ့လေ။

ဒီလိုနဲ့ပဲ အဆင်တွေပြေပြီး ဆရာကျောင်းရဲ့ MTV စရိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကျွန်တော်လည်း စာရေးတာ တစ်ဖက် ရိုက်ကွင်းတစ်ဖက်နဲ့မို့ Shooting ကို မရောက်ဖြစ်ပါဘူး။ ဆရာကျောင်းကို ရင်းနှီး ယုံကြည်ပြီး သွားဆိုတော့ Phone နဲ့ သတင်းပို့ ဆက်သွယ်မယ်လို့ပဲ ပြောထားရပါ တယ်။

ပထမနေ့ အဆင်ပြေတယ်ပေါ့…။ ဆရာကျောင်း သဘော ကောင်းကြောင်း Model ကောင်မလေးတွေက ပြောကြပါတယ်။ ရိုက်ရ တာလည်း OK၊ ဒုတိယနေ့ All Right။ တတိယနေ့ကျတော့ ကောင်မလေးတစ်ယောက်က ဖုန်းဆက်တယ်…။ သူ တော်တော် အဆင်မပြေဘူးပေါ့…။ ဘာလဲဆိုတော့ သူရိုက်တဲ့သီချင်းမှာ သူက အဆိုတော်နဲ့တွဲရတာကိုး။ အဆိုတော်ကိုယ်တိုင် သူ့သီချင်းနဲ့ ပါဝင် သရုပ်ဆောင်တယ်ပေါ့ဗျာ။ အဲဒီမှာ အဆိုတော်က မဲမဲဝဝ ရုပ်ကမချော၊ သွားတွေကလည်း ကွမ်းစားထားလို့ နီနေလေတော့ ကောင်မလေးမှာ စိတ်ကူးတွေ ပျက်ပြီး သူ့ကို လူချောချောနဲ့ တွဲပေးဖို့ ဆရာကျောင်းကို ပြောပေးပါလို့ ကျွန်တော့်ကို ပူဆာတယ်။

ဒါနဲ့ ကျွန်တော်လည်း ဒါရိုက်တာစိတ်ကူးကို ကျွန်တော် ဝင်စွက် ဖက်ခွင့်မရှိကြောင်း၊ သူလှတာ မလှတာထက် မင်းရဲ့ သရုပ်ဆောင်မှုပဲ လိုကြောင်း။ အဆိုတော်ဆိုတာ အသံပဲကောင်းစရာလိုပြီး ရုပ်ချောစရာ မလိုကြောင်း၊ MTV ကြည့်တဲ့ ပရိသတ်က အဆိုတော်ကို တွေ့ရတဲ့ အတွက် ကျေနပ်ပြီး ကိုယ်က သရုပ်ဆောင်ကောင်းရင် အဆင်ပြေနိုင် ကြောင်းတွေ ရှင်းပြ ပြောပြရပါတယ်။ ဒီတော့လည်း ကောင်မလေးက လက်ခံသွားတယ်။

စတုတ္ထနေ့မှာလည်း ဘာသံမှ မကြားရပါဘူး။

ပဥ္စမနေ့ရောက်တော့ Phone ဆိုလို့ ပြေးရပါတယ်။ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က Phone ငှားဆက်တာကိုး…။ Phone ခွက်လည်းကိုင်ရော တော်တော်မာတဲ့ အသံတစ်သံနဲ့ ရင်ဆိုင်ရတယ်။ အသံက မိန်းမကြီး အသံပါ။

"နီကိုရဲ ဆိုတာလားဟေ့…"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေး…ငါက မ……အမေပဲ၊ မင်း သူ့ကို MTV ရိုက်ဖို့ ခေါ်ပေးတာဆို"

"ဟုတ်ပါတယ် အန်တီ…ပြောပါ"

"မင်းတို့ အခုရိုက်မယ့် ငါ့သမီးရဲ့ MTV မှာ ဖက်တာတွေ ဘာတွေ ပါသလား"

"ခင်ဗျာ…"

ကျွန်တော် တော်တော်အံ့သြသွားပါတယ်။ ဟိုဘက်က အသံက တော်တော်မာတာရယ်၊ ကျွန်တော် ထင်မထားတဲ့ ကိစ္စတွေရယ်ကြောင့်ပါ။

"ယောက်ျားလေးကဖက်မယ့်အခန်းတွေ ဘာတွေ ပါသလားလို့ မင်းကို မေးတာ…"

စက္ကန့်တော်တော်များများ ဘာမှ ပြန်မပြောနိုင်ပါဘူး။ တော်တော် စဉ်းစားရပါတယ်။

"အဲဒါတော့ ကျွန်တော်မသိဘူး အန်တီ၊ ဒါရိုက်တာက သူရိုက်မယ့်ကိစ္စဆိုတော့၊ ပြီးတော့ ကျွန်တော်ကလည်း သူတို့ကို တွေ့ပေးရုံ ပေးတာပါ၊ အဲဒါဆိုရင် ဆရာကျော်နဲ့ပဲ…"

"အေး…ဒါတွေ ငါမသိဘူး၊ ငါ့သမီးက မင်း နာမည်ပြောလို့ မင်းတာဝန်ယူထားတယ်ဆိုရင် သိရမှာပေါ့။ ဒီမှာဟေ့…အဲဒီလိုဖက်တဲ့ အခန်းဆိုရင်တော့ ငါတို့က ခွင့်မပြုနိုင်ဘူး။ သူလုပ်ချင်လို့သာ ငါတို့က

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုရတာ၊ သူ့အဖေကလည်း မရဘူး၊ ငါကလည်း ခွင့်မပြုဘူး၊ မလုပ်ရင် ဘယ်လောက်လျော်ရမလဲ၊ ဒါမှမဟုတ် မဖက်တဲ့ဟာ ရိုက်လို့မရဘူးလား''

သူ့လေသံမာမာကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်းကို မသိပါဘူး။ လုပ်ငန်းသဘာဝကိုလည်း နားမလည်၊ အခြေအနေကိုလည်း မသိတဲ့ မိန်းမကြီးတစ်ယောက်နဲ့ တွေ့နေတာဆိုတော့ ဘာပြောရမှန်းကို မသိပါဘူး။

''ဒီလိုပါ အန်တီ၊ ရိုက်မှာက သီချင်းဆိုတော့ သီချင်းက အချစ်သီချင်းဆိုရင် လုပ်ငန်းသဘာဝအရတော့ လက်ဆွဲတာတို့ ဘာတို့ လောက်တော့ ပါမှာပါပဲ။ အန်တီ့သမီး ရိုက်ရမယ့်သီချင်းနဲ့ လိုက်ဖက်တဲ့ သရုပ်ဆောင်မှုတော့ ရှိမှာပါ။ သေချာတာက ဒါရိုက်တာ ဆရာကျော်''

''ဟော့…ပါရင်ကို ငါတို့ဘက်က မဖြစ်ဘူး၊ လက်မခံဘူး…။ မရိုက်ရင် ဘာဖြစ်မလဲ။ သူက မရိုက်လို့ မရဘူး ပြောလို့။ မင်း ဒါပဲ ပြော…''

ပြဿနာ တော်တော်ရှုပ်နေတာပါလား…။ ဒီအခြေအနေအရ အကောင်းဆုံးကတော့ ပြဿနာဖြစ်နေတဲ့သူကို ထားခဲ့ယုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့တဲ့ အခြေအနေပါ။

''မရိုက်ရင်လည်း ဘာမှမဖြစ်ပါဘူး အန်တီ၊ သူ့ကို ထားခဲ့ရုံပါပဲ၊ ငွေလျော်ဖို့လည်း မရိုက်ရသေးရင် မလိုပါဘူး၊ အန်တီတို့ ခွင့်မပြုရင် ရပါတယ်''

''အေး…ဒါဆိုရင် ပြီးရော၊ နောက်ကို တစ်ခုခု လုပ်မယ်ဆိုရင် လူကြီးတွေရဲ့ ခွင့်ပြုချက်ကိုတော့ ယူဖို့ကောင်းတယ်ကွ၊ သိလား''

Phone ချသွားတော့ ဘာမှမဆိုင်ဘဲ အဟောက်ခံလိုက်ရလို့ တော်တော်စိတ်တိုသွားပါတယ်။ နောက်တော့မှ ဆင်ခြင်ရတယ်။ ဒါနဲ့

www.burmeseclassic.com



ဟာ ဘယ်တူနိုင်မှာလဲ။ တင်းကြပ်တဲ့အိမ်ရဲ့ သဘောထားကို မသိဘဲ၊ ဒါမှမဟုတ် လွယ်လွယ်သဘောထားပြီး ဒီအလုပ်တွေလုပ်တဲ့ အဲဒီကောင်မလေးတွေကိုပဲ စိတ်ဆိုးရတယ်။

ဒါနဲ့ ညကျတော့ ဆရာကျောင်းကို Phone ဆက်ပြီး ပြောရတယ်။ အဲဒီကောင်မလေးကို ဖြုတ်ဖို့နဲ့ လိုအပ်ရင် နောက်ထပ်တစ်ယောက် ရှာပေးမယ်ပေါ့။ ကိုယ့်ဆရာတော့ အေးအေးပါပဲ။ ရတယ်တဲ့၊ ရှိနေတဲ့လူတွေနဲ့ အဆင်ပြေတယ်တဲ့။ အဲဒီကောင်မလေးကို ရိုက်ဖို့က တစ်ပတ်လောက် လိုသေးတာတဲ့။ လူလည်း မလိုဘူးဆိုပဲ။ အေးပေါ့လေ… ကျွန်တော် အဟောက်ခံလိုက်ရပေမယ့် ကျန်တဲ့လူတွေ အဆင်ပြေနေတော့ ရင်အမော ပြေရသေးတာပေါ့။

ကြားတစ်ရက်ခြားပြီး နောက်နေ့ညကျတော့ Phone ဆိုလို့ ပြေးရပြန်တယ်။

"နီကိုရဲ ဆိုတာလား…"

အဲဒီအသံကြားတော့ တော်တော်လန့်သွားတာ။ အသံက သိပ်မမာပါဘူး။ ဒါပေမယ့် ဟိုတစ်နေ့က အသံဆိုတာတော့ ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဘာတွေများ ဖြစ်ကုန်ပြီလဲ။ မောင်ကျောင်း ဘာလုပ်ပြီလဲပေါ့လေ…။

"ဟုတ်…ဟုတ်ကဲ့…အန်တီ"

"မ……အမေပါ၊ ဖက်ချင်ရင်လည်း ဖက်ပါတော့…ကွယ်"

"ခင်ဗျာ…!!"

ကျွန်တော့်အသိစိတ် စက္ကန့်နည်းနည်း ခန္ဓာကိုယ်နဲ့ လွဲသွားတာကို ဝန်ခံပါတယ်။ ဘာဆိုတာ တော်တော် စဉ်းစားယူရတယ်။

"အေးပါကွယ်၊ ဖက်ချင်ရင်လည်း ဖက်ပါတော့၊ သမီးက

www.burmeseclassic.com



အဲဒါကို မရိုက်ရလို့ဆိုပြီး ထမင်းမစား အခန်းထဲက မထွက်တာ နှစ်ရက်ရှိပြီ။ အဲဒါ အန်တီပြောတာပါ၊ ဖက်ချင်ရင်လည်း...''

''နေ...နေပါဦး အန်တီ၊ အဲဒါက ဒါရိုက်တာနဲ့''

''မင်းသိရင် လုံလောက်ပါပြီကွယ်၊ အဲဒါတွေ မပါဘဲနဲ့ လုပ်လို့ရမယ်ဆိုရင်တော့ ပိုအဆင်ပြေပါတယ်။ သမီးက သူ့သူငယ်ချင်းတွေက ဒီအလုပ်ကို လုပ်ရပြီး သူတစ်ယောက်တည်း အန်တီတို့က တားမြစ်တာဆိုတော့ တော်တော်ခံစားနေရတယ်။ ထမင်းမစားဘူး။ ဒီတော့ကွယ်...''

''အန်တီ သိချင်းဆိုတော့ ပါနိုင်တယ်နော်၊ ဒါပေမယ့် ရုပ်ရှင် ဗီဒီယိုရိုက်သလိုတော့ မဟုတ်ပါဘူး။ ဖက်ရင်လည်း အဲ...အဲဒါလည်း ခဏပါပဲ၊ ဟိုလေ...Love Scene ဆိုတော့ ကျွန်တော်တို့က...''

''ကဲပါကွယ်...အန်တီတို့ သဘောတူနေပြီပဲ၊ မင်း ပြောပြပြီး ဆက်သာဆောင်ရွက်ပေးပါတော့၊ အန်တီတို့ ခွင့်ပြုပါပြီ၊ ကြည့်ကျက်တော့ လုပ်ပေးပါကွယ်၊ သမီးလည်းရှိတယ် ပြောဦးမလား''

''မ...မပြောတော့ဘူး အန်တီ ရပါပြီ၊ ကျွန်တော် ပြောပြပြီး ခေါ်နိုင်းလိုက်ပါ့မယ်...ရပါတယ်၊ တတ်နိုင်သမျှ လုပ်ပေးပါ့မယ်၊ ရတယ် အန်တီ...ဒါပဲနော်''

တော်တော် စိတ်မောခဲ့ရတာပါ။ ဘာတွေမှန်းလဲ မသိ၊ ဘယ်လိုမှန်းလဲ မသိ။ အဲဒီ Model ကောင်မလေးကို ကျွန်တော် ကောင်းကောင်းတောင် မမှတ်မိလိုက်ပါဘူး။ ပြဿနာက သမီးကို ချစ်တဲ့ဖေဖေနဲ့ လုပ်ငန်းသဘာဝကို နားမလည်တာပါပဲ။ တော်တော် စိတ်ညစ်ရပါတယ်။

ညကျတော့ ဆရာကျော်ဆီ Phone ဆက်ရတယ်။

''ဟေ့ကောင်...ဖက်ချင်ရင်လည်း ဖက်တော့ကွာ'' လို့...။

ဒီတော့ သူက အညာလေကလေးနဲ့ ပြောရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဘာတုန်းကွ၊ မင်းဟာကလည်း ဘာကိုလဲ၊ ဇာတ်ညွှန်း မရေးစမ်းပါနဲ့ကွာ၊ မတော်မတဲ့တွေ မပြောနဲ့၊ ဘာတုန်း…"တဲ့။

ကျွန်တော်ပြောပြတော့မှ ဆရာကျောင်းအိုက်တင် အပြည့်ပါတဲ့ အညာလေကလေးနဲ့ ရယ်ပါတယ်။ ပြီးတော့ အဲဒါ ငါနဲ့မဆိုင်ဘူးကွ၊ မင်းမို့လို့ လွဲတာ…တဲ့။ ကျွန်တော်လည်း ဘာမှ မပြောနိုင်လို့ ဒီလိုပဲ ခံလိုက်ရတယ်။

ထုံးစံအတိုင်းပါပဲ။

အဲဒီ MTV ကတော့ လုံးဝ ထွက်မလာပါဘူး။

ဟဲ…ဟဲ…ဟဲ…ဆရာကျောင်းလေ…။

ပျော်စရာတော့ အမှန်ကို ကောင်းခဲ့ပါတယ်။

❁❁❁


www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်နဲ့ ရေနွေးကြမ်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါလည်း ကျွန်တော်တို့အဖွဲ့ တော်တော် တက်ကြွ ပျော်ရွှင်နေကြပါတယ်။

ပျော်ဆို...ကျွန်တော်တို့အဖွဲ့ ခရီးထွက်ကြမှာကိုး။ ခရီးထွက်တယ်ဆိုပေမယ့် ရာသီဥတုကိုရှောင်ပြီး ထွက်ကြတဲ့ခရီးမျိုး မဟုတ်ပါဘူး။ ရာသီက ရန်ကုန်မှာပဲ ရှိက်လို့ရတဲ့ ဆောင်းနှောင်းရာသီပါ။ ဒီခရီးထွက်ရပုံရဲ့အကြောင်းက မင်းသား ကိုလွင်မိုးက ချောင်းသာကို မသွားရတာကြာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့တွဲနေကျအတွဲတွေ ချောင်းသာကို သွားကြမယ်ဆိုပြီး စီစဉ်တာပါ။

ချောင်းသာအတွဲဆိုတာက ဒီလိုပါ...။ ကျွန်တော်၊ ကိုမျိုးငြိမ်း၊ လွင်မိုး၊ အရိုင်း၊ ကင်းကောင်၊ ဖိုးဖြူ၊ ငှက်ပျောကြော်၊ မင်းသမီး နန္ဒာလှိုင်တို့နဲ့ ၁၉၉၄ တုန်းက "ပင်လယ်ရယ်သံ" ဆိုတဲ့ ကားတစ်ကား

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာမှာ သွားရိုက်ခဲ့ကြပါတယ်။ ကျွန်တော် ပထမဦးဆုံး စရိုက်ထွက်ဖူးတဲ့ ကားပေါ့။ အဲဒီတုန်းက ချောင်းသာမှာ ကားသွားရိုက်တာ တော်တော်နည်းပါသေးတယ်။

ပင်လယ်…နေလုံးကြီး၊ ကမ်းခြေ၊ လှိုင်းခေါင်းဖြူဖြူဖွေးဖွေးနဲ့ Location ကလည်း သစ်၊ ဘန်ဂလိုတွေမှာတည်းကြ၊ သဲသောင်ပေါ်မှာ ဘောလုံးကန်ကြ၊ ညဘက် မီးပုံကြီးလုပ်ပြီး ဂစ်တာတီးကြ၊ မနက်စောစော ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက်ထွက်ကြနဲ့ တော်တော် ပျော်ခဲ့ကြပါတယ်။ အဲဒီပျော်နေကြတဲ့ ဓာတ်တွေနဲ့ ကားကို စဉ်းစားရေး၊ ခံစားရိုက်၊ ခံစားသရုပ်ဆောင်ကြပြီး ကားကလည်း ချောင်းသာကို စရောက်ကြတဲ့ လူငယ်တွေအကြောင်းဆိုတော့ ပျော်စရာကားလေးတစ်ကားပါ။

ကားထွက်သွားတော့ ပရိသတ်က တော်တော်လက်ခံကြပါတယ်။ ကျွန်တော်တို့အဖွဲ့လည်း ချောင်းသာရဲ့ ပျော်ရွှင်မှုတွေကို တော်တော်သဘောကျသွားတာနဲ့ နောက် ရန်ကုန်မှာရိုက်ရတာ ငြီးငွေ့တဲ့အခါတိုင်း ချောင်းသာကို ပြေးရိုက်တတ်ကြပါတယ်။

ပင်လယ်ကြီးကို ကျေးဇူးတင်၊ ကျွန်းတစ်ကျွန်းရဲ့ ရင်ခုန်သံ၊ Hello စတဲ့ကားတွေအားလုံး ချောင်းသာကို သွားရိုက်ခဲ့တယ်။ မင်းသားက လွင်မိုးပါပဲ၊ မင်းသမီးက ပြောင်းချင် ပြောင်းမယ်၊ ကျန်တဲ့သရုပ်ဆောင်နဲ့ ဒါရိုက်တာ၊ ဓာတ်ညွှန်းဆရာက ကျွန်တော်တို့ပါပဲ။

အခု ချောင်းသာကို မသွားဖြစ်တာကြာပါပြီ။ အဲဒါနဲ့ ကိုလွင်မိုးက သူ့အောင်မြေဖြစ်တဲ့ ချောင်းသာကို ဒီအုပ်စုတွေနဲ့ တစ်ခါပြန်နင်းဖို့ စီစဉ်တာပါ။ ချောင်းသာကို သွားရတာ မောင်းမိုးကိုယ်တိုင်လည်း တော်တော်နှစ်သက်ပုံရပါတယ်။ ချောင်းသာသွားဖို့ သူ့ကိုကြည့်လိုက်ရင် ပျော်ပြီး မြူးနေတာပဲ။ လွင်မိုးကိုယ်တိုင်က မြိတ်သား။ ပင်လယ်နဲ့ ကြီးခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘတွေက အရင် ငါးဖမ်းလှေကြီးတွေ ထောင်ခဲ့ဖူးတော့ သူက ပင်လယ်အကြောင်း၊ ပင်လယ်စာ ငါးအကြောင်း၊ ရေအကြောင်းကို တော်တော်လေး နှံ့စပ်တယ်။ သူပြောပြလို့ ပင်လယ်နဲ့ ပင်လယ်ငါးတွေ အကြောင်း တော်တော်ဗဟုသုတ ရခဲ့ဖူးပါတယ်။ သူကျွေးလို့ ပင်လယ်စာ တော်တော်များများကိုလည်း ချောင်းသာမှာ ကျွန်တော် စားခဲ့ရဖူးပါတယ်။ ကျွန်တော်က စာသာရေးတာ၊ အသက် (၂၈)နှစ်ကျမှ ပင်လယ်ကို အရှင်လတ်လတ် မြင်ဖူးတာ။

ဂုံး၊ ရှပ်၊ ခရုမှာ၊ ခရုလိမ်၊ ခရုဘုရား၊ သံပခြုပ်၊ ပင်လယ် ကဏန်း၊ ဘောင်းခရု၊ ပင်လယ်ပုဇွန်၊ ရေဘဝဲ စတာတွေကို သူကျွေးလို့ စားခဲ့ဖူးတယ်။ ကျွေးတာ ဘာဆန်းလဲဆိုပေမယ့် ကျွန်တော်တို့မင်းသား ဘယ်သတ္တဝါကို ဘယ်လိုစားရမယ်ဆိုတာကအစ သိတာပါ။ ဘောင်းခရု ကို ဘယ်လိုစား၊ ကဏန်းကို ဘယ်လိုချက်… စသည်ဖြင့်ပေါ့လေ။ သံပခြုပ်ကို အစိမ်းလိုက်ခွဲ၊ သံပုရာသီးညှစ်ပြီး ဖွန်းနဲ့ကော်စားတယ်။ သူကျွေးလို့ တစ်ဖွန်းစားဖူးပါတယ်…ပြီးတော့ ကျွန်တော် အန်တာပဲ။ ကျွန်တော်က ပင်လယ်နဲ့ မရင်းနှီးလေတော့ ပင်လယ်စာတွေကို စားရမှာ တော်တော်ကြောက်တတ်တဲ့စိတ် ရှိတယ်။ ပင်လယ်စာမှာ ကျွန်တော် အကြိုက်ဆုံးဟင်းကတော့ ပင်လယ်ကဏန်းချဉ်စပ်ပါ။ ကဏန်းတွေက ရန်ကုန်မှာ မြင်ဖူးတဲ့ ကဏန်းထက်ကို ကြီးပါတယ်။ လတ်လတ်ဆတ် ဆတ် အရှင်တွေဆိုတော့ တော်တော်အရသာရှိတာပါ။ ချောင်းသာရောက် ရင် အစားအသောက်ကို မောင်မိုး စီစဉ်တာပဲ။ သူစီစဉ်တာ စားရင် မလွဲတတ်ပါဘူး။

ကျွန်တော် ချောင်းသာမှာ အကြိုက်ဆုံး ခံစားမှုကတော့ ညနေ ခင်း နေမဝင်ခင် သောင်စပ်ကို ထီး (Hotel က ရောင်စုံထီးကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ)တစ်လက်နဲ့ဆင်း၊ ထီးကို သောင်စပ်က သဲထဲမှာစိုက်၊ မန္တလေး ဘီယာပုလင်းနဲ့ ကဏန်းချဉ်စပ်တစ်ပွဲနဲ့၊ မျက်စေ့တစ်ဆုံး ပင်လယ်ပြာနဲ့ လှိုင်းခေါင်းဖြူတွေကြားမှာ ရေကူးနေကြတဲ့လူတွေကို နေဝင်သည်အထိ ထိုင်ငေးရတာပါပဲ။ တော်တော်လွတ်လပ်ပြီး အရသာရှိတဲ့ အပန်းဖြေနည်း တစ်ခုပါ။

အဲဒီလို ချောင်းသာကို နှစ်သက်ကြတဲ့ ကျွန်တော်တို့အဖွဲ့ ခရီးပြန်ထွက်ဖြစ်တယ်။ မရောက်ဖြစ်တာ တစ်နှစ်ခွဲလောက် ကြာပြီဆိုတော့ အားလုံး ပျော်နေကြတာပေါ့။ အကြောင်းကြောင်းကြောင့် ကိုအရိုင်းက ပါမလာနိုင်ပါဘူး။ မင်းသမီးက ခိုင်သင်းကြည်ပါ။ ရိုက်မယ့်ဇာတ်ကိုတော့ ထုံးစံအတိုင်း ကိုမျိုးမင်းနဲ့ကျွန်တော် ဇက်ပေါ်ကျမှပဲ စဉ်းစားကြ၊ ဆင်ကြ ပေါ့လေ…။ ချောင်းသာမှာ ကျွန်တော်တို့ရိုက်ခဲ့တဲ့ ဇာတ်တွေအားလုံး တစ်ခုမှ ရှိပြီး ရေးပြီးတာ မရှိပါဘူး။ ဇက်ပေါ်ကျမှ စဉ်းစား၊ ဟိုကျမှရေး ဒီလိုချည်းပါပဲ။ ဒီတော့ အရင်အခေါက်တွေနဲ့တူအောင် အခုလည်း ဇာတ်ကို ဇက်ပေါ်ကျမှပဲ စဉ်းစားတာပါ။

အဲဒီမှာ မင်းသမီး ခိုင်သင်းကြည်ကို ကျွန်တော် တစ်ကားမှ မဆုံဖူးပါဘူး။ မဆုံဖူးဆို…အရင်တုန်းက သူကလည်း ဗီဒီယိုမှ မရိုက်တာ။ နိုင်ငံတော်ကားက လွှဲလို့ပေါ့။ ကျွန်တော်တို့နဲ့ ပထမဦးဆုံး ပွဲဦးထွက်ပါ။ မြဝတီရုပ်သံကပြသွားတဲ့ ကားတစ်ကားမှာ သူ့ကို 'မပုကျွတ်'လို့ လူတွေ သိပြီးကာစပေါ့။ အဲဒီ 'မပုကျွတ်'ဆိုတာ သူ့ခါးကို တို့ရင် တစ်ကယ်ယောင် တဲ့ စကားပါ။ အဲဒါကို ဒါရိုက်တာက ထည့်ရိုက်လိုက်တာ။ မရင်းနှီးတော့ ဒီလိုပဲနေရင်းနဲ့ ညောင်တုန်းဇက်ဆိပ်နဲ့ ရွာပြာဇက်ဆိပ် နှစ်ဆိပ်လည်း ကူးပြီးရော ခိုင်သင်းကြည်နဲ့ အားလုံး OK သွားပြီ။

ကြော်ငြာတွေ တော်တော်များများမှာ ခိုင်သင်းကြည်ကို လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က မာနကြီးတယ်လို့ မှတ်ချက်ချကြပါတယ်။ ကျွန်တော်ကလည်း ဟုတ်မလားပေါ့လေ။ အခုတွေ့ကြတော့မှ တော်တော်စကားများ၊ တော်တော်မျက်နှာပြောင်၊ ပျော်တတ်၊ စတတ်၊ အမြဲတမ်း အငြိမ်မနေ တတ်တဲ့ ခင်ဖို့ ကောင်းတဲ့ မိန်းကလေးဆိုတာ သိရတော့တယ်။

အငြိမ်မနေဘဲ အမြဲတမ်း စနေ၊ နောက်နေတတ်တဲ့ မင်းသား မင်းသမီးနဲ့ သွားရတာဆိုတော့ ချောင်းသာရောက်တဲ့အထိ ပါးစပ်ကို မစေ့ရဘူးပေါ့။ ချောင်းသာကို နေ့လည် (၂)နာရီလောက် ဝင်တယ်။ ချောင်းသာရောက်တော့ ခဏနားပြီး ကျွန်တော်နဲ့ ကိုမျိုးမင်းက ဇာတ်ကို စဉ်းစား၊ အခန်းစဉ် အကြမ်းချ။ ညဘက်ရောက်မှ နောက်နေ့ရိုက်မယ့် အခန်းတွေ ညှိပြီး ကျွန်တော်ကရေး။ ရှုတင်အဖွဲ့ကတော့ ကားရိုက်မရှိ တော့ Free ပေါ့။ ကမ်းစပ် ဆင်းကြ၊ ရေကူးကြ၊ ဘောလုံးကန်ကြ၊ သောက်ကြနဲ့ပေါ့လေ။ ကျွန်တော်ကတော့ စာရွက်နဲ့ မျက်နှာအပ်ရင်း နေနှင့်ဦးပေါ့လေ...။ နောက် (၃)ရက်လောက်ဆို သူတို့ အလုပ်တွေ ရှုတ်နေချိန်မှာ ကျွန်တော်က အားတော့မှာကိုး...။

ဒီလိုနဲ့ပဲ ရေးကြရိုက်ကြနဲ့ လေးရက်မြောက်နေ့မှာ ဒါရိုက်တာ မီးပွား၊ အိန္ဒြာကျော်ဇင်နဲ့ မော်ဒယ်လေးယောက် ရောက်လာပါတယ်။ ဒါရိုက်တာ ကိုစန်းအောင်၊ ဇာဂနာ၊ ကုသိုလ်တို့အဖွဲ့လည်း ရောက်လာပါ တယ်။ ဓာတ်ပုံဆရာကြီး ဦးငွေဝင်း (ဘဏ်) တို့ရောပေါ့။ ဘာပြော ကောင်းမလဲ ချောင်းသာဟာ ပျော်စရာကြီးကို ဖြစ်သွားတာ။

ကိုမီးပွားက မောင်မိုး၊ ခိုင်သင်းကြည်နဲ့ ပင်လယ်ရေနွေးကြမ်း ကြော်ငြာ ရိုက်ဖို့ပါ။ ရေသန့်ဘူးလိုပဲ အဆင်သင့်သောက်လို့ရတဲ့ ပင်လယ် တံဆိပ် ရေနွေးကြမ်းပေါ့လေ။ ကိုစန်းအောင်ကတော့ မောင်မိုး အိန္ဒြာ ကျော်ဇင်တို့နဲ့ "ဟော့ဒီမှာ"ဆိုတဲ့ ကားတစ်ကား ရိုက်ဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညကတော့ အော်ကြ ဟစ်ကြ၊ ပျော်ကြ၊ စကြ၊ နောက်ကြ၊ သောက်ကြနဲ့ ချောင်းသာကမ်းခြေတစ်ခုလုံး ဘုရားပွဲကျနေတာပဲ။

မနက်ကြတော့ ကိုမိုးက ကြော်ငြာရိုက်ဖို့အတွက် ကျွန်တော့်ဆီ ရိုက်လက်စကို တစ်ရက်နားပေးရပါတယ်။ ကြော်ငြာကို သဲဖြူကျွန်းမှာ သွားရိုက်ကြဖို့ စီစဉ်တယ်။ သဲဖြူကျွန်းဆိုတာက ချောင်းသာကမ်းစပ်ကနေ လှမ်းကြည့်ရင် ရေငွေ့ကြမ်းပန်းကန်လုံးကလေးလောက် မြင်ရတဲ့ ကျွန်းပါ။ ပင်လယ်ဝနားက ကျွန်းကလေး ဆိုပါတော့…။

ချောင်းသာကမ်းခြေနဲ့ ဆက်နေတဲ့ ဖိုးကုလားကျွန်းကနေ စက်လှေကလေးတွေနဲ့သွားရင် ၄၅ မိနစ်လောက် ကျောက်တန်းတွေကို ရှောင်ပြီး မောင်းရပါတယ်။ ရိုက်ကွင်းနားနေတာမို့ ကျွန်တော်လည်း အပျင်းပြေဆိုပြီး သဲဖြူကျွန်း ကြော်ငြာရိုက်ကို လိုက်သွားပါတယ်။

ကျွန်းပေါ်ရောက်တော့ ပတ်ပတ်လည်မှာ ပင်လယ်ချည်းပါပဲ။ ရေလှိုင်းတွေကြားထဲကို ကိုယ်ကရောက်နေသလို ခံစားရတယ်။ ကျွန်းက လမ်းပတ်လျှောက်ရင် ဆယ်မိနစ်လောက်ပဲ ရှိပါတယ်။ ကျွန်းပေါ်မှာ ဘာပင်မှန်းမသိတဲ့ သစ်ပင်ကြီးသုံးပင်၊ ဘုရားတစ်ဆူ ရှိပါတယ်။ လူ ဘယ်သူမှမနေတဲ့ ကျွန်းကလေးအပေါ်မှာတောင်မှ ဘုရားတစ်ဆူ လာ တည်ထားတာကို တွေးမိပြီး အံ့သြနေမိတယ်။ ကျွန်းကမ်းခြေကစ်လျှောက် လုံးမှာ အများဆုံး အကောင်တွေကတော့ ဝင်ကဆွတ်ကောင်တွေပါပဲ။ ကျွန်တော့်စိတ်ထင် ကမ်းခြေပတ်ပတ်လည် အကောင်တစ်သိန်းလောက် ရှိလိမ့်မယ် ထင်ပါတယ်။

ရောက်တဲ့ ဆယ့်တစ်နာရီလောက်စပြီး ရိုက်ကြပါတယ်။ နေ့လည် တစ်နာရီလောက်မှာ ထမင်းလှေ လာတယ်။ ပင်လယ်ဟာ ချောင်းသာကမ်းခြေကကြည့်တော့ ကြည်နူးစရာပေမယ့် သဲဖြူကျွန်းပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ လှိုင်းလုံးတွေနဲ့ နည်းနည်းကြောက်စရာဘက်ကို ရောက်သွား ပါတယ်။ တစ်ယောက်တည်းသာနေရမယ်ဆို မလွယ်တဲ့ အဖြစ်မျိုးပါ။

မောင်မိုးက ကျွန်တော့်ကို အတော်ပဲတဲ့၊ နောက် ဇာတ်ညွှန်းပြီး ရင် ဒီကျွန်းပေါ် လာပို့ထားမယ်။ ပြီးမှ လာခေါ်မယ်လို့ နောက်ပါတယ်။

ထမင်းစားပြီးတော့ ထုံးစံအတိုင်း ပြန်မရိုက်ခင်မှာ မောင်မိုးက သဲဖြူကျွန်းကျောက်ဆောင်တွေကြားမှာရှိတဲ့ သံပခြုပ်ကောင်တွေ နေပုံ သူတို့ကို ဘယ်လိုခွာရပုံ၊ ကျောက်ဆောင်မှာကပ်နေတဲ့ ခရုတွေထဲက ဘယ်ခရုတွေက စားလို့ရပုံတွေ အကျယ်တဝင့် ရှင်းပြပါတယ်။

ဦးဌေးဝင်း(ဘဏ်)နဲ့ ကြော်ငြာဓာတ်ပုံတွေဘာတွေ ရိုက်ကြပါ တယ်။ ပြီးတော့ တစ်ခါ ခရီမာအပြာစကြီး ထောင်ပြီး မော်ဒယ်လေး ယောက်၊ ခိုင်သင်းကြည်တို့နဲ့ ရိုက်ကြပါတယ်။ နေဝင်ခါနီး ညနေ(၅)နာရီ လောက်မှာ ပြီးပါတယ်။

စက်လှေနှစ်စင်းခွဲပြီး ပြန်ဖို့ပြင်ကြပါတယ်။တစ်စင်းက ကင်မရာနဲ့ စက်အဖွဲ့။ တစ်စင်းက ဒါရိုက်တာ၊ မင်းသမီး၊ မင်းသား၊ မော်ဒယ်လ် လေးယောက်၊ ကျွန်တော်နဲ့ ပင်လယ်ရေးခွေးကြမ်း Producer တို့ ပါပါတယ်။ ကျွန်တော်တို့ စက်လှေထွက်လာပြီး ဆယ်မိနစ်လောက်မှာ မောင်မိုးက ငါးဖမ်းပိုက်တွေရှိတယ်နော်လို့ သတိပေးတဲ့ကြားက ကျွန်တော် တို့စက်လှေပန်ကာနဲ့ ငါးဖမ်းပိုက် သွားငြိပြီး စက်လှေ ရပ်သွားပါတယ်။

ဖြစ်ကာစကတော့ အော်နေ၊ ပျော်နေကြတာနဲ့ ဘာမှ မဖြစ် လောက်ဘူးလို့ပဲ ထင်ကြပါတယ်။ ဒါပေမယ့် အတွေ့အကြုံရှိတဲ့ မောင်မိုး ပုံစံကြည့်ရတာ နည်းနည်းစိုးရိမ်နေပုံရတာနဲ့ ဘာဖြစ်တာလဲလို့မေးတော့ သိပ်မဖြေပါဘူး။ ရပါတယ်ပဲ ပြောပါတယ်။

ခဏနေတော့ စက်လှေမောင်းတဲ့လူ ဓားမြှောင်နဲ့ ပင်လယ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းသွားပါတယ်။ သုံးမိနစ်လောက် ပြန်ပေါ်လာလိုက်၊ ပြန်ငုတ်လိုက် လုပ်ပြီးနောက် စက်လှေပေါ် ပြန်ရောက်လာပါတယ်။

"မရဘူး…စက်လှေပန်ကာမှာ ငြိနေတဲ့ပိုက်က ပန်ကာအရှိန်နဲ့ ရစ်သွားတာ မနည်းတော့ ဖြည်လို့ မရတော့ဘူး"

အဲဒီအချိန်မှာ စက်လှေက အရှိန်မရှိတော့ ပင်လယ်ရေထဲမှာ ဖောလောကြီးဖြစ်နေပြီ။ အားလုံးလည်း အဲဒီကျတော့မှ ထိတ်လန့်သွားပါ တယ်။ သဲဖြူကျွန်းက မထွက်သေးတဲ့ စက်လှေတစ်စီး ရှိသေးတော့ အားလုံးက ပင်လယ်ပြင်ကို ကြည့်ကြတယ်။ လှိုင်းလုံးတစ်ခါရိုက်ရင် စက်လှေက ယိမ်းပြီး ခြောက်တက်သွားတယ်။ သတိလက်မလွတ်တဲ့ မောင်မိုးက စက်လှေပဲ့ကို ပြေးကိုင်ထိန်းရင်း လှမ်းအော်တယ်။

"အားလုံး ရှေ့နောက် မကူးနဲ့၊ မတ်တပ် ထမရပ်နဲ့၊ ကိုယ့်နေရာမှာ ကိုယ်နေကြ…ဘာမှမဖြစ်ဘူး ရတယ်"

ကိုယ့်နေရာကိုယ်ထိုင်တော့ နေကြပေမယ့် သူ့ရဲ့ "ဘာမှမဖြစ်ဘူး …ရတယ်"ဆိုတာကိုတော့ ဘယ်သူမှ မယုံကြပါဘူး။ အခြေအနေကို တွက်ကြည့်ရင် သိသာပါတယ်။ အားလုံး မျက်နှာတွေပျက်ပြီး စက်လှေ ပေါ်မှာ တိတ်ပြီး ငြိမ်သွားကြပါတယ်။ မောင်မိုးက စက်လှေဦးကို လှိုင်းဘက်ခေါင်းတည်ပြီး စက်လှေ မမှောက်ရအောင် လုပ်ပေးနေတယ်။

အဲဒီအချိန်မှာ ကျန်တဲ့ကင်မရာနဲ့ စက်အဖွဲ့ပါတဲ့ လှေက ကျွန်တော်တို့ခပ်လှမ်းလှမ်းကို ကိုက်(၂၀၀)လောက်ကနေ ဖြတ်သွားပါ တယ်။ ဘာပြောကောင်းမလဲ လူတွေ အော်လိုက်ကြတာ။ လက်ပြတဲ့ လူကပြ၊ အင်္ကျီချွတ်ပြီး ရမ်းတဲ့လူကရမ်း၊ မောင်မိုးကလည်း မထနဲ့၊ မရပ်နဲ့ လှေလူးရင် ပြုတ်ကျမယ်…စသည်ဖြင့် အော်ပေါ့။

ဟိုဘက်စက်လှေက ပြန်ပြီး လက်ပြပါတယ်။ ကျွန်တော်ကတော့

www.burmeseclassic.com



Massage ပေးတာ လွဲသွားပြီဆိုတာ သိလိုက်တယ်။ ကျွန်တော်တို့က ကယ်ဖို့လက်ပြတာကို သူတို့က စက်လှေနှစ်စင်းဆုံလို့ လှမ်းနှုတ်ဆက်တယ် ထင်သွားပုံရတယ်။ သူတို့စက်လှေ ကပ်မလာဘဲ အေးအေးဆေးဆေး ထွက်သွားတယ်။ ရေထဲမှာဆိုတော့ ကျွန်တော်တို့စက်လှေ ရပ်နေတာကို မသိသာဘူး။

တဖြည်းဖြည်းဝေးဝေးသွားတဲ့ စက်လှေကို ကြည့်ပြီး အားလုံး ငေါင်သွားကြတယ်။ လှိုင်းကလည်း ညနေဝင်လေ ကြီးလာလေပဲ။ ချောင်းသာကမ်းခြေကို ရေးရေးပဲ မြင်ရတယ်။ ရေကူးတတ်ဦးတော့ ပင်လယ်ထဲမှာ အဲဒီအကွာအဝေးက လုံးဝ မလွယ်ပါဘူး။

ကျွန်တော် စိတ်ကို ငြိမ်အောင်ထား ဟိုဒီလူးနေတဲ့ စက်လှေပေါ်ကို အကဲခတ်ကြည့်တော့ ကျွန်တော်ရယ်၊ မော်ဒယ်လေးယောက်ရယ်၊ နိုင်သင်းကြည်ရယ်ကလွဲရင် ကျန်တဲ့လူတွေက လူဝကြီးတွေချည်းပဲ။ ကိုမိုးပွားနဲ့ ကိုဌေးဝင်းက ဘယ်သူပိုဝမယ်ဆိုတာ ရုတ်တရက် ပြောရ မလွယ်ဘူး။ ပြီးတော့ Producer ကလည်း သိပ်မဝပေမယ့် ထောင်ထောင်မောင်းမောင်းပါ။ ပြီးတော့ မော်ဒယ်လ်လေးယောက်နဲ့ပါလာတဲ့ သူတို့အမေနှစ်ယောက်ကလည်း မြန်မာနိုင်ငံက အသက်ကြီးကြီး(၅၀)ခန့် မိန်းမကြီးတွေထုံးစံအတိုင်း ဝဝကြီးတွေပါပဲ။ ကိုမိုးပွားဖြစ်ဖြစ်၊ ကိုဌေးဝင်းပဲ ဖြစ်ဖြစ် ရုတ်တရက် ထလိုက်ရင် လှိုင်းအရှိန်နဲ့ စက်လှေ မှောက်သွားနိုင်ပါတယ်။ ဒါကြောင့် မောင်မိုးက အော်တာကိုး…။

ကယ်မယ့်လှေ ထွက်သွားပြီ။ ပန်ကာက လုံးဝ မောင်းလို့မရတော့။ လှိုင်းကကြီးပြီး မှောင်လာနေပြီ။ ကျွန်တော်တို့ ဘယ်လိုဖြစ်မယ် ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူး။

အဲဒီအချိန်မှာ နိုင်သင်းကြည်က ရှေ့ကနေ နောက်ကို မထေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လာပြီး လူတွေကို လိုက်အားပေးပါတယ်။

"ညီမလေးတို့ ကြောက်နေလား…၊ မငိုနဲ့…ဟိုလေ့ ပြန်လာမှာ၊ အန်တီ မူးနေပြီလား၊ ရှူဆေးရှိတယ် ယူမလား။ ဦးငွေကြီး မကြောက်နဲ့ ကျွန်မ ရေကောင်းကောင်း ကူးတတ်တယ်…။ ရေထဲကျရင် ဦးငွေ ကိုယ်က ပေါ့ပေါ့လေး… စသည်ဖြင့် လျှောက်ပြောပါတယ်။ သူ့မျက်နှာ မှာလည်း ဘာစိုးရိမ်သောကမှ မရှိပါဘူး။ မြေပြင်ပေါ်မှာဆိုရင် ဘာမှ မထူးခြားတဲ့စကားတွေပေမယ့် အခုလို အချိန်မှာ သူ ဒီလိုပြောတာတော့ တော်တော်ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ယောက်ျားရင့်မကြီးတွေတောင် စကားတစ်ခွန်းမှ မပြောနိုင်တော့တဲ့ အချိန်မျိုးမှာ သူက ဘာမှမဟုတ်ဘဲ လျှောက်နောက်နေနိုင်တဲ့အထိ ဆိုတော့ တော်တော်ထူးခြားပါတယ်။

ဦးငွေဝင်းအနားမှာ မော်ဒယ်လ်လေးယောက် ရှိပါတယ်။ နှစ်ယောက်က အန်နေပါပြီ။ ကျန်တဲ့နှစ်ယောက်က ငိုနေကြတယ်။ အမေဝဝကြီးနှစ်ယောက်က ဦးငွေဝင်း ဘောင်းဘီစကို ဆွဲပြီး ကုန်း ကုန်းကြီး။ တစ်ယောက်က ငိုသံ ကြောက်သံတွေနဲ့ ဘုရားစာ ရွတ်နေကြ တယ်။

ကျွန်တော်လျှောက်ကြည့်တော့ လေ့ဦးက ကိုမီးပွားထိုင်တဲ့ နေရာနားမှာ ဘောတစ်လုံး တွေ့ပါတယ်၊ဒါပေမယ့် အဲဒီဘောက ကိုမီးပွား နဲ့အနီးဆုံးမှာ ရှိနေတယ်။ ကျွန်တော် နောက်ထပ်ရှာပေမယ့် မတွေ့တော့ပါ ဘူး။ စိတ်လှုပ်ရှားလာတာနဲ့ ကျွန်တော်လည်း လှိုင်းနဲ့ လှုပ်နေတဲ့ထဲမှာ လန်ဒန်တစ်လိပ် ရအောင်ထုတ်ပြီး မီးညှိရပါတယ်။ မောင်မိုးက လှမ်းခေါ် တယ်။ လေ့ဘောင်ကို ကိုင်ထားပေါ့လေ…။

အဲဒီအချိန်မှာ ကိုမီးပွားက ထပြောပါတယ်။

"ကျာနယ်တွေတော့ အလုပ်ဖြစ်ပြီကွာ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးဌေးက လှမ်းအော်ပြီး မပြောဖို့ ပြောပါတယ်။ ဟုတ်ပါတယ်လေ...၊ ဒီစက်လှေ နစ်လို့ကတော့ အနည်းဆုံး နစ်လ၊ သုံးလလောက်တော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေအတွက် သတင်းကောင်း မဟုတ်လား။ ပါတဲ့လူတွေက ရေးလို့ကောင်းမယ့် လူတွေချည်းပဲကိုး...။

နိုင်သင်းကြည်ကတော့ ရှေ့ကနောက်ကို ရွှေ့လိုက်၊ ရှူဆေးပေးလိုက်၊ အန်နေတဲ့လူတွေကို နှိပ်ပေးလိုက်၊ ကြောက်နေတဲ့လူတွေကို စလိုက်နဲ့ပါ။ ကိုမိုးကလည်း ပွဲကို လာသမျှလှိုင်းတွေဘက် တည်ပေးနေပါတယ်။

ကိုဌေးဝင်းက ဒီနေ့ညနေမှာ သူ့မိသားစု ရောက်မှာတဲ့။ ဝါ သူတို့ကိုခေါ်တာ ငိုနိုင်းဖို့များ ဖြစ်နေပြီလားလို့ စဉ်းစားတယ်။ ပြီးတော့ သူ့ဘေးနားက မော်ဒယ်လ်အမေ မိန်းမဝဝကြီး ကြောက်လန့်ပြီး ထရင်ပခုံးကိုဖိပြီး ထိုင်ဖို့ ကြိုးစားမလို့ သူ့လက်တစ်ဘက်ကို အသင့်ပြင်ထားတယ်။ ကျွန်တော်လည်း လန့်ပြီး ဘာလုပ်ရမှန်း မသိတော့ပါဘူး။ လူတွေကိုပဲ လိုက်ကြည့်နေမိတယ်။

အလင်းရောင်က တဖြည်းဖြည်း လျော့လျော့လာပါပြီ။ ချောင်းသာကမ်းခြေကို လှမ်းမမြင်ရတော့ဘူး။ ပြန်သွားတဲ့စက်လှေကလူတွေ ကမ်းပေါ်ရောက်၊ ဘန်ဂလိုတွေဆီပြန်သွားရင်တော့ ပြဿနာပဲ၊ ဒါပေမယ့် ကျွန်တော်တို့ရောက်ချိန်အထိ ရောက်မလာရင်တော့ သူတို့ လာရှာမှာပဲ။ ဒါပေမယ့် မောင်မိုးက စိုးရိမ်တဲ့အသံနဲ့ လှမ်းအော်ပါတယ်။

"မှောင်သွားမှရောက်လာရင် ရှာလို့မလွယ်ဘူးဗျ။ ရေပြင်ဟာ မြေပြင်လို ရှာရမလွယ်ဘူး။ ပြီးတော့ မှောင်သွားရင် ကျောက်တန်းတွေကို ကျွန်တော်တို့ မြင်ရတော့မှာ မဟုတ်ဘူး"

အဲဒီစကားကြောင့် ကြိတ်ငိုတဲ့အသံတွေက ကျယ်လောင်ငိုသံတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတယ်။ လူတွေမျက်နှာလည်း တော်တော်ပျက်ကုန်ကြတယ်။ နိုင်သင်းကြည်လည်း နည်းနည်း အသံတိတ်သွားတယ်။ ကျွန်တော်က ရှိနေတဲ့ သတိကလေး နည်းနည်းနဲ့ တွက်ကြည့်တော့ အလင်းရောင်က နောက်ထပ် ၄၅ မိနစ်လောက်ပဲ ကျန်တော့မှာပါ။ ဟိုကလှေ အခုထွက်ပြီး ကျွန်တော်တို့ဆီကို လာမှကို ရတော့မှာ...။

ကမ်းပေါ်မှာ ရေးမပြီးသေးတဲ့ ကျွန်တော့်ဇာတ်ညွှန်းတွေကို ပြေးသတိရတယ်။

ဘာသာရေးအရ လူဟာ နောက်ဆုံးအချိန်မှာ ကိုယ်နဲ့ပတ်သက်ခဲ့တဲ့အရာတွေကို သံယောဇဉ် တွယ်တတ်ကြ၊ စွဲလမ်းကြတယ်ဆိုတာ သေချာပါတယ်။ ကျွန်တော့်အတွေးတွေဟာ ဒီစက်လှေနဲ့ ဒုက္ခတွေအပေါ်မှာ မရှိကြဘူး။ ကမ်းပေါ်က ဇာတ်ညွှန်းတွေ၊ မိသားစုတွေ၊ ဂျာနယ်တွေပေါ်ကို ရောက်နေတယ်။

အဲဒီမှာ ဝမ်းသာအားရ ကိုမီးပွားရဲ့အသံကြီးကို ကြားရပါတယ်။ လှေလာပြီ...စက်လှေလာနေပြီတဲ့။ ဝမ်းသာပြီး ထမရပ်ကြဖို့ သတိပေးရပါတယ်။ ရင်ထဲမှာ ပူပြီးနစ်နေတဲ့ စိတ်ကြီး ချက်ချင်းပေ့ါပြီး ခန္ဓာကိုယ်တစ်ခုလုံး ဘယ်လိုဖြစ်မှန်းကို မသိတော့ပါဘူး။ အဲဒီတော့မှ ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်နေပါတယ်။ အစက လုံးဝ မတုန်ပါဘူး။ ဘာသဘောလဲတော့ ကျွန်တော် မပြောတတ်ဘူး။

ကယ်မယ့်စက်လှေက ကျွန်တော်တို့စက်လှေနားကို ရောက်လာပေမယ့် ရပ်ဖို့ တော်တော်မလွယ်ဘူး ဖြစ်နေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပင်လယ်ထဲမှာ လှိုင်းက ရှိနေတာကိုး။ ညနေခင်းမှာ ပင်လယ်ဟာ လေရောက်ပြီး လှိုင်းမြူးတာ မဟုတ်လား။ ကမ်းစပ်မှာဆိုရင် ညနေခင်းမှာ ဝုန်းဝုန်းဆိုတက်လာတဲ့ လှိုင်းတွေကိုစောင့်ပြီး လှိုင်းစီး။

www.burmeseclassic.com

www.burmeseclassic.com



ရေကူးလို့ သိပ်ကောင်းပေါ့။

ဒါပေမယ့် ကျွန်တော်တို့က စက်လှေနှစ်စင်းပေါ်မှာ ရောက်နေတော့ အဲဒီလှိုင်းက ကြောက်စရာကောင်းလောက်အောင်ကို ဒုက္ခပေးနေတယ်။ စက်လှေနှစ်စင်း ကပ်လိုက်ရင် “ဂွမ်း”ခနဲ လှေဘောင်နှစ်ခု ရိုက်တယ်။ ဟိုဘက်ဒီဘက် ပစ်ပေးထားတဲ့ ကြိုးတွေနဲ့ ကန့်ဆွဲထားပေမယ့် အခြေအနေက တော်တော်မလွယ်တာပါ။ စက်လှေအောက်ကို လှိုင်းပြေးဝင်သွားတဲ့အချိန်မှာ စက်လှေနှစ်စင်းဟာ မြောက်တက်သွားပြီး လှေနံချင်း ဂွမ်းခနဲရိုက်…၊ လှိုင်းပြေးထွက်သွားတော့ လှေနှစ်စင်းက မြောက်တက် နေရာက ဝုန်းခနဲပြန်ပြုတ်ကျပြီး လေးပေလောက် ဝေးသွားပြန်တယ်။ ပင်လယ်ထဲဆိုတော့ လှိုင်းကလည်း ငါးစက္ကန့် တစ်ကြိမ်လောက် စက်လှေအောက်ကို တိုးတိုးဝင်နေတော့ လှေနံရိုက်သံက တဂွမ်းဂွမ်းပါပဲ။

ဒုက္ခတစ်ခုကနေ အခုပဲ လွတ်လာတဲ့ ကျွန်တော်တို့အဖွဲ့ဟာ ဒုက္ခအသစ်တစ်ခုကို ချက်ချင်း ရင်ဆိုင်ရပြန်တယ်။ ဒီဘက်စက်လှေကနေ ဟိုဘက်စက်လှေပေါ်ကိုလည်း တက်ချင် (ရောက်သွားရင် ကိုယ့်အတွက် လုံးဝ စိတ်ချရပြီကိုး) ရှေ့မှာ ပူးလိုက်၊ ကွာလိုက်၊ မြောက်တက်လာလိုက်၊ ပြန်ကျသွားလိုက်ဖြစ်နေတဲ့ လှေနံတွေကိုလည်းကြောက်နဲ့ အော်ကြဟစ်ကြ၊ သတိပေးကြ စုံနေတာပါပဲ။

ကျွန်တော်တို့စက်လှေကို လာကယ်တဲ့စက်လှေနဲ့ ဆွဲသွားဖို့ကျတော့လည်း မဖြစ်ဘူး။ လာခေါ်တဲ့စက်လှေက တော်တော်သေးနေတယ်။ အဲဒီတော့ ရအောင်ကူး။ ပြုတ်ကျသွားရင် ကံမသကာ ဖြစ်သွားမယ်ပဲ။ ကျွန်တော်တို့ ကူးချိန်ဟာ လှေနံနှစ်ခု ဂွမ်းခနဲရိုက်တဲ့အချိန်ပါ။ ကူးမယ့်လူဟာ လှေနံနှစ်ခုအစပ်မှာ ကိုယ့်ကိုယ်ကို ထိန်းရင်းရပ် ကွာနေ

www.burmeseclassic.com

www.burmeseclassic.com



လှေနံနှစ်ခု ပြောက်တက်ပြီးသွားဆဲမယ့်အချိန်မှာကူး...ဒါပဲ။ တိုင်မင် (Tining) မမှန်လို့ လုံးဝမဖြစ်ဘူး။

အဲဒီမှာ အံ့ဩဖို့ကောင်းတာက ကျွန်တော်တို့ ယောက်ျားလေးတွေသာ အခြေအနေကို တွက်ချက်ပြီး ကြောက်နေကြတာ၊ မိန်းကလေးတွေက ကူးသွားလိုက်တာ ဟုတ်နေတာပဲ။ ကျွန်တော့် စိတ်ထင်တော့ မိန်းကလေးတွေဟာ သတ္တိ ကျွန်တော်တို့ထက်ကောင်းလို့ မဟုတ်ပါဘူး။ လှေပေါ်မှာနေရမှာကို ကျွန်တော်တို့ထက် ကြောက်လို့ပါ။ ဒီလိုနဲ့ ဝုန်းခနဲ၊ ဝုန်းခနဲ ဟိုဘက်ရောက်သွားတဲ့ လူတွေကို ကြည့်ပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ် မွေးရတာပါပဲ။

"နေဦး...နေဦး၊ စောင့်...စောင့်"

"ရိုက်တော့မယ် ကူးကူး"

ကျွန်တော် ပထမအကြိမ် မကူးရဲပါဘူး။ သေမယ့်ဘေးနဲ့ နီးနေတာတောင် လှေနဲ့အရိုက်မှာ မကူးရဲဘဲ ဒူးတုန်နေတဲ့ကျွန်တော့်ကို ဝိုင်းရယ်ကြတယ်။

"သတ္တိမရှိဘူးလား၊ ကူးလေ"

"ဒီဘက်ရောက်ရင် လိုမ့်သာချလိုက်"

လှေအဆင်း မြင်းအတက်ဆိုတော့ တော်တော့်ကို ကြောက်စရာကောင်းပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာ အားလုံး ဝိုင်းဆွဲကြ၊ ထိန်းကြနဲ့ ရောက်သွားပါတယ်။

ဖိုးကုလားကျွန်းအစပ်ကို ရောက်တော့ ဒီတစ်ခါ မြေကြီးကို နင်းရတဲ့အရသာဟာ ကျွန်တော့်တစ်သက်မှာ အရသာအရှိဆုံးပါပဲ။ ကမ်းပေါ်ရောက်လို့ ရွှေပင်လယ်စားသောက်ဆိုင်ကို ရောက်မှပဲ ပြောနိုင်ကြ၊ ရယ်နိုင်ကြ တစ်ယောက်နဲ့တစ်ယောက် ဆဲကြ၊ ပြောကြ နေနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ကျွန်တော်ကတော့ နောက်နေ့ ပင်လယ်ကြီးကို မကြည့်ရဲအောင် ဖြစ်သွားတယ်။

ရန်ကုန်မှာ ပြန်တွေ့ကြတော့ အဲဒီအဖွဲ့ထဲကလူတွေကို သဲမြ ကျွန်း သွားမလားဆိုရင် ပခုံးတွန့် လက်ခါပြီး ကြောက်လန့်တကြား ရယ်မောပြီး ငြင်းတတ်ကြပါတယ်။ ဘာမှမဖြစ်တော့ ရယ်စရာပဲ ကျန်ခဲ့တာ ပေါ့လေ…။ ဒီလိုပါပဲ ဘယ်ဒုက္ခ၊ ဘယ်ပြဿနာပဲဖြစ်ဖြစ် ပြီးသွားရင် ရယ်စရာပဲ ကျန်ခဲ့တတ်ပြီး အဲဒီရယ်မောစရာကို ပြောရင်း ပျော်တတ် တာ မြန်မာလူမျိုးတွေရဲ့ သဘာဝပါ။

ဒီအဖြစ်မှာ ကျေးဇူးတင်စရာ အကောင်းဆုံးကတော့ လွင်မိုးနဲ့ နိုင်သင်းကြည်ပါ။ ဖြစ်ခဲ့တဲ့အဖြစ်အပျက်က နာရီဝက်လောက်ပဲ ရှိပေမယ့် ဖတ်ရ အဆင်ပြေအောင် ကျွန်တော်တို့ရင်ဆိုင်ခဲ့သလို ခံစားနိုင်အောင် အစီအစဉ်ကလေးနဲ့ ကျွန်တော် အမှတ်တရ ရေးဖြစ်ပါတယ်။

✿✿✿

နိုကိုရဲ

www.burmeseclassic.com